The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 6 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 6 , 2017



## ဒီလိုလေးပြောနေရုံနဲ့... ပြီးမှာလားမောင်ရေ...

နံနက်စောစာစားဖို့ ကိုယ့်မြို့မှာရှိတဲ့ မုန့်တီဆိုင်ကို ဝင်ထိုင်မိပါတယ်။ ကိုယ်နှစ်သက်ရာကို မှာပြီးစားနေတုန်းမှာ စားသုံးသူတစ်ယောက် ဝင်လာပါတယ်။ ဆိုင်ရဲ့စားပွဲတွေမှာ လူပြည့်နေလေတော့ နေရာလွတ်နေတဲ့ ကိုယ့်စားပွဲကို ခွင့်တောင်းပြီး လာထိုင်ပါတယ်။

စာမျက်နှာ - ၁၅ ➢

# ယခုနှစ်ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၂ သန်းခန့် တင်ပို့နိုင်ပြီး ယခင်နှစ်ထက်ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ပိုမိုတင်ပို့နိုင်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒ ၁၂ ရပ်အနက် "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်စုံညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာ ကိုက်ညီသည့် စီးပွားရေး

စာမျက်နှာ - ၁၂ ➢

■ မော်တော်ယာဉ် အရောင်းစင်တာနှင့် အရောင်းပြခန်းကတ်များအတွက် ကောက်ခံမည့် နှုန်းထားများ ထုတ်ပြန်

စာမျက်နှာ - ၈ ➢

■ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်သက်တမ်းတိုး နောက်ကျခြင်းအတွက် ကောက်ခံမည့် နှုန်းထားများ ထုတ်ပြန်

စာမျက်နှာ - ၈ ➢






# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အီတလီနိုင်ငံ၊ ရောမမြို့၌ ကျင်းပသော MYANMAR COUNTRY PRESENTATION သို့ တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက်တွင် အီတလီနိုင်ငံ ရောမမြို့ အီတလီနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ရုံးချုပ်၌ ကျင်းပပြုလုပ်သည့် Myanmar Country Presentation Program အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

Myanmar Country Presentation Program အခမ်းအနားကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ အီတလီနိုင်ငံရှိ ကုမ္ပဏီများအား မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး အလားအလာများကို ကူးသန်းရောင်းဝယ်ရေးဆိုင်ရာရှုထောင့်မှ ထုတ်ဖော်ပြသနိုင်ရန်ဖြစ်ပြီး ရန်ကုန်မြို့ရှိ အီတလီနိုင်ငံသံရုံး၊ အီတလီနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် အီတလီနိုင်ငံ ကုန်သွယ်ရေးအေဂျင်စီတို့ပူးပေါင်း၍ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပွင့်လင်းမြင်သာမှုကို အခြေခံ၍ နိုင်ငံတကာနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ကောင်းမွန်ရေး၊ ပြည်သူအချင်းချင်းဆက်ဆံရေး၊ အစိုးရချင်းဆက်ဆံရေးများ တိုးတက်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခွင့်အလမ်းများ များစွာပိုင်ဆိုင်ထားသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေပါကြောင်း၊ စီးပွားရေး တိုးတက်မှုကို ဖော်ဆောင်ရာတွင် ပို့ကုန်မြှင့်တင်နိုင်ရေးသည် အဓိကအချက်ဖြစ်ပါကြောင်း၊ ပို့ကုန်တိုးလာခြင်းဖြင့် နိုင်ငံအတွက် အခွန်ဘဏ္ဍာငွေများရရှိနိုင်သလို ပြည်တွင်းထုတ်လုပ်သူများ အကျိုးရှိနိုင်မည်ဖြစ်ပြီး၊ အလုပ်အကိုင် အခွင့်အလမ်းများလည်းတိုးလာနိုင်ပါကြောင်း၊ ပို့ကုန်တိုးမြှင့်ရန်အတွက် လယ်ယာလုပ်ငန်းနှင့် SME Sector ကို အထူးအားထားနေရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အခြေအနေများနှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦး လိုအပ်ချက်နှင့်ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေအနေများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် အီတလီနိုင်ငံမှ စွန့်ဦးတီထွင် လုပ်ငန်းရှင် ၂၀၀ ကျော်တို့နှင့် လုပ်ငန်းရှင်များ အချင်းချင်းအကြား Business to Business Meeting လည်း ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ရာတွင် ရန်ပုံငွေနှင့် နည်းပညာအကူအညီရရှိရေး (Round Table Meeting of Implementing Partners) အစည်းအဝေး ကျင်းပ




အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် ရန်ပုံငွေနှင့် နည်းပညာအကူအညီ ရရှိရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် အမျိုးသားပို့ကုန် မဟာဗျူဟာကဏ္ဍ ၁၁ ခု၏လုပ်ငန်းအဖွဲ့ဝင်များက ကဏ္ဍအလိုက် လက်ရှိဆောင်ရွက်နေမှုများမှ တိုးတက်မှုအခြေအနေများနှင့် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရေးဆွဲထားသည့် စီမံကိန်း အဆိုပြုလွှာ (Project Proposal)များ အကြောင်းကို အကျဉ်းချုပ်တင်ပြကြပါသည်။ ထို့ပြင် အမျိုးသား ပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ခြင်းဆိုင်ရာ ရန်ပုံငွေနှင့်နည်းပညာအကူအညီရရှိရေးအတွက် နိုင်ငံတကာသံရုံးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ၊ အခြားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို Bilateral meeting (B2B Style) ပုံစံဖြင့် အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းဆိုင်ရာ လိုအပ်သော ရန်ပုံငွေနှင့် နည်းပညာ အကူအညီရရှိရေးအတွက် စီမံကိန်းအဆိုပြုလွှာ (Project Proposal) ရေးဆွဲကာ ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးကော်မတီတို့၏ အတည်ပြုချက်များ ရရှိပြီးနောက် မြန်မာနိုင်ငံ အခြေစိုက်ဖွံ့ဖြိုးမှုမိတ်ဖက်များကို ဖိတ်ကြား၍ Round Table Meeting of Implementing Partners အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။

Round Table Meeting of Implementing Partners အခမ်းအနားသို့ နိုင်ငံတကာသံတမန် အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၀ ဦးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှကိုယ်စားလှယ် ၈၀ ဦး၊ စုစုပေါင်း ၁၁၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 17, No.6 Monday February 6 2017

# ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်သစ်ဦးဆောင်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချော အသစ်သာ အဝင်ရှိပြီး ဆန်ဟောင်းအဝင်မရှိသလို ဈေးကွက်လည်းမရှိတော့ကြောင်း ဆန်သစ်ကပဲ ဈေးကွက်ကို ဦးဆောင်နေပြီး အရောင်းအဝယ်ဖြစ်နေတယ်လို့ ရန်ကုန် ဝါးတန်း ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ယခုတစ်ပတ် ဆန်ချောအသစ်ရဲ့လက်ကားဈေးနှုန်းများမှာ ဖျာပုံပေါ် ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၀၀၀၀၊ လတ်စတစ်အိတ်ကျပ် ၂၉၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ် ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ နယ်စုံကျိုက်လတ် ပေါ် ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၂၈၀၀၀၊ လတ်စတစ် အိတ် ကျပ် ၂၇၀၀၀၊ ရွှေဘိုပေါ် ဆန်းတစ်အိတ် ကျပ် ၃၄၀၀၀ မှ ကျပ် ၃၆၅၀၀ ဈေးရှိပါတယ်။ ဆန်အဝင်ကတော့ ပုံမှန်ပဲရှိနေပြီး အရောင်းအဝယ်လည်း ပုံမှန်ပဲရှိတယ်လို့သိရပါတယ်။

ဆန်ကြမ်းအသစ်ဧည့်မထ ထိပ်စတစ်အိတ် ကျပ် ၁၈၀၀၀၊ လတ်စတစ်အိတ်ကျပ် ၁၇၀၀၀၊ နှံ့သီးထပ်ရှယ် (အဟောင်း) တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နှံ့ဆန်ရက်(အဟောင်း) တစ်အိတ်ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀၊ မနောသုခ(အဟောင်း) တစ်အိတ် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ်တစ်အိတ် ကျပ်၁၅၀၀၀ မှ ကျပ် ၁၆၀၀၀၊ ဆန်ကြမ်းအသစ်ရှယ် တစ်အိတ်ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀ ဈေးရှိပါတယ်။

ဆန်ကြမ်းကအဝင်လည်း ပုံမှန်ရှိနေသလို အရောင်းအဝယ်လည်း ပုံမှန်ပဲရှိတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။ ဆန်သစ်ဆိုသော်လည်း ယခုအချိန်မှာ အဟောင်းနီးပါးဖြစ်လာပြီဖြစ်တဲ့အတွက် အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဖေဖော်ဝါရီလဆန်း ၁ ရက်မှာ ဒိုင်စဖွင့်သော်လည်း ကုန်သည်တွေရောက်မလာသေးကြောင်း ဆန်ဈေးနှုန်းလည်း အသစ်မထုတ်ပြန်သေးကြောင်းနဲ့ ယခင်အဟောင်းဈေးနှုန်းအတိုင်းသာရှိနေသေးကြောင်း သိရှိရပါတယ်။ ယခင်ဈေးနှုန်းအတိုင်း မှော်ဘီနဲ့ စူပါဧည့်မထ ၅ မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ၁၀ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၄ ယွမ်၊ ၂၅ မှတ်တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ်၊ ၃၅ မှတ်တစ်အိတ် ၁၀၉ ယွမ်မှ ယွမ် ၁၁၀၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၇ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၆ ယွမ်ဖြစ်ပါတယ်။မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ဆန်တန် ချိန် ၁၅၉၆၀ ရှိပါတယ်။ ဖေဖော်ဝါရီ ၃ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၄ကျပ် ဈေးပေါက်တယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**

# မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့

ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ စခန်းများမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၁၆ သန်းဖိုးရှိ ဆန်တန်ချိန် ၃၃၃၇၇တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှု ပိုမိုခဲ့ပြီး မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၁၁၀၀၊ ဧည့်မထဆန် ၁၈၀၄၃ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၀၂ တန်ကျော်၊ ဧည့်မထ ဆန် ၃၈၁ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် တန်ချိန်၁၃၆၅၀ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်၃၁၁၇၅တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၂၂၀၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်သာမက ဆန်ကွဲလည်း ပိုမိုတင်ပို့ခဲ့ကြောင်းသိရှိရပါတယ်။ အမေရိကန်ဒေါ်လာသုည ဒသမ ၈၉၆ သန်းဖိုးရှိ ဆန်ကွဲ ၃၄၈၆ တန်ကျော် တင်ပို့ပြီး မူဆယ်မှ ဆန်ကွဲ ၂၁၆၈ တန်ကျော်နဲ့လွယ်ဂျယ်မှ ၁၃၁၈တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၃၃၁၁တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၇၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှု ဇန်နဝါရီ ၂၂ ရက်မှ ၂၈ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၆ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၅၂၁၅ တန် တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၃၀၀၀ နဲ့ ငစိန်ဆန် တန် ၅၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀၊ သီရိလင်္ကာနိုင်ငံသို့ ငစိန်ဆန် တန် ၁၅၀ နဲ့ ဧည့်မထဆန် တန် ၂၄၀၊ အီးယူနိုင်ငံ များသို့ ပေါင်းဆန် ၂၅ တန်၊ ဇီယာဆန် ၄၂၅ တန်နဲ့ဧည့်မထ ဆန် ၁၀၇၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၁၇၇၀၀တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၁၂၄၈၅တန် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုအနေနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၀၂ သန်းဖိုးရှိ ဆန်ကွဲ၆၇၀၁ တန် တင်ပို့တဲ့အနက် ကင်မရွန်းနိုင်ငံသို့ ၁၇၆ တန်၊ သီရိလင်္ကာနိုင်ငံသို့ တန် ၁၉၅၀နဲ့ အီးယူနိုင်ငံများသို့ ၄၅၇၅ တန် တင်ပို့ခဲ့တာဖြစ်ပြီး ယခင်တစ်ပတ်က ၆၃၇၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၂၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်ဆန်/စပါး ဈေးကွက်နယ်အဝင်ရှိတာကြောင့် ဈေးအနည်းငယ်လှုပ်လာ

ဇန်နဝါရီ နောက်ဆုံးပတ်အထိ ဈေးငြိမ်နေတဲ့ ပြည်ဆန်၊ စပါးဈေးကွက်တွင် စပါးရော ဆန်ဈေးပါ အနည်းငယ်လှုပ်လာတယ်လို့ ဆန်၊ စပါးရောင်းဝယ်ရေးအဖွဲ့က ပြောပါတယ်။ ဒေသတွင်းရော နယ်ကိုပါ ရက်သတ္တတစ်ပတ်အတွင်း ၁၂ ဘီးကား နှစ်စီး သုံးရက်ခြား နှစ်ကြိမ် တင်ပို့ရကြောင်းလည်း သိရှိရပါတယ်။ ယခုဖေဖော်ပါရီလ ပထမပတ်အတွင်း ဧည့်မထအသစ် အုပ်စုထဲတွင် ရတနာတိုး၊ ကရင်မနှင့် ကျော်ဇေယျစပါးတို့ အဝယ်လိုက်လာပြီး စက်များတွင် ကြိတ်ခွဲသမျှနေ့စဉ် အရောင်းအဝယ် အကုန်ဖြစ်ကြောင်းလည်းသိရပါတယ်။



ပြည်ပွဲရုံများရဲ့ ဆန်၊ စပါးပေါက်ဈေးမှာ ၄၆ ပေါင်ကိုက်တင်း ၁၀၀ ကို (ပျော့စ) ဆင်းသွယ် ကျပ် ၄၆၉၂၀၀၊ မှော်ဘီ ကျပ်၄၈၇၆၀၀ နှင့် (အမာစ) ကရင်မ ကျပ် ၄၈၇၆၀၀၊ရတနာတိုး ကျပ် ၄၃၂၄၀၀၊ ကျော်ဇေယျ ကျပ် ၄၁၄၀၀၀ တို့ ဖြစ်ပါတယ်။ ဆန်တစ်အိတ်ဈေးနှုန်းကတော့ ဆင်းသွယ်/ မှော်ဘီ ကျပ်၂၁၀၀၀၊ ကရင်မ ကျပ်၁၈၀၀၀၊ ရတနာတိုး ကျပ်၁၇၅၀၀ နှင့် ကျော်ဇေယျကိုတော့ ၃၀ ဒသမ ၇၅ ပိဿာ တစ်အိတ်ကို ကျပ် ၁၈၂၀၀ဖြင့် တင်ပို့ရကြောင်းလည်း သိရပါတယ်။

နတ္တလင်း၊ ဇီးကုန်း၊ ပေါင်းတလည်ဘက်မှ ထွက်ရှိသော တောင်ပျံမွှေး (သစ်) များဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်နေပြီဖြစ်၍ တင်း ၁၀၀ (၄၆ ပေါင်ကိုက်) တောင်ပျံမွှေး စပါး ကျပ် ၆၉၀၀၀၀၊ ဆန်တစ်အိတ်ကို (အသစ်) ဈေး (လတ်စ) ကျပ် ၂၈၀၀၀၊ (ထိပ်စ) ကျပ် ၂၉၀၀၀ တို့ဖြင့်ဒေသတွင်း အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။ နယ်သို့ တင်ပို့မှု လုံးဝမရှိသေးကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၀ | ၃၉၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၇ | △ | ၃၅၀ | - | - | ၃၅၅ | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၁၀% | ၇၇၄ | ၇၆၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | - | - | - | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၂၅% | ၃၆၇ | ၃၆၈ | △ | ၃၃၅ | - | - | ၃၄၀ | - | - | ၃၂၅ | - | - |
| ပေါင်းဆန် | ၃၉၅ | ၃၉၇ | △ | - | - | - | ၃၄၀ | - | - | ၃၆၅ | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၃-၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၀၀ | ▽ | ၁၇၀၀၀ | △ | ၆၉၀၀ | ▽ | ၃၂၀၀၀ | ▽ |
| ပုသိမ် | ၄၂၃၀ | □ | ၁၇၅၀၀ | ▽ | ၆၈၃၀ | □ | ၂၈၀၀၀ | □ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၀၀၀ | □ | ၆၁၅၀ | □ | ၂၈၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၉၅၀၀ | □ | ၃၁၀၀၀ | □ |
| စစ်တွေ | ၃၇၅၀ | □ | ၁၆၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၆၀၀ | ▽ | ၁၈၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၀၀ | ▽ | ၁၇၀၀၀ | ▽ | - | - | ၂၇၀၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၁၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၁၉၅၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | □ | ၁၆၅၀၀ | □ | ၆၄၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၄၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | ▽ | - | - | ၃၂၀၀၀ | ▽ |
| ဘားအံ | ၄၇၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃၀-၁-၂၀၁၇ မှ ၃-၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 577 | 29,789,001.189 |
| 2 | Form D | 57 | 4,567,057.640 |
| 3 | Form E | 108 | 4,418,568.430 |
| 4 | Korea GSP | 11 | 604,579.270 |
| 5 | Form AK | 78 | 4,814,831.520 |
| 6 | Form AJ | 13 | 583,570.843 |
| 7 | Form AI | 53 | 1,988,597.140 |
| 8 | Form AANZ | 12 | 37,002.070 |
| 9 | Form DFTP | - | - |
| **Grand Total** | | **909** | **46,803,208.102** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃-၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၇/၁ | ၃/၂ | ပြောင်းလဲမှု | ၂၀/၁ | ၃/၂ | ပြောင်းလဲမှု | ၂၀/၁ | ၃/၂ | ပြောင်းလဲမှု | ၂၀/၁ | ၃/၂ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၆၅၄ | ၁၅၆၄ | ▼ | ၁၆၀၀ | ၁၅၃၃ | ▼ | ၁၄၀၀ | ၁၃၇၅ | ▼ | ၁၆၀၀ | ၁၅၃၅ | ▼ |
| ၂ ပဲစင်းငုံ | ၁၃၂၂ | ၁၂၇၀ | ▼ | ၁၂၆၇ | ၁၂၀၀ | ▼ | ၁၂၇၅ | - | - | ၁၂၅၅ | ၁၂၁၅ | ▼ |
| ၃ ပဲတီစိမ်း | ၁၂၃၀ | ၁၃၀၀ | ▲ | ၁၆၈၉ | ၁၆၅၃ | ▼ | ၁၂၈၉ | ၁၂၆၃ | ▼ | ၁၂၄၀ | ၁၂၁၀ | ▼ |
| ၄ ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၈၀၀ | ▲ | - | - | - | ၂၁၀၅ | ၂၁၀၅ | ■ | ၁၈၉၅ | ၂၁၀၅ | ▲ |
| ၅ ပဲလွန်းဖြူ | ၁၃၆၅ | ၁၃၆၅ | ■ | ၁၃၆၇ | ၁၃၆၇ | ■ | ၁၃၇၅ | - | - | ၁၆၅၅ | ၁၆၅၀ | ▼ |
| ၆ ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | ၁၆၈၉ | - | ၈၄၂ | ၈၉၅ | ▲ | ၇၆၅ | ၇၉၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃-၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၇/၁ | ၃/၂ | ပြောင်းလဲမှု | ၂၅/၁ | ၂/၂ | ပြောင်းလဲမှု | ၂၅/၁ | ၂/၂ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၇၈၀ | ၇၄၀ | ▼ | ၈၅၈ | ၈၁၆ | ▼ | ၉၀၉ | ၈၉၀ | ▼ |
| ၂ ပဲစင်းငုံ | ၆၀၀ | ၅၉၀ | ▼ | ၆၇၉ | ၆၅၆ | ▼ | ၇၁၁ | ၆၈၂ | ▼ |
| ၃ ပဲတီစိမ်း | ၆၇၀ | ၆၁၀ | ▼ | ၆၇၅ | ၆၆၇ | ▼ | ၆၇၅ | ၆၈၂ | ▲ |
| ၄ ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၉၅၀ | ▼ | ၉၂၄ | ၈၆၇ | ▼ | ၉၂၄ | ၈၆၀ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၁•၁•၁၇)ထိ | ယခုတစ်ပတ် (၂၈•၁•၁၇)ထိ | (၁•၁•၁၇) မှ (၂၈•၁•၁၇) ထိ |
| မတ်ပဲ | ၂၃၅၃၆ | ၃၇၅၅ | ၂၇၂၉၁ |
| ပဲတီစိမ်း | ၆၀၃၉ | ၂၅၆၂ | ၈၆၀၁ |
| ပဲစင်းငုံ | ၂၆၀၂ | ၁၁၃၅ | ၃၇၃၇ |
| ကုလားပဲ | ၁၇၀ | ၂ | ၁၇၂ |
| ပဲလွန်းဖြူ | - | - | - |
| မြေထောက်ပဲ | - | - | - |

## ရောဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေးကွက်တွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ လဆန်းပိုင်းဈေးထက် ဖေဖော်ဝါရီလဆန်း ၂ ရက်ဈေးနှုန်းမှာ လျော့ကျပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါတယ်။

ယခင်ဇန်နဝါရီလ လဆန်းက မိုးညော့်မထ ၄၆ပေါင် စပါးတင်း ၁၀၀ ကို ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အများစု တွင် စပါးဈေးနှုန်းမှာ ကျပ် ၅၀၀၀၀၀ မှ ကျပ် ၅၅၀၀၀၀၊ ကျပ် ၅၆၀၀၀၀ ဝန်းကျင်တွင် အရောင်းအဝယ် ဖြစ်ခဲ့သည်။ ယခု ဖေဖော်ဝါရီလဆန်းပိုင်းတွင် အဆိုပါမြို့နယ်များရှိ စပါးဈေးနှုန်းမှာ ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၂၀၀၀၀ မှ ကျပ် ၄၅၀၀၀၀၊ကျပ် ၄၆၀၀၀၀ ဝန်းကျင်သို့ ဈေးကျဆင်းခဲ့သည်။

ဇန်နဝါရီလအတွင်း ဆန်ဈေးမှာလည်း ၁၀၈ ပေါင် တစ်အိတ်ကို ၁၅၅၀၀ကျပ်မှ ကျပ် ၁၆၀၀၀၊ ၁၇၅၀၀ ကျပ်အတွင်းရှိခဲ့ပြီး ယခုလတွင် ပျမ်းမျှတစ်အိတ်လျှင် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ဈေးကျဆင်းလျက်ရှိကြောင်း၊ မိုးစပါးလှိုင်လှိုင်ပေါ်ချိန်ကဖြစ်ပေါ်ခဲ့သည့် စပါးဈေးနှုန်းမှာ တောင်သူများ တွက်ခြေကိုက်မှုရှိပြီး ယခုမိုးစပါးလက်ကျန် နည်းပါးလာချိန်တွင် ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ် အေးလာတာကြောင့်ဒေသတွင်းရှိမြို့နယ်အားလုံးမှာ ဈေးငြိမ်၊ ဈေးအေးလျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## မုံရွာပဲမျိုးစုံဈေးကွက်သို့ ပဲမျိုးစုံအသစ်များ ဝင်ရောက်မှုများ

ဖေဖော်ဝါရီလ ပထမပတ်အတွင်း မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံအသစ်များ ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲ များဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများအဝင်ရှိသလောက် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် မတ်ပဲသီးနှံတစ်တင်းပေါက်ဈေးမှာ (အထွက်တိုး) ၂၈၃၀၀ ကျပ်၊ (ကုန်း) ကျပ် ၃၁၃၀၀ နှုန်းပေါက်ပြီး နေ့စဉ်အိတ် ၂၀၀၀ ခန့်၊ ပဲစင်းငုံသီးနှံ တစ်တင်း (သစ်) ကျပ် ၂၄၇၀၀ နှုန်းပေါက်လျက် နေ့စဉ်အိတ် ၃၀၀၀ ခန့်၊ ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး၊ တစ်တင်း ပေါက်ဈေးမှာ (ကြီး) ကျပ် ၃၀၀၀၀၊ (သေး) ကျပ် ၂၃၇၀၀ နဲ့ နေ့စဉ်(ကြီး/သေး) အိတ် ၁၂၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်အသွက်ဆုံး သီးနှံများဖြစ်ကြောင်း သိရပါတယ်။

ဒေသတွင်းသုံးပဲဖြစ်တဲ့ ပဲလွန်းဖြူပြာအသစ်များလည်း ဝင်ရောက်လျက်ရှိရာ နေ့စဉ်အိတ် ၅၀၀ ခန့် အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးမှာ ပဲလွန်းဖြူ ကျပ် ၂၇၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၄၀၀၀ နှုန်း ပေါက်လျက်ရှိကာ ဒေသတွင်းသုံးအနေနဲ့ နေ့စဉ်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ဒေသတွင်းသုံးပဲဟောင်းလက်ကျန် ပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်းထောပတ်ပဲများမှာလည်း ဒေသတွင်းလုပ်ငန်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီး တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၉၀၀၀ နှုန်းနှင့် အိတ် ၁၀၀ ခန့်၊ V2 တစ်တင်း ကျပ် ၄၀၀၀၀၊ 929 ကျပ် ၃၈၀၀၀နဲ့နှစ်မျိုးပေါင်း အိတ် ၅၀၀ ခန့်၊ စွန်တာနီတစ်တင်း ကျပ် ၁၈၀၀၀ နှုန်းဖြစ်ပြီး အိတ် ၂၀၀ ခန့်၊ ပဲလုံးကြားတစ်တင်း ၂၁၅၀၀ ကျပ်နှုန်းနှင့်အိတ် ၁၀၀ ခန့်၊ ပဲယင်းတစ်တင်း ကျပ် ၁၄၅၀၀ နှုန်းနှင့်အိတ် ၇၀၀ ခန့်၊ ထောပတ်ပဲတစ်တင်း ကျပ်၁၇၀၀၀ အိတ် ၂၀၀ ခန့်၊ မြေထောက်ပဲတစ်တင်း ကျပ် ၂၉၀၀၀ နှုန်းနှင့် အိတ် ၃၀၀ ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ဈေးကွက်မှာ ဝယ်လက်အဆွဲရှိတဲ့အတွက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ နေ့စဉ်အိတ် ၇၀၀ ခန့် ဝင်ရောက်လျက် ရှိပြီး ယခုတစ်ပတ် မြေပဲလုံးဆန်တစ်ပိဿာဈေးနှုန်းမှာ လုံးဆန်ဖြူ ၂၃၇၅ကျပ်၊ ဆီဆန်ဖြူ ၁၉၀၀ ကျပ်၊ လုံးဆန်နီ ၂၃၂၅ ကျပ် အသီးသီးဈေးနှုန်းဖြစ်ပေါ်လျက်ရှိပါတယ်။ နှမ်း မျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်ပိဿာ ၂၁၆၇ ကျပ်ဖြစ်ပြီး တစ်ရက်အိတ် ၃၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာ ၂၉၃၃ ကျပ်နဲ့ အိတ် ၁၀၀ ခန့်၊ နှမ်းညိုတစ်ပိဿာ ကျပ် ၁၅၀၀ အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်- မုံရွာ**

## ပြည်မတ်ပဲအဝင်လှိုင်လာပေမယ့် ဈေးအေး

ပြည်ပဲဈေးကွက်သို့ ဖေဖော်ဝါရီလဆန်းပိုင်းတွင် မတ်ပဲသစ် အဝင်သွက်လာပြီဖြစ်လို့ တစ်ရက်အိတ် ၅၀၀ ကျော် ၆၀၀ အထိ ဝင်ရောက်ခဲ့ပြီး ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှ ဝင်ရောက်ခြင်းဖြစ်သလို ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်လာတာကိုလည်း တွေ့ရပါတယ်။ ဝယ်လိုအားအနေဖြင့် ရန်ကုန်ဝယ်လက်နေ့စဉ်ဝယ်ယူမှုရှိခဲ့လို့ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာ တစ်တင်း ကျပ် ၃၂၀၀၀ ဖြင့် ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး ပဲသစ်ဝင်စ ဇန်နဝါရီလဆန်းမှာ တစ်တင်း၃၇၅၀၀ ကျပ်ရရှိခဲ့လို့ ပဲအဝင်လှိုင်လာချိန်မှာတော့ ဈေးဆက်ကျမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလဆန်းပိုင်းတွင် ယခုနှစ်ကဲ့သို့ ပဲအဝင်လှိုင်ပေမယ့် ပဲဈေးမှာ တစ်တင်း ကျပ်ငါးသောင်းခန့် ရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း အဝင်ပါးသွားပေမယ့် ပုံမှန်အဝယ်ရှိ

ပြည်ပဲဈေးကွက်အတွင်း အဝင်လှိုင်လာတဲ့ ဆောင်းပဲသစ် အချို့ရှိခဲ့ကာ ပဲတီစိမ်းသီးနှံမှာ နိုဝင်ဘာ၊ ဒီဇင်ဘာလများမှစ၍ ပဲသစ်အဝင်ရှိလို့ ယခုအချိန်မှာတော့ ပဲထွက်ရှိမှု နည်းသွားပြီဖြစ်တာကြောင့် ပဲအဝင်တဖြည်းဖြည်းပါးလာခဲ့ပါတယ်။ ဒါကြောင့်တစ်ရက်အိတ် ၂၀၀ ခန့်သာ ဝင်ရောက်ခဲ့ပြီး ပန်းတောင်းနှင့် ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့သလို မန္တလေးလိုင်းသမားများ ပုံမှန်ဝယ်ယူကြပါတယ်။ ပဲတီစိမ်းသီးနှံဟာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများကဲ့သို့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်နေတာမျိုးမဟုတ်ဘဲ ပဲအထွက်လှိုင်ချိန်ရာသီများတွင်သာ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်တဲ့ပဲဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ပဲထွက်ပေါ်ချိန်မှစ၍ ယခုအချိန်ထိဈေးသိသိသာသာမြင့်တက်ခြင်းမျိုးမဖြစ်ခဲ့ဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဘိုကိတ်ပဲသီးနှံ လက်လီ၊ လက်ကား အဝယ်ရှိပေမယ့် ဈေးငြိမ်

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသီးနှံ တစ်ရက်အိတ် ၅၀ ကျော် ဝင်ရောက်ခဲ့လို့ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများကဲ့သို့ ပဲအရောင်းအဝယ်သွက်ပေမယ့် ဈေးကွက်အတွင်း လက်လီ၊လက်ကား အဝယ်ရှိတဲ့ပဲဖြစ်ခဲ့ပါတယ်။ပြည်-ရန်ကုန်ရထားလမ်း တစ်လျှောက်မြို့နယ်အချို့မှ ဝယ်ယူမှုရှိခဲ့ပြီး ပဲဈေးမှာ ဇန်နဝါရီလဆန်းပိုင်း ပဲသစ်ပေါ်စ အဖွင့်ဈေးထက် လျော့နည်းနေခဲ့တာကိုတွေ့ရပါတယ်။ ပဲသစ်အဖွင့်ဈေးမှာ တစ်တင်းကျပ် ၂၇၂၀၀ ထိ ဈေးဖွင့်ခဲ့ပြီး ပဲဝင်ရောက်မှု ပိုလာချိန်မှစ၍ တဖြည်းဖြည်း လျော့နည်းလာတဲ့အတွက် ယခုလဆန်းမှာ တစ်တင်း ကျပ် ၂၃၅၀၀နှင့် ကျပ် ၂၄၀၀၀အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာပဲဈေးကွက်တွင် ပဲစင်းငုံနီအထွက်လှိုင်လာ

မုံရွာပဲဈေးကွက်အတွင်းသို့ ပဲစင်းငုံနီများ အထွက်လှိုင်လာပြီဖြစ်ကြောင်းဈေးကွက်အတွင်းမှသိရှိရပါတယ်။အထွက်လှိုင်လာတဲ့အတွက် မုံရွာကုန်စည်ဒိုင်သို့ တစ်နေ့ကို ပဲစင်းငုံ အိတ်၂၀၀၀ကျော် ဝင်ရောက်လာပြီ ဖြစ်ပါတယ်။ ဝင်လာသမျှ ပဲစင်းငုံများ အရောင်းအဝယ်ဖြစ်နေပြီး တစ်တင်းကို ကျပ် ၂၅၀၀၀ဈေးရှိပါတယ်။ယခင်နှစ် ပဲစင်းငုံပေါ်ချိန်ကတစ်တင်းကို ကျပ်၄၅၀၀၀ မှ ကျပ် ၅၀၀၀၀နဲ့ ဈေးစဖွင့်ခဲ့သလို ပဲရာသီတစ်လျှောက်လုံးလည်း ဈေးကောင်းခဲ့တာကြောင့် ဒီနှစ်မှာ ပဲစင်းငုံကို တောင်သူတွေ အစိုက်များခဲ့ကြပါတယ်။

ဒါကြောင့် ဒီနှစ် ပဲစင်းငုံဈေးက ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ရင် ဈေးနိမ့်ကျနေခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာပဲစင်းငုံကို ယခင်နှစ်ကထက် စိုက်ဧက ၂၀၀၀၀ ခန့် ပိုမိုစိုက်ပျိုးခဲ့ပေမယ့်အထွက်နှုန်းနည်းခဲ့ကြောင်းသိရပါတယ်။ ဒီနှစ်မှာ ပဲစင်းငုံ စတင်သီးပွင့်ချိန်မှာ မိုးများခဲ့တဲ့အတွက် အခုလိုအထွက်နည်းခဲ့ရတာဖြစ်တယ်လို့မုံရွာမြို့နယ် အင်တိုင်းရွာမှ ပဲစင်းငုံစိုက်တောင်သူ ဦးသိန်းအောင်က ပြောကြားခဲ့ပါတယ်။

**အောင်မင်း (တန့်ဆည်)**

# ပြည်ပဲမျိုးစုံဈေးကွက် နှစ်ဆန်းပိုင်းကာလအရောင်းအဝယ်ဖြစ်ခဲ့သော ပဲဈေးနှုန်းအခြေအနေ

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်တွင်း၊ ပြည်ပ အရောင်းအဝယ်သွက်ခဲ့တဲ့ အဓိကပဲများရဲ့ ဈေးနှုန်းများကို နှစ်အလိုက် ကာလတူအချိန်အခြေအနေများကို လေ့လာရာမှာ ပဲဈေးအားလုံးလိုလို၂၀၁၆ ခုနှစ်နှစ်ဆန်းပိုင်းကာလက ဈေးနှုန်းများသာ ဈေးအမြင့်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပေမယ့် ၂၀၁၇ ခုနှစ်၊ နှစ်ဆန်းပိုင်းကာလမှာတော့ ပဲအားလုံးဈေးအေးနေတာကို တွေ့ရပါတယ်။ ယခုလို နှစ်ဆန်းပိုင်းတွင် ဆောင်းပဲသစ်များဈေးကွက်သို့ အဝင်လှိုင်လျက်ရှိပြီး မတ်ပဲ၊ ပဲစင်းငုံသီးနှံများ အရောင်းအဝယ်သွက်နေတာကို တွေ့ရပါတယ်။ ဈေးနှုန်းနှိုင်းယှဉ်မှုအရ အဆိုပါပဲနှစ်မျိုးမှာ ၂၀၁၅ နှစ်ဆန်းပိုင်းနှင့် ၂၀၁၇နှစ်ဆန်းပိုင်းတွင် ဈေးကွာခြားမှု သိပ်မရှိဘဲ ၂၀၁၆ ခုနှစ်အတွင်းကသာ သိသိသာသာဈေး မြင့်တက်ခဲ့ကြောင်း ဖော်ပြပါဇယားအရ တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှာ တစ်တင်း ကျပ် ၂၇၅၀၀ မှ ကျပ် ၂၉၀၀၀ အတွင်း ရရှိခဲ့ပြီး မတ်၊ ဧပြီလများမှစ၍ ပဲဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၎င်းနှစ်အတွင်း မတ်ပဲသီးနှံဟာ စံချိန်တင်ဈေးကောင်းခဲ့တာကိုတွေ့ရပါတယ်။ ၂၀၁၅ခုနှစ်တွင် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ပဲစင်းငုံသီးနှံများအနက် မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ ပဲတီစိမ်းသီးနှံဈေးကို မမီဘဲ နှစ်ဆန်းပိုင်းမှာ ပဲတီစိမ်းသီးနှံက ဈေးအမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ၂၀၁၆ခုနှစ် ပဲဈေးကွက်အတွင်း မတ်ပဲသီးနှံဈေးနှုန်းဟာ တစ်တင်းကျပ်ငါးသောင်းကျော်အထိ ရရှိခဲ့လို့ ဈေးအမြင့်ဆုံးရရှိခဲ့ပြီး ပဲသစ်များလည်း ဈေးကောင်းရခဲ့ကြပါတယ်။ ၂၀၁၇ခုနှစ်နှစ်ဆန်းမှာ ပဲသစ်များလည်း အဝင်လှိုင်လာပေမယ့် ပဲဈေးမှာဈေးငြိမ်၊ဈေးအေးခဲ့လို့ တစ်တင်းကျပ် ၃၂၅၀၀ မှ ကျပ် ၃၇၅၀၀ အတွင်းသာ အရောင်းအဝယ်ဖြစ်ပေမယ့် ပဲတီစိမ်း၊ပဲစင်းငုံသီးနှံများထက်တော့ ဈေးပိုရနေခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံမှာ နိုဝင်ဘာ၊ ဒီဇင်ဘာလများမှစ၍ ပဲသစ်ဝင်ရောက်ခဲ့ပြီးနောက် ယခုလိုကာလမျိုးတွင် ပဲအဝင်ပါးသွားချိန်ဖြစ်ကာ မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ကဲ့သို့ အရောင်းအဝယ်မသွက်တော့ပေမယ့် နှစ်စဉ်နှစ်တိုင်းလိုလို ဈေးအတက်အကျသိပ်မဖြစ်ဘဲဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒါကြောင့် မတ်ပဲနှင့် ပဲစင်းငုံသီးနှံတို့ကဲ့သို့ ဈေးအပြောင်းအလဲသိပ်မဖြစ်ဘဲ နှစ်စဉ်ကျပ်သုံးသောင်းအထက်



ရရှိနေကာ ယခု ၂၀၁၇ ခုနှစ်မှသာ ဈေးအေးခဲ့လို့ တစ်တင်းကျပ်သုံးသောင်းအောက်လျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း မတ်ပဲကဲ့သို့ ၂၀၁၆ခုနှစ်တွင် ဈေးအမြင့်ဆုံးရခဲ့ပြီး ၂၀၁၅ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ကျပ်သုံးသောင်းအောက် ရရှိခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ်တွင် တစ်တင်း ၂၄၃၀၀ကျပ်မှ ၂၆၂၀၀ကျပ်နှင့်၂၀၁၇ခုနှစ်တွင် တစ်တင်း ၂၄၂၀၀ ကျပ်မှ၂၆၅၀၀ ကျပ်အကြား ပဲသစ်များကို ရန်ကုန်ဝယ်လက်များက ဝယ်ယူခဲ့ကြပါတယ်။ ၂၀၁၆ခုနှစ်မှာမတ်ပဲဈေးကိုမမီပေမယ့် ဈေးကွက်မှာဒုတိယ ဈေးအများဆုံးဖြစ်ခဲ့လို့ တစ်တင်း ကျပ် ၄၈၂၀၀ မှ ကျပ်၅၀၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၅ ခုနှစ် ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့လို့ တစ်တင်း ကျပ် ၁၅၁၀၀ နှင့် ကျပ် ၁၆၀၀၀ အတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပေမယ့် ၂၀၁၆ခုနှစ်မှာတော့ ကုလားပဲသီးနှံဈေးဟာ တစ်တင်းကျပ်လေးသောင်းအထက်ရရှိခဲ့တဲ့အတွက် ပြည်ပဝယ်လက်မတ်ပဲ၊ ပဲစင်းငုံသီးနှံ များနည်းတူ ဈေးကောင်းရလာခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်ဆန်းပိုင်းကာလမှာ တစ်တင်းကျပ် ၄၁၀၀၀ မှ ၄၃၀၀၀ အထိရရှိလာခဲ့လို့ ပဲတီစိမ်းသီးနှံထက်ပင် ဈေးပိုရခဲ့ပါတယ်။ ၂၀၁၇ခုနှစ် နှစ်ဆန်းပိုင်းမှာ ပဲသစ်ဝင်ရောက်လာတဲ့အတွက် ပဲသစ်ဈေးမှာ တစ်တင်း ကျပ် ၃၅၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြပြီး ပဲဟောင်းဈေးလက်ကျန်မကုန်ခင် နှစ်ဆန်းမှာတစ်တင်း ကျပ်ငါးသောင်းရရှိခဲ့လို့ နှစ်ဆန်းမှာလည်း ကုလားပဲဈေးဟာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံတို့ထက် ဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။ ပဲကြီး သီးနှံမှာ ၂၀၁၅ ခုနှစ်မှာ ဈေးအေးပေမယ့် ၂၀၁၆ နဲ့ ၂၀၁၇ ခုနှစ် နှစ်ဆန်းမှာယင်းနှစ်ထက် ဈေးပိုလာခဲ့တာကို တွေ့ရတာကြောင့် ၂၀၁၆ (ရွှေကျွန်း) တစ်တင်းကျပ် ၃၂၀၀၀ မှ ၃၄၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၀၀၀၀ မှ ကျပ် ၃၂၀၀၀ ရရှိခဲ့သလို ၂၀၁၇နှစ်ဆန်းမှာ(ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၅၀၀ မှ ကျပ် ၂၉၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၆၅၀၀မှ ကျပ်၂၇၀၀၀ရရှိနေခဲ့ပါတယ်။ ယခုကာလမျိုးတွင် ပဲသစ်မဝင်သေးဘဲ ပဲဟောင်းလက်ကျန်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲပုပ်သီးနှံအနေဖြင့်အခြားပဲများကဲ့သို့ ဈေးအတက်အကျသိပ်မဖြစ်ဘဲ နှစ်စဉ်ဈေးအေးခဲ့တာကြောင့် တစ်တင်းကျပ်နှစ်သောင်းအောက်သာရရှိခဲ့ပြီး ၂၀၁၇ခုနှစ်မှာ တစ်တင်းကျပ်နှစ်သောင်းကျော်ရလာခဲ့လို့ ပဲအထွက်လှိုင်လာချိန်တွင် ဈေးကောင်းမကောင်းစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ပဲပုပ်သီးနှံဈေးဟာ ၂၀၁၆ ခုနှစ်နှင့်၂၀၁၇ခုနှစ် ကာလတူအချိန်တွင် ပဲဈေးကွက်အတွင်းအခြားပဲများထက် ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

| ပဲအမျိုးအစား | ၂၀၁၅ ဇန်နဝါရီ | | ၂၀၁၆ ဇန်နဝါရီ | | ၂၀၁၇ ဇန်နဝါရီ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၇၅၀၀ | ၂၉၀၀၀ | ၅၅၀၀၀ | ၅၉၀၀၀ | ၃၂၅၀၀ | ၃၇၅၀၀ |
| ပဲတီစိမ်း | ၃၄၅၀၀ | ၃၆၀၀၀ | ၃၆၅၀၀ | ၃၇၀၀၀ | ၂၇၅၀၀ | ၂၉၀၀၀ |
| ပဲစင်းငုံ | ၂၄၃၀၀ | ၂၆၂၀၀ | ၄၇၂၀၀ | ၅၀၅၀၀ | ၂၄၂၀၀ | ၂၆၅၀၀ |
| ကုလားပဲ | ၁၅၁၀၀ | ၁၆၀၀၀ | ၄၁၀၀၀ | ၄၃၀၀၀ | ၃၅၀၀၀ | ၅၁၀၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၁၉၅၀၀ | ၂၃၀၀၀ | ၃၂၀၀၀ | ၃၄၀၀၀ | ၂၈၅၀၀ | ၂၉၀၀၀ |
| ပဲကြီး(ကမ်းနား) | ၁၇၀၀၀ | ၂၂၅၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၆၅၀၀ | ၂၇၀၀၀ |
| ပဲပုပ် | ၁၅၆၀၀ | ၁၇၀၀၀ | ၁၇၇၀၀ | ၁၉၀၀၀ | ၁၉၅၀၀ | ၂၁၀၀၀ |

## ပခုက္ကူဈေးကွက်မှာ မိုးစိုက်(ဥစိုက်) ကြက်သွန်နီဈေးမြင့်

ပခုက္ကူမှာ စားဖိုချောင်သုံးသီးနှံဖြစ်တဲ့ ကြက်သွန်နီဟာ အခုတလော အမြင့်ဈေးနဲ့ အရောင်းအဝယ် ဖြစ်နေတာကို တွေ့ရပါတယ်။

| နေ့စွဲ | တစ်ပိဿာ(ကျပ်) | | အဝင်ပိဿာ | |
|---|---|---|---|---|
| | ထိပ်စ | အလတ်စ | အောက်စ | |
| ၂၃. ၁. ၂၀၁၇ | ၁၅၀၀ | ၁၀၀၀ | ၅၀၀ | ၈၀၀၀ |
| ၂၄. ၁. ၂၀၁၇ | ၁၃၅၀ | ၈၀၀ | ၃၀၀ | ၄၀၀၀ |
| ၂၅. ၁. ၂၀၁၇ | ၁၄၀၀ | ၁၀၀၀ | ၇၀၀ | ၇၀၀၀ |
| ၂၆. ၁. ၂၀၁၇ | ၁၃၅၀ | ၁၀၀၀ | ၇၀၀ | ၈၅၀၀ |
| ၃၀. ၁. ၂၀၁၇ | ၁၆၅၀ | ၁၁၀၀ | ၆၅၀ | ၁၅၀၀၀ |
| ၃၁. ၁. ၂၀၁၇ | ၁၈၅၀ | ၁၃၀၀ | ၈၀၀ | ၂၀၀၀၀ |
| ၁. ၂. ၂၀၁၇ | ၁၈၀၀ | ၁၃၀၀ | ၈၀၀ | ၂၂၀၀၀ |

ဖော်ပြပါဇယားအရ ကြက်သွန်နီအနေနဲ့ နေ့စဉ်ဆက်တိုက်ဆိုသလို ဈေးအမြင့်နဲ့အရောင်းအဝယ်ဖြစ်နေတာကို လေ့လာရပါတယ်။အဝင်အနေနဲ့ကလည်း ဖြစ်ပေါ်နေတဲ့ဈေးနှုန်းအလိုက် အဝင်များနေတာကို တွေ့ရပါတယ်။မိုးစိုက်(ဥစိုက်) ကြက်သွန်နီဈေးနှုန်းမြင့်နေမှုအပေါ် ကြက်သွန်နီလောကမှသုံးသပ်ချက်အရ မိုးစိုက်(ဥစိုက်)ကြက်သွန် နီစိုက်ပျိုးချိန်မှာ မိုးဆက်တိုက်ရွာခဲ့တဲ့အတွက် ရေစကြိုဘက်မှာ ကြက်သွန်စိုက်ခင်းတွေ ပျက်ခဲ့သလို ဆိပ်ဖြူ၊ပေါက် မြို့နယ်တွေမှာလည်း ထွန်မရ၊ရေဝပ်ပြီး စိုက်ပျိုးမရနိုင်ဘဲ ကြက်သွန်အထွက်နည်းခဲ့ပါတယ်။ ထွက်လာတဲ့ ကြက်သွန်နီတွေကလည်း အရည်အသွေးကျခဲ့တယ်လို့ သိရပြီး၊ ဆောင်းစိုက်(အပင်စိုက်)ကလည်း အခုမှစိုက်ချိန်၊ ပျိုးချိန်ဆိုတော့ မတ်လကုန်နောက်ဆုံးပတ်နဲ့ ဧပြီလဆန်းမှ လှိုင်လှိုင်ပေါ်မှာဖြစ်ပါတယ်။ ဆောင်းစိုက် (အပင်စိုက်) မပေါ်မီကြားကာလမှ အခုအခံဖြစ်တဲ့ မိုးစိုက်(ဥစိုက်) ကြက်သွန်နီအထွက်နည်းခဲ့တာရတယ်၊အရည်အသွေးကလည်း သိပ်မကောင်းခဲ့တာရယ် မစိုက်ပျိုးနိုင်တာရယ်စတာတွေကြောင့် ထွက်လာတဲ့ကြက်သွန်တွေကို ထိန်းပြီး ဈေးကောင်း စောင့်ရောင်းနေတယ်လို့ ခန့်မှန်းကြပါတယ်။ လက်လီအနေနဲ့ ထိပ်စတစ်ပိဿာ ကျပ် ၂၀၀၀၊ ၂၂၀၀ မှ ၂၅၀၀၊ အလတ်စတစ်ပိဿာ ကျပ် ၁၂၀၀၊ ၁၃၀၀ မှ ၁၅၀၀၊ အောက်စတစ်ပိဿာကျပ် ၉၀၀၊ ၁၀၀၀ မှ ၁၁၀၀ ဈေးများ နဲ့ရောင်းနေတာကို လေ့လာတွေ့ရှိရပြီးဒီအတိုင်းဆိုရင် မိုးကြက်သွန်(ဥစိုက်)အနေဖြင့် ဈေးနှုန်းအနေအထားဟာ ဈေးအမြင့်မှာသာ ဆက်လက်ဖြစ်နေမယ်လို့ ခန့်မှန်းနေကြကြောင်းသိရပါတယ်။

**မြင့်ဦး(ပခုက္ကူ)**

## ပဲကြီးဟောင်း လက်ကျန်များနဲ့သာ ပြည်ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်သို့ ကုလားပဲသစ်များ ဝင်ရောက်ခဲ့ပေမယ့် ပဲကြီးသီးနှံက ပဲသစ်ဝင်ရောက်လာခြင်းမရှိသေးဘဲ ပဲဟောင်းလက်ကျန်အနည်းငယ်ကိုသာ ဒေသတွင်း ပဲကြော်ဖိုသမားများ ပုံမှန်ဝယ်ယူမှုရှိနေတာကြောင့် တစ်ရက်အိတ် ၂၀၀-၂၅၀ကျော်အရောင်းအဝယ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ပဲကြီးက ဈေးအတက်အကျသိပ်မဖြစ်ခဲ့ဘဲ ဈေးငြိမ်လျက်ရှိကာ (ရွှေကျွန်း) တစ်တင်းကျပ် ၂၈၀၀၀မှကျပ် ၃၀၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၆၅၀၀ မှ ကျပ် ကျပ် ၂၇၀၀၀ အသီးသီးရရှိနေခဲ့ပြီး ယခင်နှစ်က ဖေဖော်ဝါရီလဆန်းပိုင်းမှာ တစ်တင်းကျပ် သုံးသောင်းကျော်ရရှိခဲ့တဲ့အတွက် ယခုနှစ်ပဲဈေးမှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။ ယခင်နှစ် ဖေဖော်ဝါရီလလယ်မှာ ပဲကြီးသစ်များ စတင်ဝင်ရောက်ခဲ့တယ်လို့လည်း သိရပါတယ်။

**ခင်ဆွေဝင်း**

## တန့်ဆည်မြို့နယ်တွင် စိုက်ပျိုးသည့် ဆောင်းစိုက် စားတော်ပဲများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာ

တန့်ဆည်မြို့နယ်အတွင်းမှာ စိုက်ပျိုးခဲ့တဲ့ ဆောင်းစိုက်စားတော်ပဲများ စတင်ထွက်ပေါ်နေပြီး မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ တစ်ရက်ကိုအိတ်ရေ ၂၀ ခန့် စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။ ဈေးကွက်ကိုဝင်ရောက်လာပြီဖြစ်ပေမယ့် အထွက်တော့ မလှိုင်သေးပါဘူး။ အခုထွက်ရှိလာတဲ့ စားတော်ပဲတွေဟာ သက်လတ်မျိုးဖြစ်တဲ့အတွက် အထွက်စောသလို အရည်အသွေးကလည်း လုံးပိန်၊ လုံးညှပ်ကင်းပြီး ရှယ်အဆင့်မှာ ရှိပါတယ်။ ဒါကြောင့် အဖွင့်ဈေး တစ်တင်း ကျပ်၂၉၀၀၀နဲ့စဖွင့်ခဲ့ပါတယ်လို့ ပွဲစား ကိုကျော်သုခက ပြောပြပါတယ်။ ယခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးမှာ ကန့်ဘလူ၊ ကသာ ၊ ကလေး ရွှေဘိုခရိုင်များမှ အများဆုံး စိုက်ပျိုးပြီး စားတော်ပဲစိုက်ဧကမှာ ၅၈၀၀၀ကျော်ရှိကြောင်းသိရှိရပါတယ်။

**အောင်မင်း(တန့်ဆည်)**

## ကြက်သွန်

### မုံရွာကြက်သွန်နီဈေးကွက် အဝင်နည်း ဈေးမြင့်တက်

ဖေဖော်ဝါရီပထမပတ်မှာ မုံရွာပွဲရုံစားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် မိုးကြက်သွန်နီသစ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် တစ်ပိဿာပျမ်းမျှကျပ် ၃၀၀ ခန့်မြင့်တက်နေကြောင်း သိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ပိဿာ ၁၂၀၀၀ ခန့်သာ ဝင်ရောက်လျက်ရှိကြောင်း၊ တစ်ရက်ထက်တစ်ရက် အဝင်လျော့နည်းလာ၍ ဈေးမြင့်လာကြောင်းနဲ့ မိုးကြက်သွန်နီစိုက်ပျိုးချိန်မှာ မိုးများပြီး ပျက်စီးမှုများကြောင့် အထွက်နှုန်းလျော့နည်းကြောင်း၊ ကြက်သွန်နီပွဲစားများထံမှ သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီလက်ကားပေါက်ဈေးနှုန်းမှာ တစ်ပိဿာ နိမ့်၊ လတ်၊ မြင့် ကျပ် ၁၅၀၀၊ ၁၆၀၀၊ ၁၇၀၀၊ လက်လီပေါက်ဈေးမှာ ကျပ် ၁၆၀၀၊ ၁၇၀၀၊ ၁၈၀၀နှုန်းနှင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ် ပါက ဈေးမြင့်တက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ (ဟောင်း) တစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး(ဗမာ) ကျပ် ၅၅၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီက တော့ တစ်ပိဿာ(ဗမာ) ကျပ် ၆၀၀၀၊ (ရှမ်း) ကျပ် ၅၀၀၀ ဖြစ်ပြီး အတက် အကျမရှိ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိပြီး အသစ်လက်ကား ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀၊ လက်လီဈေးနှုန်း(ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၄၀၀၀ နှုန်းပေါက်လျက် လက်လီအနေနဲ့ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။ **ကြည်ကြည်နွယ်-မုံရွာ**

### ပြည်ကြက်သွန်နီ ဈေးဆက်လက်မြင့်တက်

ဖေဖော်ဝါရီ ပထမပတ်အတွင်း ပြည်ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာကို ပျမ်းမျှ ကျပ် ၃၀၀ ခန့် ဆက်လက်မြင့်တက်သွားကြောင်း သိရပါတယ်။ ပြည်ပွဲရုံလက်ကားဈေးအနေနဲ့ တစ်ပိဿာလျှင် (ကြီး) ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ကျပ်၁၇၀၀-၁၈၀၀တို့ရှိပြီး လက်လီဈေးများမှာတော့(ရှယ်သန့်) ကျပ် ၂၅၀၀၊ (ကြီး)ကျပ် ၂၃၀၀-၂၄၀၀ ၊ (လတ်)ကျပ် ၂၁၀၀-၂၂၀၀၊ (သေး)ကျပ် ၁၈၀၀-၂၀၀၀ တို့နဲ့ ရောင်းဝယ်လျက်ရှိနေပါတယ်။ မီးဖိုချောင်တွင် မပါမဖြစ် အရေးပါတဲ့ အိမ်ရှင်မများ ဈေးနှုန်းတက်လို့ သုံးစွဲရအခက်တွေ့နေတဲ့ ကြက်သွန်နီ သီးနှံမှာ ယခင်နှစ် မြန်မာနိုင်ငံအထက်ပိုင်း ရေကြီးနစ်မြုပ်မှုများကြောင့် ထွက်ရှိမှု နည်းပါး၍ပြည်တွင်းဈေးကွက်လိုအပ်ချက်မြင့်တက်လျက်ရှိနေပါတယ်။ဒါကြောင့် တရုတ်၊ အိန္ဒိယဘက်မှ ကြက်သွန်နီများ တင်သွင်းနေတာဖြစ်ပါတယ်။ ယခုရက် ပိုင်းတွင် တရုတ်၊ အိန္ဒိယ ကြက်သွန်နီများ ဝင်ရောက်မှုနည်းသွားပြီး ဝိသမ စီးပွား ရေးလုပ်ငန်းရှင်တချို့ရဲ့ဈေးကစားမှုကြောင့်ဈေးကြီးမြင့်ရခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက သုံးသပ်လျက်ရှိပါတယ်။ ယခင်တစ်ပတ်ထက် ဝင်ရောက်မှုနည်းသွားကြောင်းသိရပြီး ဈေးကြီးမြင့်မှုကြောင့် စားသုံးသူများရဲ့ ဝယ်လိုအားနည်းသွားပြီး ယခင်တစ်ပတ်ရောင်းဝယ်မှုရဲ့ သုံးပုံတစ်ပုံသာ အရောင်းအဝယ်ဖြစ်တဲ့အတွက် သိသိသာသာ အရောင်းအဝယ်အေးသွားကြောင်းသိရပါတယ်။

ဈေးကွက်အတွင်းရောက်ရှိနေတဲ့ တရုတ်၊ အိန္ဒိယ ကြက်သွန်နီများမှာ အရွယ် အစားညီပြီး အလုံးကြီးတဲ့အတွက် ဈေးဆိုင်သမားများက အဓိက ဝယ်ယူသုံးစွဲ လျက်ရှိနေကြောင်း ပွဲရုံအိတ်ဆွဲဈေး ကျပ် ၁၄၀၀ ရှိပြီး လက်လီဈေး တစ်ပိဿာ လျှင်ကျပ် ၁၆၀၀-၁၇၀၀တို့နဲ့ရောင်းဝယ်နေကြောင်းသိရပါတယ်။ **ဝင်းလှဲ့ဝါ (ပြည်)**



### ပြည်ပွဲရုံတွင် ရှမ်းကြက်သွန်ဖြူ အဝင်နည်း၍ဈေးနှုန်းများ မြင့်လျက်ရှိ

ဖေဖော်ဝါရီ (ပထမပတ်)တွင်း ပြည်ပွဲရုံများသို့ ရှမ်းပြည်နယ်မှ ထွက်ရှိတဲ့ ကြက်သွန်ဖြူ အဝင်နည်းနေကြောင်းသိရပါတယ်။ ရှမ်းစတွေကို ထိုင်းနိုင်ငံဘက်မှ အဝယ်လိုက် နေတာကြောင့် ထိုင်းတွင် (နယ်ခံ) ဒေသများသို့ အဝင်နည်းလာပြီး ဈေးကွက်မှာလည်း ဈေးနှုန်းအဆမတန် မြင့်တက်လာတာလည်း တွေ့ရပါတယ်။ ရှမ်းစဈေးတက်နေတာကြောင့် ကြူကုတ်စပါ ဈေးအနည်းငယ် ပြန်တက်လာခဲ့ပါ တယ်။ ယခုတစ်ပတ်ပြည်ပွဲရုံ ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ကြက်သွန်ဖြူ တစ်ပိဿာ ပွဲရုံဈေး (ရှမ်းစ) ကျပ် ၆၀၀၀ မှ ကျပ် ၆၅၀၀ အထိ ဖြစ်ပြီး၊ (ကြူကုတ်) ကျပ်၅၀၀၀နှင့်ကျပ် ၅၁၀၀တို့ဖြစ်ပါတယ်။ ဒေသတွင်း ဈေးကွက်မှာ (ရှမ်းစ) ကျပ် ၆၅၀၀နှင့် ကျပ် ၇၀၀၀တို့ဖြင့်ရောင်းချလျက်ရှိပြီး (ကြူကုတ်စ)ကိုတော့ ကျပ်၅၄၀၀ နဲ့ ရောင်းချလျက်ရှိပါတယ်။ ဒေသတွင်းမှာ (ကြူကုတ်စ)သာ အသုံးများတာကြောင့် ပုံမှန်ရောင်းဝယ်လျက်ရှိသော်လည်း ဈေးမြင့်တက်နေတဲ့ရှမ်းစကတော့ အရောင်း အဝယ်အေးလျက်ရှိပါတယ်။ တစ်ပတ်အတွင်း ပြည်ပွဲရုံများမှာ ကြူကုတ်စ အိတ် ၂၅၀ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ **နီနီဝင်း**

## ချင်း

### နယ်ဝယ်လက် ဝယ်ယူမှုအားကောင်းသော်လည်း ပြည်ချင်းဈေးပုံမှန်ဖြစ်

ချင်းစိုက်ပျိုးထွက်ရှိရာ အောင်ပန်းနဲ့ တောင်ကြီးဘက်မှ ရှမ်းချင်းတွေ ဒေသ အစုံက ထွက်ရှိလာပြီဖြစ်တဲ့အတွက် ပြည်ဈေးကွက်သို့ ချင်းတက် အသစ်များ ပိုမို ဝင်ရောက်လာကြောင်း သိရှိရပါတယ်။ ယခုအချိန် တပို့တွဲလ ထမနဲပွဲတော်ရာသီ အချိန် ရောက်တော့မှာဖြစ်တဲ့အတွက် နယ်ဝယ်လက်များဖြစ်တဲ့ မြို့နယ်များအနေနဲ့ ကြိုတင်ဝယ်ယူထားတယ်လို့ သိရပါတယ်။ ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက် အတွင်းသို့ ပိဿာ ၃၀ ဝင်အိတ် ၃၀၀ ခန့် အဝင်ရှိကြောင်း ပြည်ချင်းပွဲရုံများမှတစ်ဆင့် သိရပါတယ်။ ပြည်ဈေးကွက်အတွင်း ချင်းတက်များကို အရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်ပြုလုပ်ကြပါတယ်။ ဈေးနှုန်းမှာ ချင်းတစ်ပိဿာလျှင် ကျပ် ၅၀၀-၇၀၀ ဖြင့် လက်လီ၊လက်ကား ရောင်းဝယ်သူများနှင့် အခြားတိုင်းနှင့် မြို့နယ်များ သို့ ပြည်ဈေးကွက်မှတစ်ဆင့် တင်ပို့မှုအပါအဝင် ပိဿာချိန် ၁၀၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိကာ ယခင်ကာလများထက် ပိုမိုတင်ပို့ရကြောင်း သိရပါတယ်။ **ဝင်းဝင်းခိုင်**

### စစ်တွေမှ ချင်းစိုလျော့နည်းတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၃၈၀၀ တန်ဖိုးရှိ ချင်းစို ၅ တန်တင်ပို့ခဲ့ပါ တယ်။ ယခင်တစ်ပတ်က ၁၆ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာလည်း ဘင်္ဂလားဒေ့ရှ် သို့ ချင်း၁၁တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းစိုတစ်တန်ကို (မိမိဘက်ပေါက်ဈေး) ငွေလဲနှုန်း အရ ၁၀၂၉၈၀၀ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၁၀၂၈၈၈၈ ကျပ်သို့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ဇန်နဝါရီလတစ်လလုံး စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလား ဒေ့ရှ်နိုင်ငံသို့ ချင်းစို တန် ၅၀ ခန့် တင်ပို့ခဲ့သလို မူဆယ်ကုန်သွယ်ရေးဇုန်မှ တရုတ် နိုင်ငံသို့ ချင်းခြောက် ၁၀တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

### ရှမ်းချင်းကို ပြည်တွင်း ပြည်ပမှ ဝယ်လက်တွေ အဝယ်သွက်

အောင်ပန်းဈေးကွက်မှာ ရှမ်းချင်းကအဝင်လှိုင်နေပါပြီ၊ ဒေသစုံ၊ နယ်အစုံက ထွက်လာပြီဖြစ်တာကြောင့် အောင်ပန်းဈေးတွင်သာမကဘဲ ဟဲဟိုးမှာပါဈေးကွက် ရှိလာပါတယ်။ ဟဲဟိုးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်တဲ့ ဘော်ဆိုင်း၊ ဘော်နင်း ကုန်း၊ အင်းခေါင်ခ၊ ဝါးရုံပင်စတဲ့ ရွာတွေကထွက်တဲ့ ချင်းတွေက အောင်ပန်း ဈေးကွက်ကို မသွားတော့ဘဲ ဟဲဟိုးမြို့ပေါ်ကပွဲရုံတွေကိုဝင်ပါတယ်။ ထို့အတူပဲ ဟိုပုံးမြို့နယ်တစ်ဝိုက်ရှိ ကျေးရွာတွေကထွက်တဲ့ ချင်းတွေကလည်း ဟိုပုံးပွဲရုံတွေသာ ဝင်ပါတယ်၊အောင်ပန်းဈေးကွက်မှာအရောင်းအဝယ် ကောင်းလာရင် ဟိုပုံး/နမ့်စန် က ချင်းတွေကလည်း အောင်ပန်းဈေးကွက်ကိုစီးဆင်းပါတယ်။ ဒီတစ်ပတ်လည်း အောင်ပန်းဈေးကွက်မှာရှိတဲ့ချင်းကို ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေအဝယ်ရှိလာ လို့ အရောင်းအဝယ်သွက်လာသလို ဈေးလည်းအနည်းငယ်တက်လာပါတယ်။ ပြည်တွင်းသုံးအတွက်လည်း တပ်ကုန်း၊ မန္တလေး၊ မကွေးစတဲ့မြို့တွေနဲ့ ပြည်ပပို့ဖို့ အတွက် နယ်စပ်စခန်းနဲ့အနီးက မြို့တွေဖြစ်တဲ့ ပြည်၊မုံရွာစတဲ့မြို့တွေက အဝယ်ရှိ နေတာကြောင့် တစ်ပတ်အတွင်းမှာ ချင်းစိုပိဿာချိန်ပေါင်း ၁ဒသမ၈၅ပိဿာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာဈေးက အရင်တစ်ပတ်ထက် ကျပ် ၅၀ -၁၀၀ ဈေးတက်လာပြီး အနိမ့်ဆုံး ကျပ် ၂၅၀ မှ အမြင့်ဆုံးကျပ် ၄၂၀ ဈေးရှိပါတယ်။ချင်းခြောက်ကိုတော့ ရန်ကုန်၊ ပြည်ဝယ်လက် တွေကသာ အဝယ်ရှိနေပြီး တစ်ပိဿာကို ကျပ် ၁၅၀၀ - ၁၇၀၀ဈေးရှိပါတယ်။ **ဇေခိုင်**

## နနွင်း

### ရှမ်းနနွင်းကို ရန်ကုန်နဲ့ ပြည်လှောင်လက်တွေကဝယ်

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ရှမ်းနနွင်းကအဝင်ပုံမှန်ရှိနေပါတယ်။ အသစ်တွေလည်းဝင်လာနေပါပြီ၊အစိုအတိုင်းရောင်းလိုပေမယ့် အဝယ်က နည်းနေသေးလို့ ပြုတ်ခြောက်ပြုလုပ်နေကြပါတယ်၊ ပြုတ်ခြောက်က အထားခံတာရယ်၊ ရာသီဥတုကလည်း ပူပြင်းခြောက်သွေ့လာတော့ အခြောက်ကို ပိုပြီးပြုလုပ်လာကြတယ်လို့လည်း သိရပါတယ်။ ဈေးပတ်သမားတွေကတော့ လက်လီစိတ်ဝယ်ယူတာရှိပေမယ့် အဓိက,ကတော့ ရန်ကုန်နဲ့ ပြည်လှောင်လက်တွေက ဝယ်ယူနေပါတယ်။နနွင်းခေါင်းတွေကိုတော့ ခြင်ဆေးခွေပြုလုပ်ဖို့အတွက် ဝယ်ယူနေပြီးတစ်ပိဿာကို ကျပ် ၅၀၀-၆၀၀ ဈေးရှိပါတယ်။ နနွင်းဈေးက ၂၀၁၃ ခုနှစ်ကစပြီး ဈေးကွက်ပျက်ခဲ့တာ ၂၀၁၆ ခုနှစ်မှာမှ ပြန်ပြီး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်ပဝယ်လက်တွေက ဝယ်ယူလိုက် နားလိုက်နဲ့ ဖြစ်နေပေမယ့် တစ်နှစ်ပတ်လုံး ရောင်းနေရတယ်လို့လည်း ဈေးကွက်က သိရပါတယ်။ ဒီနှစ်ထွက် ရှမ်းနနွင်းကိုလည်း ပြည်ပတင်ဖို့အတွက် ကမ်းလှမ်းထားပေမယ့် အခုထိတော့ အရောင်းအဝယ် မဖြစ်သေးဘူးလို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဈေးကွက်ဝင်ရှမ်းနနွင်းက(နနွင်းခေါင်းမပါ) တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၁၇၀၀ မှ အမြင့်ဆုံး ကျပ် ၂၅၀၀ ဈေးရှိပါတယ်။ ရန်ကုန်၊ ပြည်ဝယ်လက်တွေဝယ်ယူတာကြောင့် တစ်ပတ်အတွင်းနနွင်းပိသာချိန်ပေါင်း ရှစ်သောင်းတိတိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ဇေခိုင်**



## မန်ကျည်း

### ပြည်ပွဲရုံသို့ မန်ကျည်းမှည့်အသစ်များ ပုံစံသစ်ဖြင့် စတင်ဝင်ရောက်လာ

ယခုနှစ် မန်ကျည်းမှည့်အသစ်များ စတင်ဝင်ရောက်စကပင် ဈေးကောင်းရနေပြီး အတော်အသင့်ပစ္စည်းဝင်ရောက်ချိန်မှာလည်း ဈေးကျဆင်းမလာတာကိုတွေ့ရပါတယ်။ ဒေသအတွင်းထွက်ရှိတဲ့မန်ကျည်းမှည့်အသစ်များလည်းဈေးကောင်းရလျက်ရှိနေပါတယ်။ အခြားဒေသအတွင်းမှ ဝင်ရောက်လာသော မန်းကျည်းမှည့်အသစ်များမှာ ယခင်နှစ်နဲ့မတူဘဲ ပုံစံသစ်ဖြင့်ဈေးကွက်သို့ဝင်ရောက်နေတာတွေ့ရပါတယ်။ ယခင်နှစ်ကဆိုလျှင် အစေ့ပါနှင့် အစေ့လွတ်ဆိုပြီး မန်ကျည်းမှည့်ပွဲရုံဒိုင်များသို့ ဝင်ရောက်လျက်ရှိရာမှ ယခုနှစ်မှာ အစေ့ပါသက်သက်နှင့် ခေါလီုးအသားရော အစေ့အနည်းငယ်ပါပြီး ပိဿာထုပ်လေးထောင့်ပုံစံဖြင့် ဈေးကွက်မှာ ရောင်းဝယ်လျက်ရှိနေပါတယ်။ မန်ကျည်းမှည့် တစ်ပိဿာ လက်ကားဈေး (အစေ့ပါ)ကျပ် ၂၀၀၀ နှင့် (ခေါလီုးအစေ့အနည်းငယ်ပါ)ကျပ် ၂၄၀၀တို့ဖြစ်ပါတယ်။ ဒေသတွင်းလက်လီဈေးမှာတော့ (အစေ့ပါ)ကျပ်၂၅၀၀နှင့် (ခေါလီုး) ကျပ် ၃၀၀၀မှ ကျပ် ၃၅၀၀ အထိ ရောင်းဝယ်လျက်ရှိကြပါတယ်။ ယခင်တစ်ပတ်ထက်စာလျှင်တစ်ပိဿာပေါ်တွင် ဈေးနှုန်း ကျပ် ၅၀၀ နီးပါးဈေးကျလာပြီး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ **နီနီဝင်း**

Vol: 17, No.6 Monday February 6 2017

# ဈေးကွက်နဲ့ အစိုးရ – အချိန်အခါ

| ခင်မောင်ညို(ဘောဂဗေဒ) |



**တစ်လောက** တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ နေပြည်တော်ကအပြန် လေယာဉ်ပေါ်မှာ ဆုံဖြစ်တော့ သူက လက်ရှိ အခြေအနေကို ဝေဖန်သုံးသပ်တဲ့ဆောင်းပါးမျိုးတွေ သိပ်မရေးပါလားလို့ မေးတယ်။ ကျွန်တော်ကရေးတော့ရေးပါတယ်။ အရေးနည်း သွားတာကတော့ မှန်တယ်။ ပြီးတော့ တာဝန်ရှိတဲ့ သူတွေက အတိုင်းအတာတစ်ခုအထိ သူတို့လက်ခံနိုင်သလောက် လက်ခံကြပေမယ့် ဘေးလူက ဝေဖန်ရကောင်းလား၊ တိုက်ခိုက်ရကောင်းလား၊ ကိုယ်တိုင်လုပ်ကြည့်ပါလားဆိုပြီး ပြောဆိုတာခံရတယ်။

တချို့ကလည်း လက်ရှိအခြေအနေကို ဒီအတိုင်းလက်ပိုက်ကြည့်နေရသလား၊ ဝင်မပါရကောင်းလားနဲ့ ပြောကြပြန်ရော။ လက်ပိုက်ကြည့်နေတာ မဟုတ်သလို၊ ဝင်ပါချင်တိုင်းလည်း ပါလို့ရတာမှ မဟုတ်တာ။

တစ်ခုတော့ရှိတယ်။ ဘေးလူအနေနဲ့ ဘေးကနေ အစွဲကင်းကင်းကြည့်ပြီးနောက် မြင်မိသလောက် ပြောခွင့်ဆိုခွင့်ရတာနဲ့ပဲ ကျေနပ်နေတာတော့ အမှန်ပဲ။ တကယ်တမ်း ဝင်လုပ်နေတဲ့သူတွေကို အတိုင်းအတာ တစ်ခုအထိ စာနာစိတ်လည်းရှိပါတယ်။

စေတနာနဲ့ လုပ်နေတယ်ဆိုတာကိုလည်း လက်ခံထားတယ်။ ဒါပေမဲ့ စေတနာနဲ့လုပ်တိုင်း ကောင်းတာမဖြစ်၊ ရလဒ်မကောင်းဘူးဆိုတာ ချင့်ချိန်ဖို့ လိုအပ်တယ်။ ကိုယ်နိုင်သည် မနိုင်သည် ကိုယ့်အင်အားကို တွက်ထားဖို့ လိုသလို ခုတ်ရာတစ်ခြား၊ ရှရာတစ်လွဲဖြစ်တတ်တဲ့ သဘောတွေကိုလည်း သိထားသင့်တယ်။ အားလုံးက အနာဂတ်ကိုမြင်သိနိုင်တာ မဟုတ်လေတော့ တတ်နိုင်သလောက် လေ့လာဆန်းစစ်၊ အချက်အလက်တွေ ကောက်ယူ၊ ပြောသံဆိုသံတွေ နားထောင်၊ သေသေချာချာ ဆန်းစစ်၊ စိတ်ထဲရှိသမျှ စိတ်ကူးပေါက်တိုင်းထုတ်မပြောသေးဘဲ ပြင်ဆင်မယ်၊ အချိန်ယူမယ်ဆိုရင် အမှားနည်းစရာရှိတယ်။

နောက်ထပ်ပြောစရာတစ်ခုက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စာရင်းအင်းစနစ်က အားနည်းချက်ရှိလေတော့ စာရင်းထဲမှာရှိ၊ မြေပြင်မှာမရှိ၊ မြေပြင်မှာရှိ၊ စာရင်းထဲမှာ မရှိတဲ့ အဖြစ်မျိုးတွေလည်း ရှိတတ်လေတော့ စာရင်းအင်းကိုလည်း လုံးဝဥဿုံအားကိုးလို့မရဘဲ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ စဉ်းစားဖို့ပါ လိုလာပါတယ်။

ဘောဂဗေဒဘာသာရပ် နယ်ပယ်မှာ အခြေခံအဆင့်မှာပဲ နှစ်ပေါင်းများစွာ လေ့လာကြည့်ရာမှာ ဘယ်တော့မှ မရိုးတဲ့ အကြောင်းအရာနှစ်ခုရှိတယ်။ ဈေးကွက်ရဲ့ အားနည်းချက်နဲ့ အစိုးရရဲ့ အားနည်းချက်ပါ။

ဒီကနေတစ်ဆင့် ဈေးကွက်ထဲကို အစိုးရက ဘယ်လောက်ဝင်ရောက်သင့်သလဲ၊ ဝင်ရောက်ရင် ဘာတွေဖြစ်လာနိုင်မလဲ၊ ပိုကောင်းလာမလား ပိုဆိုးသွားမလား။

စိတ်ဝင်စားစရာကောင်းတာက ဈေးကွက်ရဲ့အားသာချက်၊ အစိုးရရဲ့အားသာချက်ဆိုပြီး ပြောလေ့မရှိဘူး။ အစိုးရက ဘာလို့ ဝင်လုပ်ရသလဲ၊ အထူးသဖြင့် အစိုးရကဘာကြောင့် စည်းမျဉ်းစည်းကမ်းတွေ ချရသလဲ၊ ဈေးကွက်ကို ဒီအတိုင်းထားရင် မဖြစ်ဘူးလားစတဲ့ မေးခွန်းတွေ ပေါ်လာပါတော့တယ်။

ဘောဂဗေဒရဲ့ဖခင်ကြီး အဒမ်စမစ်ကတော့ ဈေးကွက်ဆိုတာ သူ့ဟာသူ စွမ်းရည်ပြည့်ပြီးသားလို့ မြင်ပုံရတယ်။ ပြိုင်ဆိုင်မှု အပြည့်ရှိတယ်။ ပြင်ပအကျိုးသက်ရောက်မှုတွေမရှိဘူး။ အများပြည်သူအသုံးပြုတဲ့ပစ္စည်းတွေ၊ အသုံးအဆောင်တွေ မရှိဘူးဆိုရင်တော့ သူတည်းတစ်ယောက် ကောင်းရာရောက်ဖို့ တခြားသူတစ်ယောက် အကျိုးမပျက်ဘဲ အပြောင်းအလဲ မလုပ်နိုင်ဘူး။ ဒါပေမယ့် သတင်းအချက်အလက် အပြည့်အစုံ မရကြလေတော့ စင်းလုံးချောဈေးကွက်တွေ ဖြစ်မလာကြဘူး။ ဒီလိုဆို ဘယ်လိုမှ စွမ်းရည် မပြည့်နိုင်တော့ဘူး။ ဒါကြောင့် အစိုးရက ဝင်ပါရမယ်ပေါ့။

ဒါပေမဲ့ တစ်ဖက်မှာလည်း လွတ်လပ်တဲ့ ဈေးကွက်ရဲ့ အားနည်းချက်တွေကို ပြင်ရင် အနည်းနဲ့ အများဆိုသလို ပိုဆိုးသွားနိုင်တယ်လို့ မြင်တဲ့ပညာရှင်တွေလည်း ရှိတယ်။ သူတို့ပြောမယ် ဆိုရင်လည်း ပြောစရာ၊ ညံ့ဖျင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေ အပုံအပင်ရှိနေတာကိုး။ ဒါပေမဲ့လည်း အရေးရယ်၊ အကြောင်းရယ်ဆို အစိုးရက ဝင်ပါရမယ်။ အစိုးရဝင်မပါဘဲ ဘာလုပ်နေသလဲဆိုတဲ့ မေးခွန်းမျိုး အမေးခံရပြန်ရော။ ဒီကနေတစ်ဆင့် တရားရေးစနစ် ဘယ်လိုလဲဆိုတဲ့ မေးခွန်းကို ထပ်မေးကြ၊ ထိခိုက်နစ်နာတဲ့သူကို ထိထိရောက်ရောက် ကုစားနိုင်သလားဆိုတာ စိတ်ဝင်စားကြပြန်ရော။

အထူးသဖြင့် ပုဂ္ဂလိကလုပ်ငန်းတွေက ကိုယ်အကျိုးခံစားရပေမယ့် ဘေးလူဒါမှမဟုတ် ကြားလူဒုက္ခရောက်စေနိုင်တဲ့ ကိစ္စမျိုးတွေကို လုပ်တတ်ကြတယ်။ ပတ်ဝန်းကျင်ထိခိုက်အောင်လုပ်တာတို့ လက်ဝါးကြီးအုပ်ခွင့်ကို ချမှတ်တာတို့ လုပ်တတ်တယ်။ ဒီလိုအခါမျိုးမှာ စားသုံးသူတွေရဲ့ အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ လိုလာတယ်။

ဒီနေရာမှာ ပုဂ္ဂလိကလုပ်ငန်းတွေထဲက ပွင့်လင်းမြင်သာမှုရှိရမယ်လို့ဆိုပေမယ့် အရောင်းအဝယ် သဘောတူစာချုပ်တွေမှာ သေသေချာချာဖော်ပြမထားဘဲ ဝှက်ထားတာတွေ ရှိနေတတ်တယ်။ ဝေ့လည်ကြောင်ပတ်ရေးတာတွေ ရှိတယ်။ အစိုးရရဲ့ ဥပဒေတချို့လည်း ဒီလိုပဲ။ ကိုယ့်ဘက်က သာသာထိုးထိုးလေး ရေးတတ်ကြတယ်။ သတ်မှတ်ချက်တွေ ချထားတတ်တယ်။ တစ်ခါတစ်လေမှာတော့ အစိုးရကဝင်ဝင်ပြီး ကူမယ်လို့ တွက်ထားလေတော့ ပုဂ္ဂလိကလုပ်ငန်းတွေက မစွန့်စားသင့်တာတွေ စွန့်စား၊ မလုပ်သင့်တာတွေလုပ်မိတာမျိုးတွေလည်း ဖြစ်တတ်တယ်။

အနောက်နိုင်ငံတွေက စာရင်းကိုင်လုပ်ငန်းတွေမှာ မတော်မတရားဖြစ်ခဲ့တာတွေကို ကြည့်ရင် စာရင်းကိုင်တွေ၊ စာရင်းစစ်တွေရဲ့ ထောက်ခံချက်တွေဟာလည်း စိတ်မချရဘူး။ ကိုယ်ကျိုးစီးပွားတွေ ပါဝင်နေတယ်ဆိုတာကို တွေ့ရတယ်။ အထူးသဖြင့် ပုဂ္ဂလိကလုပ်ငန်းတွေရဲ့ ထောက်ခံချက်ဟာ စိတ်မချရဘူးဆိုတာ ညွှန်ပြနေတယ်။ အန္တရာယ်အလွန်ကြီးမားတဲ့ အခြေအနေမျိုးကို အလွန်ကောင်းပါသည်လို့ ထောက်ခံတာကြောင့် အများကြီး ဒုက္ခရောက်ကြရတယ်။

အစိုးရက စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားတယ်ဆိုတာဟာလည်း တစ်နည်းအားဖြင့်တော့ ထောက်ခံစာပေးသလိုပါပဲ။ အစိုးရဘဏ်တွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ပေးထားလေတော့ ဘဏ်တွေကို ယုံတာပေါ့။ အဲဒီစည်းမျဉ်းစည်းကမ်းတွေကို ဘဏ်တွေက လိုက်နာကြတယ်။ အစိုးရကလည်း လိုက်နာအောင်လုပ်တယ်။ မလိုက်နာရင် အရေးယူတယ်လို့ပဲ ယုံကြည်ကြတယ်။ ပြီးတော့ ဘဏ်တွေ ဒုက္ခရောက်ရင် အစိုးရက ဝင်ကယ်မှာ သေချာပေါက်လို့ တွက်ထားကြတယ်။ အစိုးရကိုတောင်မှ နှစ်မျိုးခွဲထားကြသေးတယ်။ ဘဏ်အပ်ငွေတွေကို အာမခံထားတယ်။ အာမခံထားမှန်းလည်းသိတဲ့ အစိုးရ၊ အာမခံထားပေမယ့် ကိုယ်အာမခံထားတာကို မသိတဲ့ အစိုးရရယ်လို့တောင် ဆိုရိုးရှိတယ်။ ဒီတော့လည်း ပုဂ္ဂလိကဘဏ်တွေ၊ ပုဂ္ဂလိက လုပ်ငန်းတွေကို စည်းမျဉ်းစည်းကမ်းတွေ ချပေးဖို့ လိုတယ်။

ပြီးတော့ လူတွေ၊ လုပ်ငန်းတွေအားလုံး ဆင်ခြင်တုံတရား ရှိတယ်။ ရောင်းတဲ့ဘက်က အမြတ်အများဆုံး၊ ဝယ်တဲ့ဘက်က တန်ရာတန်ကြေးရဖို့ ကြိုးစားကြတယ်လို့ မြင်တယ်။ တကယ်တမ်းကျတော့ လူတွေ၊ လုပ်ငန်းတွေ အားလုံးဟာ ဆင်ခြင်တုံတရား ရှိမယ်လို့ တွက်ဆလို့မရဘူး။ မြှောက်ရင် မတရား မြှောက်၊ မြှောက်ရင် မတရားမြှောက်၊ အကောင်းမြင်ရင်လည်း သူတို့၊ အဆိုးမြင်ရင်လည်း သူတို့ ဖြစ်နေတတ်တယ်။ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေဟာ တစ်နေ့မှာအားလုံး အငြိမ်းစားယူကြရမှာ ဖြစ်ပေမယ့် ဘယ်သူမှ ပြည့်စုံတဲ့ စုဆောင်းငွေ မရှိကြဘူး။

တစ်ဖက်ကလည်း အစိုးရက အဖေကြီးတစ်ယောက်လို နေရာတကာ ဝင်ပါဖို့ဆိုတာက သာမန် ပြည်သူပြည်သားတွေထက် ဆင်ခြင်တုံတရား ပိုရှိလို့လား။ သတင်းအချက်အလက်တွေ ပိုပြီးများ ပြည့်စုံလို့လားလို့ မေးစရာရှိလာတယ်။ ကိုယ့်ကိုယ်ကို ဒုက္ခ ရောက်အောင် လုပ်တဲ့ သူတွေကို အစိုးရက ဘာကူစရာလိုသလဲ၊ ဘာဝင်ပြီး စည်းကမ်းထိန်းသိမ်းစရာလိုသလဲလို့ မေးလာကြတယ်။ ဒါပေမဲ့ သူတို့ လုပ်တာတွေဟာ သူတို့ပဲ ဒုက္ခရောက်တာမဟုတ်၊ တခြားသူတွေပါ ဒုက္ခရောက်ဖို့ ဖြစ်လာလေတော့ အစိုးရက ဝင်ပါလာရတယ်။ ပြီးတော့ ဒီမိုကရေစီနိုင်ငံမှာ တစ်ယောက်ယောက် ဒုက္ခ ရောက်တာမျိုးကို ထိုင်ကြည့်နေလို့ မရဘူး။ တစ်ဖက်ကလည်း ကိုယ့်အတွက် သူများတွေက စဉ်းစားသူများတွေက ဆုံးဖြတ်ပေးနေရင် ကိုယ့်ဘာသာ စဉ်းစား၊ ကိုယ့်ဘာသာ ဆုံးဖြတ်တဲ့ အလေ့အထကို အားနည်းစေတယ်လို့ ယူဆတဲ့သူတွေ ရှိလာတယ်။

တတိယအချက်က ဈေးကွက်နဲ့ ပုဂ္ဂလိကရဲ့ လုပ်ရပ်တွေဟာ တရားမျှတမှု မရှိနိုင်တာပါ။ ဥပမာ- ဆင်းရဲသားတွေ ဝယ်ယူစားသုံးနိုင်တာမျိုး ဟုတ်ချင်မှ ဟုတ်မယ်။ သူက အကျိုးအမြတ်ကို ဦးတည်တာကိုး ဒီတော့လည်း အစိုးရက အခွန်ကောက်တန်တာကောက်၊ ထောက်ပံ့ကြေး ပေးတန်တာပေး လုပ်ရပြန်တယ်။အစိုးရက မလိုလားတာမျိုးဆို အခွန်ကောက်၊ ဖြစ်စေချင်တာဆို ထောက်ပံ့တဲ့နည်းက အလွယ်ဆုံး နည်းပါ။ အလွယ်ဆုံးနည်းတောင်မှမလွယ် တာတွေ ရှိသေး။

*စာမျက်နှာ (၂၀) သို့*

## မော်တော်ယာဉ် အရောင်းစင်တာနှင့် အရောင်းပြခန်း ကတ်များအတွက် ကောက်ခံမည့်နှုန်းထားများ ထုတ်ပြန်

မော်တော်ယာဉ်အရောင်းစင်တာနှင့် အရောင်းပြခန်းများအတွက် ကတ်များခွင့်ပြု ထုတ်ပေးရာတွင် ကောက်ခံမည့် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်သည်။

ကောက်ခံမည့်နှုန်းထားများမှာ မှတ်ပုံတင်ကြေး ကျပ်တစ်သိန်း၊ သက်တမ်းတိုးကြေး ကျပ်ငါးသောင်း၊ ပြင်ဆင်ကြေး (တစ်ချက်) ကျပ်တစ်သောင်းနှင့် မိတ္တူမှန်ကြေး ကျပ်သုံးသောင်းဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**မယ်သီတာ**

## စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်သက်တမ်းတိုး နောက်ကျခြင်းအတွက် ကောက်ခံမည့်နှုန်းထားများ ထုတ်ပြန်

စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်သက်တမ်းတိုး နောက်ကျခြင်းအတွက် ဒဏ်ကြေးများနှင့် ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများအား ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ကောက်ခံသွားမည် ဖြစ်သည်။ ကောက်ခံမည့် နှုန်းထားများမှာ သက်တမ်းတိုးလျှောက်ထားမှု နောက်ကျခြင်းအတွက် သက်တမ်းကုန်မည့် ပထမတစ်လအတွင်း လျှောက်ထားလျှင် အခမဲ့ပြုလုပ်ပေးမည်ဖြစ်ပြီး၊ သက်တမ်း ကုန်ပြီး ဒုတိယတစ်လတွင် လျှောက်ထားလျှင် ဒဏ်ကြေး ကျပ်သုံးသောင်း၊ သက်တမ်းကုန်ပြီး တတိယတစ်လအတွင်း လျှောက်ထားလျှင် ဒဏ်ကြေး ကျပ်ငါးသောင်း၊ သုံးလကျော်ပြီး ခြောက်လအတွင်း လျှောက်ထားလျှင် ဒဏ်ကြေး ကျပ်တစ်သိန်း ကောက်ခံသွားမည်ဖြစ်သည်။ ခြောက်လကျော်လွန်သည့် မှတ်ပုံတင်များကို ပယ်ဖျက်သွားမည်ဖြစ်သည်။

ပြင်ဆင်ကြေးအဖြစ် ပြင်ဆင်ချက်တစ်ချက်လျှင် ကျပ်တစ်သောင်း ပေးသွားရမည်ဖြစ်ပြီး မိတ္တူမှန်ကြေးအဖြစ် ကျပ်သုံးသောင်း ကောက်ခံသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မယ်သီတာ**

# ခတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်၊ ခတ်ဆီ အဝင်လျော့

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၁၉၁၅၅၄၇ တန်ဖိုးရှိ ဒီဇယ်၆၂၁၀၄ဒသမ၃၀၆ တန်နဲ့ ကန်ဒေါ်လာ ၁၆၀၇၃၇၉၁ တန်ဖိုးရှိ ခတ်ဆီ ၂၃၅၀၃ ဒသမ ၆၉၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ (92)နဲ့ (95) တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၁၈၇၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၆၅၉၀ ကျော် အဝင်လျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၂၄၈၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီ တန်ချိန်၁၃၆၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(95)နဲ့ (92)ဈေးအနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၇၀၅ ကျပ်၊ အောက်တိန်း (92) ၇၁၅ ကျပ်၊ အောက်တိန်း (95) ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၃၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေး ကျပ် ၁၄၂၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၃၀ရက်မှာ ခတ်ဆီဝယ်ဈေး ကျပ်၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်တွင် ဝယ်ဈေးမပြောင်းသော်လည်း ရောင်းဈေး ကျပ် ၂၀၀၀ ဈေးမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်း ယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီတစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၀၀၀၊ ခတ်ဆီ တစ်ဂါလံ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခတ်ဆီ၊ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ခတ်ဆီ တစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ကျပ် ၇၁၀၊အဆင့်မြင့်ဒီဇယ် ၇၅၅ကျပ်၊ အောက်တိန်း (92) ၇၅၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဇန်နဝါရီ ၃၀ ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ်၁၄၄၀၀၀၊ ရောင်းဈေး ကျပ် ၁၄၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဇန်နဝါရီ ၃၀ရက်တွင် ဝယ်ဈေး ကျပ် ၁၂၇၀၀၀၊ ရောင်းဈေးကျပ် ၁၃၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၁၀၀၊ ဓါတ်ဆီ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီ ၊ ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချ နေတဲ့ တစ်ဂါလံ ဈေးများမှာ ခတ်ဆီ ကျပ် ၃၂၀၀၊ ဒီဇယ်ကျပ် ၃၃၃၀၊ အောက်တိန်း ၃၃၇၅ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ်၃၄၀၀၊ အောက်တိန်း တစ်ဂါလံ၃၄၀၀ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးနှုန်းများမှာ ခတ်ဆီတစ်ဂါလံ ၃၄၀၀ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ တစ်ဂါလံ ၃၄၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်တစ်ပတ်က တရုတ်နှစ်သစ်ကူးပွဲတော်ကာလဖြစ်သဖြင့် ငွေလဲနှုန်းများ တည်ငြိမ်ခဲ့ပြီး တရုတ်နှစ်သစ်ကူးကာလအပြီး ယခုတစ်ပတ်တွင်မူ အတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"ဒီတစ်ပတ်ပြည်တွင်းငွေလဲနှုန်းတွေ အတက်အကျအနည်းငယ်နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ တစ်ကျပ်၊ နှစ်ကျပ်လောက်ပဲ အတက်အကျဖြစ်နေတာကြောင့် ဈေးငြိမ်တယ်လို့ပဲ ပြောလို့ရပါတယ်။ ဈေးငြိမ်တော့ အရောင်းအဝယ်လုပ်ရတာ ပိုပြီးအဆင်ပြေပါတယ်။ ပုဂ္ဂလိကဘဏ်တွေကလည်း အရောင်းအဝယ်လုပ်ပေးနေတာကြောင့် အခုလို ပြည်တွင်းငွေလဲနှုန်းငြိမ်နေတာဖြစ်မယ်လို့ ထင်ပါတယ်။ ဈေးကစားတာတွေမရှိဘူးဆိုရင် ဈေးကွက်ထဲမှာ အရောင်းအဝယ်လည်း ဖြစ်တယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသည့် ငွေလဲစင်တာတစ်ခုမှ သိရသည်။

ပုဂ္ဂလိကငွေလဲစင်တာများတွင် ဇန်နဝါရီ ၃၀ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၃၅၅ ကျပ်၊ ရောင်းဈေး ၁၃၅၈ ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် ဝယ်ဈေး ၁၃၅၆ ကျပ်၊ ရောင်းဈေး ၁၃၅၉ ကျပ်ရှိခဲ့သည်။ ဖေဖော်ဝါရီ ၄ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေးများ တစ်ပတ်အတွင်း ကျပ်တစ်သောင်း ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ်တစ်သောင်းကျော် ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

တရုတ်နှစ်သစ်ကူးကာလအတွင်း နယ်စပ်၌ ရွှေအရောင်းအဝယ်များရပ်ဆိုင်းသွားခဲ့သဖြင့် ပြည်တွင်းရွှေဈေးများ ကျဆင်းခဲ့ရခြင်းဖြစ်ပြီး တရုတ်နှစ်သစ်ကူးကာလအပြီးတွင် ရွှေအရောင်းအဝယ်များ ပြန်လည်လုပ်ကိုင်လာကြသဖြင့် ပြည်တွင်းရွှေဈေးများ ပြန်လည်မြင့်တက်လာခဲ့ရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်ပြောကြားခဲ့သည်။

"တရုတ်နှစ်သစ်ကူးမတိုင်ခင်က ပြည်တွင်း ရွှေဈေးရော၊ ကမ္ဘာ့ရွှေဈေးပါ ကျဆင်းလာတယ်။ နယ်စပ်မှာ အရောင်းအဝယ်တွေ ရပ်ဆိုင်းသွားခဲ့တာကြောင့် ရွှေဈေးကျလာရတာပါ။ နှစ်ကူးအပြီးမှာ သူတို့တွေ အလုပ်ပြန်လုပ်လာကြတယ်။ ဒါကြောင့် ပြည်တွင်းမှာ ရွှေဈေးက ပြန်ပြီးမြင့်တက်လာခဲ့တာပါ။ ကမ္ဘာ့ ရွှေဈေးကလည်း လိုက်ပြီးမြင့်လာတော့ ပြည်တွင်းရွှေဈေးလည်း မြင့်တက်လာခဲ့ တာပါ" ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၃၀ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၆၈၀၀၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် ကျပ် ၈၇၅၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၄ ရက်တွင် ကျပ် ၈၇၈၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် ဇန်နဝါရီ ၃၀ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၉၅ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၁၁ သို့ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၂၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာများ ကြမ်းခင်းဈေးအောက်သို့ ဈေးကျဆင်းလာ

YSX တွင် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အစုရှယ်ယာအများဆုံး ရောင်းချခဲ့ရသည့် FBP သည် ယခုတစ်ပတ်တွင် ရှယ်ယာဈေးများကျဆင်းလာခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

FBP အစုရှယ်ယာ၏ ကြမ်းခင်းဈေးမှာ ကျပ် ၃၉၀၀၀ ဖြစ်ခဲ့သော်လည်း ယခုလက်ရှိတွင်မူ ကျပ် ၃၁၀၀၀ ဖြင့်ရောင်းချနေကြောင်း သိရသည်။

အဆိုပါရှယ်ယာ၏ ဈေးကွက်စတင်ဖွင့်လှစ်ရောင်းချသည့် နေ့တွင်သာ အရေအတွက် အများအပြားရောင်းချခဲ့ရသော်လည်း နောက်ပိုင်းတွင် အရေအတွက် အနည်းငယ်သာ ရောင်းချခဲ့ရသည်။

အခြားသော ရှယ်ယာဈေးများမှာလည်း အတက်အကျ အနည်းငယ်ဖြင့်သာဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး MCB ဘဏ်၏ ရှယ်ယာများမှာ မရောင်းရသည့်နေ့များ ပင်ရှိခဲ့ကြောင်း သိရသည်။

YSX သို့ နောက်ထပ်ကုမ္ပဏီ တစ်ခု ထပ်မံဝင်ရောက်လာဦးမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

February 3, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 79.53 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.87 |
| EUR | Euro | 0.93 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.39 |
| I DR | Indonesia Rupiahs | 13352.18 |
| JPY | Japan Yen | 113.09 |
| MYR | Malaysia | 4.43 |
| PKR | Pakistan Rupees | 104.80 |
| PHP | Philippines Pesos | 49.81 |
| RUB | Russia Rubles | 59.42 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1147.30 |
| LKR | Sri Lanka Rupe | 150.58 |
| THB | Thailand Baht | 35.09 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 22628.38 |

*Source:xe.com*

## World Gold Price

February, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 30 | 1189 | 1191 | 1191 |
| 31 | 1199 | 1200 | 1200 |
| 1 | 1206 | 1208 | 1207 |
| 2 | 1214 | 1216 | 1215 |
| 3 | 1211 | 1212 | 1213 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 30-1- 2017 | 869.50 | 869.10 |
| 31-1- 2017 | 873.00 | 873.50 |
| 1-2-2017 | 876.00 | 876.00 |
| 2-2-2017 | 879.00 | 878.20 |
| 3-2-2017 | 876.00 | 876.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 30 | 6 .88 | 35.27 | 79.46 | 68.01 |
| 31 | 6. 88 | 35.20 | 79.45 | 67.83 |
| 1 | 6 88 | 35.15 | 79.57 | 67.54 |
| 2 | 6 .88 | 35.08 | 79.38 | 67.43 |
| 3 | 6.87 | 35.09 | 79.53 | 67.39 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 30- January | 17.13 | 2791.26 | 1851.14 | 5954.82 | 980.00 |
| 31- January | 17.17 | 2838.30 | 1835.90 | 5955.26 | 990.00 |
| 1- February | 17.46 | 2914.16 | 1855.62 | 6071.52 | 992.00 |
| 2- February | 17.63 | 2907.97 | 1853.60 | 6053.15 | 1003.00 |
| 3- February | 17.32 | 2825.54 | 1847.55 | 5889.41 | 992.00 |

Source:kitco.com

## Energy NYMEX 3-2-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.88 | 0.34 | 0.04 |
| Brent Crude Futr (USD/bbl) | 56.85 | 0.29 | 0.51 |
| Gasoline Rbob Fut (Cent/gal) | 153.95 | 0.66 | 0.43 |
| Natural Gas Futr (USD/MMBtu) | 3.15 | -0.04 | -1.22 |
| Heating Oil Futr (Cent/gal) | 165.99 | 0.81 | 0.49 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေ တန်ချိန် ၅၀ သာဝင်

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၇၅၀ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၅၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ထိုင်းနိုင်ငံမှ ဆင်တံဆိပ်တစ်မျိုးတည်းသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၁၅၀၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တင်သွင်းမှု တော်တော်လေးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၅၀ သာဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၁၅၀၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၄၉၅၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၁၁၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၅၉၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၁၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်သွက်ပေမယ့် ဈေးအပြောင်းအလဲမရှိဘဲ ငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၈၀၀၊ မော်လမြိုင် ဆင် ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင် ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** က တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်နေကြပေမယ့် အရောင်းအဝယ်က ထင်သလောက် မသွက်ဘူးလို့ သိရပါတယ်။ ဒါကြောင့်လည်း ဈေးငြိမ်နေတာပါလို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၃၀၀၊ စိန်(ထိုင်း) ကျပ် ၅၄၀၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၆၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီဥတုကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပစ္စည်းအဝင်အထွက်မျှတဲ့အတွက်ကြောင့်လည်း ဈေးအတက်အကျ မရှိငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် (ထိုင်း) ကျပ်၆၄၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါးကျပ် ၄၅၀၀၊ ဆင်(ထိုင်း)ကျပ် ၆၃၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာ အဝင်လျော့

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၉၀၆၀၅ တန်ဖိုးရှိ မြေသြဇာ ၇၁၃၇ ဒသမ ၂၀တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၂၂ဒသမ ၅၀တန်၊ တရုတ်နိုင်ငံမှ ၃၁၆၇ ဒသမ ၇၀ တန်၊ ဂျာမနီနိုင်ငံမှ ၅၁၃ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၂၁၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၅၈၀ နဲ့ ထိုင်းနိုင်ငံမှ ၂၁၄၄တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ အမိုးနီးယမ်းဆာလဖိတ်၊ ပိုတက်၊ အာမို၊ ပိုတက်ဆီယမ်၊ နိုက်တြိုဂျင်နဲ့ ယူရီးယားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်သွင်းတန်ချိန် ၁၁၁၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၀၅၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်နဲ့ တောင်ကြီးမှာ မြေသြဇာအရောင်းပုံမှန်ရှိ

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၇၁၃၀ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၁၁၁၉၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန်ချိန် ၄၀၅၀ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၇၁၆၀ ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် ၁၆၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ မြေသြဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်က မရောင်းရသလောက်ကို အေးပြီး ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားကဈေးငြိမ်ပြီး တီစူပါနဲ့ ပိုတက်က ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)ကျပ် ၂၂၀၀၀၊ ယူရီးယား ( ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၂၅၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၆၅၀၀ ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရ ပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်)က ကျပ်၈၀၀ မှ ကျပ်၁၀၀၀ ဝန်းကျင်၊ တီစူပါ ၁၅ ပတ်လည်က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ယူရီးယား(ယူအေအီး) က ကျပ် ၁၀၀၀ ဈေးကျခဲ့ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၅၀၀ ၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီအကုန် မတ်လဆန်းလောက်မှ အရောင်းအဝယ် ပြန်ကောင်းနိုင်တယ်လို့ မြေသြဇာအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ တီစူပါ ( ၄၆%-တရုတ်) ကျပ် ၂၀၀၀၀၊ မြွားသီးစုံ ကျပ် ၁၄၃၀၀၊ ပန်းသီးစုံ ကျပ် ၁၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့် အဝင်လျော့

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ ၇၆၇၆၉၀ တန်ဖိုးရှိ နို့ဆီ ၅၆၉ ဒသမ ၀၈၈တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ Cow Bell နို့ဆီ ၁၀၉ ဒသမ ၄၄ တန်၊ အိုကေနို့ဆီ ၂၄၀ ဒသမ ၇၆၈ တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်သွင်း တန်ချိန် ၂၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၅၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်ကို ပိုလန်နိုင်ငံမှ ၆၆ တန်၊ မလေးရှားနိုင်ငံမှ ၅၂ ဒသမ ၈၃ တန်၊ နယူးဇီလန်နိုင်ငံမှ ၂၅ ဒသမ ၆၀တန်၊ဂျာမနီနိုင်ငံမှ ၆ ဒသမ ၂၆ တန်၊ စင်ကာပူနိုင်ငံမှ ၃ ဒသမ ၇၉၂ တန်၊ နယ်သာလန်နိုင်ငံမှ သုည ဒသမ ၄၂၈ တန်နဲ့ စပိန်နိုင်ငံမှ သုညဒသမ၃၅၇တန်၊ စုစုပေါင်း ၁၅၅ ဒသမ ၂၆၇ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပိုလန်နိုင်ငံမှ အများဆုံး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်တင်သွင်းတန်ချိန် ၇၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နို့ဆီတင်သွင်းမှုပိုပြီး နို့မှုန့်တင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁ မှ ၂၇/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁ မှ ၂၀/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၁၂·၅၀ | ၆၅၉·၀၀ | (-) | ၁၄၆·၅၀ |
| ၂။ | လွယ်ဂျယ် | ၁၄၃၉·၀၀ | ၄၀၇·၅၀ | (+) | ၁၀၃၁·၅၀ |
| ၃။ | ချင်းရွှေဟော် | ၅၃၈·၅၀ | ၃၂၇·၀၀ | (+) | ၂၁၁·၅၀ |
| ၄။ | ကန်ပိုက်တီး | ၄၅၇၃·၀၀ | ၅၁၃၅·၀၀ | (-) | ၅၆၂·၀၀ |
| ၅။ | တာချီလိတ် | ၅၂၀၀·၀၀ | ၅၆၀၀·၀၀ | (-) | ၄၀၀·၀၀ |
| ၆။ | မြဝတီ | ၃၀၂·၃၀ | ၉၇၈·၁၀ | (-) | ၆၇၅·၈၀ |
| ၇။ | ကော့သောင်း | ၁၅၄၇၂·၀၀ | ၁၂၀၆၆·၄၀ | (+) | ၃၄၀၅·၆၀ |
| ၈။ | မြိတ် | ၃၀၈၅·၀၀ | ၈၂၅·၀၀ | (+) | ၂၂၆၀·၀၀ |
| | စုစုပေါင်း | ၃၁၁၂၂·၃၀ | ၂၅၉၉၈·၀၀ | (+) | ၅၁၂၄·၃၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁ မှ ၂၇/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁ မှ ၂၀/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၆၀၀·၀၀၀ | ၁၁၀၈၀·၅၀၀ | (-) | ၄၈၀·၅၀၀ |
| ၂။ | လွယ်ဂျယ် | ၆၀·၅၀၀ | ၁၃၀·၀၀၀ | (-) | ၆၉·၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၇၈·၀၀၀ | ၁၂၄၄·၂၅၀ | (-) | ၁၀၆၆·၂၅၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၂၀၈၅·၄၄၈ | ၁၅၅၄·၈၄၂ | (+) | ၅၃၀·၆၀၆ |
| ၆။ | ကော့သောင်း | ၂၄၃·၀၀၀ | - | (+) | ၂၄၃·၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၄၀၀၀·၀၀၀ | ၂၂၀၀·၀၀၀ | (+) | ၁၈၀၀·၀၀၀ |
| | စုစုပေါင်း | ၁၇၁၆၆·၉၄၈ | ၁၆၂၀၉·၅၉၂ | (-) | ၉၅၇·၃၅၆ |

ခင်မိုးသူ

## နှမ်း / မြေပဲ

# ဝယ်လက်ပျောက်လို့ ပြည်နှမ်းဈေးကျ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ဝယ်လက်ပျောက်ပြီး အဝင်များလာသဖြင့် ဈေးဆက်တိုက်ကျလာတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း၊ ပေါင်းတည်နှင့် နတ်တလင်းဘက်မှ တစ်နေ့ကို အိတ် ၅၀၀ ခန့်အဝင်ရှိနေတာ တွေ့ရပါတယ်။လက်ရှိအချိန်တွင် ဝယ်လက်အဝယ်မရှိတဲ့အတွက် ဈေးကွက်တွင် နှမ်းလက်ကျန်များနေသဖြင့် ဈေးကျနေတာ တွေ့ရပါတယ်။ မနှစ်ကနဲ့ နှိုင်းယှဉ်ပါက ယခုနှစ်တွင် နှမ်းဈေးများ ကျလာရခြင်းမှာ ဝယ်လက်ပျောက်နေ သဖြင့် ဈေးကျနေတာ ဖြစ်တယ်လို့သိရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင်ကျပ် ၃၀၀၀၀နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ်၃၈၃၀၀ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာတာ တွေ့ရပါတယ်။ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၄၀၀ဖြင့် ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း**

# ပြည်မြေပဲဆန် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နယ်စုံမှ မြေပဲဆန်အိတ် တစ်နေ့လျှင် ၁၂၀၀-၁၃၀၀ ခန့် ဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ လုံးဆန်(အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိပြီး၊ လုံးဆန် (အနီ) ကို မြေပဲလှော်ဖိုများက အဝယ်ရှိနေတာ တွေ့ရပါတယ်။ ဆီဆန်ကို ဆီစက်သမားများက အဝယ်ရှိနေသော်လည်း ဈေးမမြင့်ဘဲဈေးငြိမ်နေတာတွေ့ရပါတယ်။မြေပဲဆန်ဈေးမှာဆီဆန် တစ်ပိဿာ ၁၆၂၅ ကျပ်၊ လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ်၂၀၀၀နဲ့လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၃၅၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်သော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိတာတွေ့ရပါတယ်။ **ဝေဝေမင်း**

## စားအုန်းဆီ



# ထုတ်လုပ်မှုကျဆင်းပြီး ပြည်ပတင်ပို့မှု မြင့်တက်သဖြင့် စားအုန်းဆီဈေးနှုန်းမြင့်တက်

ထွက်ရှိလာသော ကိန်းဂဏန်းအချက်အလက်များအရ ထုတ်လုပ်မှုကျဆင်းနေသည်ကို တွေ့ရှိရပြီး ပြည်ပတင်ပို့မှုမှာလည်း မြင့်တက်လျက်ရှိသဖြင့် မလေးရှား စားအုန်းဆီဈေးနှုန်းမှာ ဖေဖော်ဝါရီ ၂ ရက်က ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange) တွင်မတ်လအတွက် ချုပ်ဆိုသော စားအုန်းဆီ အခြေခံစံထားဈေးနှုန်းမှာ တစ်တန်ကို ၃၀၇၁ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၉၂ ဒသမ ၂၉ ဒေါ်လာ) နှုန်းအထိ မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၂ ရက်က ရောင်းချရသည့် ပမာဏမှာ ၂၅ တန်ရှိ အတွဲ ၂၇၀၀၂ တွဲ ရှိခဲ့သည်။

ထုတ်လုပ်မှုကျဆင်းခြင်း၊ ပို့ကုန်ကိန်းဂဏန်းများ မြင့်တက်လာခြင်းနှင့် ရင်းဂစ်တန်ဖိုး ကျဆင်းခြင်းတို့က စားအုန်းဆီ ကြိုရောင်းဈေးများ မြင့်တက်စေရန်အတွက် အထောက်အကူဖြစ်ခဲ့ကြောင်း ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။

“ဒီကနေ့ဈေးနှုန်းကို အကျိုးသက်ရောက်မှုဖြစ်စေတဲ့ အကြောင်းတရားတချို့ရှိနေပါတယ်။ ဒီအကြောင်းတရားတွေကတော့ ထုတ်လုပ်မှုအခြေအနေ၊ အားနည်းနေတဲ့ရင်းဂစ်တန်ဖိုးနဲ့ ပို့ကုန် ကိန်းဂဏန်းအချက်အလက်တွေ မြင့်တက်နေတာပဲ ဖြစ်ပါတယ်”ဟု ထိုကုန်သည်က ပြောသည်။

ပို့ကုန်မြင့်တက်မှုနှင့် ထုတ်လုပ်မှုကျဆင်းခြင်းတို့က ရေတိုမှာ ဈေးနှုန်းမြင့်တက်စေသည့် အကြောင်းတရားများဖြစ်ကြောင်းလည်း သူကပြောသည်။ မလေးရှားစားအုန်းဆီ၏ ဇန်နဝါရီထုတ်လုပ်မှုမှာ ၂၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Southern Peninsula Palm Oil Millers Association (SPPOMA) မှ ဖေဖော်ဝါရီ ၂ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

“ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် SPPOMA တို့က ဇန်နဝါရီအတွက် ထုတ်ပြန်သောစာရင်းများအရ ဖေဖော်ဝါရီ ၃ ရက်မှာ စားအုန်းဆီဈေးကွက်က နေ့အလိုက် မြင့်တက်လာတာကို တွေ့ရပါတယ်”ဟု သူကပြောသည်။

ဇန်နဝါရီအတွက် မလေးရှား စားအုန်းဆီ တင်ပို့မှုက ၁၁၇၄၈၉၃တန်ရှိခဲ့တဲ့အတွက် ဒီဇင်ဘာလ တင်ပို့ခဲ့တဲ့ ၁၀၈၆၅၂၃တန်နဲ့ နှိုင်းယှဉ်ရင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရကြောင်းကုန်စည်စစ်တမ်း ကောက် ယူရေးအဖွဲ့ Intertek Testing Services က ဖေဖော်ဝါရီ ၂ ရက်က ထုတ်ပြန်ခဲ့သည်။

အရောင်းအဝယ်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကလည်း စားအုန်းဆီကြိုရောင်းဈေးကို အထောက်အကူဖြစ်စေကြောင်း ကုန်သည်တစ်ဦးက ပြောသည်။ စားအုန်းဆီရောင်းဝယ်ရာတွင် အဓိကငွေကြေးဖြစ်သော ရင်းဂစ်တန်ဖိုးမှာ သုညဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၃၆ ရင်းဂစ်နှုန်းဖြစ်ခဲ့သည်။ ရင်းဂစ်တန်ဖိုးကျဆင်းခြင်းကြောင့် နိုင်ငံခြားငွေဖြင့် ဖလှယ်ဝယ်ယူရမည့် ဝယ်လက်များအတွက် စားအုန်းဆီက ဈေးနှုန်းအရ ဆွဲဆောင်မှုရှိခဲ့သည်။

အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့(CBOT) တွင် ဇန်နဝါရီအတွက် ချုပ်ဆိုသော ပဲပုပ်ဆီဈေးက သုညဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသည်။ တရုတ်နိုင်ငံ ဒါလီယံ ဈေးကွက်မှာတရုတ်နှစ်သစ်ကူးပွဲအတွက် ပိတ်ထားပြီး ဖေဖော်ဝါရီ ၃ရက်တွင် ပြန်ဖွင့်ခဲ့သည်။ **ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၃-၂-၂၀၁၇)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၁၅၀ | ▽ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၉၆၅ | ၁၉၂၅ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၃၀ | ၂၀၂၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၂၁၃၀ | ၂၀၃၀ | ▽ |
| မကွေး | ၄၃၀၀ | ၃၇၀၀ | ▽ | ၃၈၀၀ | ၃၅၀၀ | ▽ | ၂၁၅၀ | ၂၀၅၀ | ▽ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၈၀ | ၂၀၅၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃-၂-၂၀၁၇ US$/Ton

| အမျိုးအစား | ဇန်နဝါရီတတိယပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၅၂.၅၀ | ၇၆၅.၅၀ | △ |
| RBD P.Olein | ၇၅၆.၀၀ | ၇၆၅.၅၀ | △ |
| RBD P.Stearin | ၇၅၆.၀၀ | ၇၅၃.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃- ၂ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) |
|---|---|---|
| | | Cloud Point 8˚CMax |
| CIF ဈေး | (CIFx USD)/ 612 | ၁၇၄၂.၆၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၃၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၇၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၆၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၄.၃၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၅.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၀၇.၃၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃-၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8˚C Max ၇၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၅၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃-၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ယခုနှစ်ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၂ သန်းခန့် တင်ပို့နိုင်ပြီး ယခင်နှစ်ထက်ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ပိုမိုတင်ပို့နိုင်



| ရှင်မင်းအုံ့ (တန့်ဆည်) |

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒ ၁၂ရပ် အနက် "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်စုံညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာ စက်မှုကဏ္ဍ ချိန်ခွင်လျှာကိုက်ညီသည့် စီးပွားရေး ပုံစံဖော်ထုတ်ရန် ဆိုတဲ့အချက် ခြောက်ချက်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ လယ်ယာကဏ္ဍက ထွက်ရှိတဲ့ပို့ကုန်တွေကို ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီလ တတိယပတ်အထိ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုအခြေအနေကို ကြည့်လျှင် ပို့ကုန်အမေရိကန် ဒေါ်လာ ၉ ဘီလီယံ ကျော် တင်ပို့နိုင်ပြီး သွင်းကုန်အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံကျော် တင်သွင်းခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော် ဆောင် ရွက်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီပမာဏကို ပြီးခဲ့တဲ့နှစ်ကာလတူက အခြေအနေနဲ့နှိုင်းယှဉ်ရင်တော့ ပို့ကုန် ကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် ပိုမိုတင်ပို့နိုင်ပြီး သွင်းကုန် ကဏ္ဍမှာ အမေရိကန်ဒေါ်လာ သန်း ၅၇၀ ကျော် လျော့နည်းတဲ့အတွက် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာသန်း ၁၃၀ ကျော် ပိုမို ဆောင်ရွက်နိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ပို့ကုန်တင်ပို့မှုမှာ သဘာဝဓါတ်ငွေ့ တင်ပို့မှုက ၂၆ ရာခိုင်နှုန်းနဲ့ ပထမနေရာမှာ ရှိနေပြီး လယ်ယာကဏ္ဍတင်ပို့မှုက ၂၄ ရာခိုင်နှုန်းနဲ့ ဒုတိယနေရာမှာ ရပ်တည်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ CMP ကဏ္ဍတင်ပို့မှုက ၂၀ ရာခိုင်နှုန်းနဲ့တတိယ နေရာမှာ ရှိနေပြီး ကျန်ရေထွက်ကုန်ပစ္စည်းကဏ္ဍ၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းနှင့် အခြားပစ္စည်းတွေရဲ့ တင်ပို့ခဲ့တဲ့ပမာဏကတော့ ရာခိုင်နှုန်း ၃၀ သာရှိတာကို တွေ့ရမှာဖြစ်ပါတယ်။




အဲဒီလို ပို့ကုန်တင်ပို့မှုတွေအနက် လယ်ယာကဏ္ဍတင်ပို့မှုကို အနည်းငယ် သုံးသပ်ကြည့်မယ်ဆိုရင် အမေရိကန်ဒေါ် လာ ၁၁၆၂ သန်းတန်ဖိုးရှိတဲ့ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၁သန်းခန့် တင်ပို့နိုင်ခဲ့သလို အမေရိကန်ဒေါ်လာ သန်း ၃၈၀ ခန့်တန် ဖိုးရှိတဲ့ ဆန်နဲ့ဆန်ကွဲတန်ချိန် ၁ ဒသမ ၂ သန်းခန့်တင်ပို့နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါ တယ်။

ဒ့ါအပြင် အမေရိကန်ဒေါ်လာ ၁၈၅ သန်းခန့်တန်ဖိုးရှိတဲ့ ပြောင်းတန်ချိန် ကိုးသိန်းခန့်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂၇ သန်းတန်ဖိုးရှိတဲ့နှမ်းတန်ချိန် ကိုးသောင်းကျော်၊ အမေရိကန်ဒေါ်လာ ၁၃၅ သန်းတန်ဖိုးရှိတဲ့ ရော်ဘာစိမ်းတန် ချိန် တစ်သိန်းကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် လယ်ယာကဏ္ဍက ထွက်ရှိတဲ့ကုန်ပစ္စည်းတွေတင်ပို့မှုက ပို့ကုန်တိုးမြှင့်ရေးအတွက် များစွာ အထောက်အကူဖြစ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

မြန်မာ့လယ်ယာထွက်ကုန်တင်ပို့မှု တွေအနက် ဆန်နဲ့ဆန်ကွဲတင်ပို့မှုကို သုံးသပ်ကြည့်ပါက ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာသန်း ၁၂၀ တန်ဖိုးရှိတဲ့ ဆန်နဲ့ဆန်ကွဲတန်ချိန် လေးသိန်းကျော် တင်ပို့နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၅၆ သန်းတန်ဖိုးရှိတဲ့ ဆန်နဲ့ ဆန်ကွဲ တန်ချိန် ရှစ်သိန်းခန့်ကို တင်ပို့နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီအချက်ကိုကြည့်ရင် နယ်စပ်ကုန်သွယ်မှုပမာဏဟာ စုစုပေါင်းတင်ပို့မှုရဲ့ ၆၈ ရာခိုင်နှုန်းရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနဲ့နယ် နိမိတ်ထိစပ်မှုရှည်လျားတာကြောင့် မြန်မာနိုင်ငံက ထွက်ရှိတဲ့လယ်ယာထွက်ကုန်တွေကို တရုတ်နိုင်ငံကိုသာ အဓိကထားပြီး တင်ပို့နေရတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းတွေအနက် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ဟာ တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုမှာ အဓိကအချက်အခြာကျတဲ့ ကုန်သွယ်ရေးဇုန်တစ်ခုလည်း ဖြစ်ပါတယ်။

အဲဒီမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေး ဇုန်ကနေ တရုတ်နိုင်ငံကို ဆန်နဲ့ဆန်ကွဲ တန်ချိန် လေးသိန်းခွဲတင်ပို့နိုင်ခဲ့ပါတယ်။ အလားတူ တရုတ်နယ်စပ်နဲ့ထိစပ်နေတဲ့ အခြားသောကုန်သွယ်ရေးစခန်းတွေဖြစ်တဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန် နဲ့ဆန်ကွဲတန်ချိန် သုံးသိန်းခန့်၊ ချင်းရွှေဟော်စခန်းမှ ဆန်နဲ့ဆန်ကွဲတန်ချိန် နှစ်သောင်းခန့် တင်ပို့နိုင်ခဲ့ပြီး ကျန်ကုန်သွယ်ရေးစခန်းတွေဖြစ်တဲ့ ကန်ပိုက်တီ၊ ကျိုင်းတုံနဲ့ တာချီလိတ်စခန်းတွေကတော့ တန်ချိန်အနည်းငယ်စီသာ တင်ပို့ခဲ့တာကို တွေ့ ရမှာဖြစ်ပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ဟာ မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှုမှာ အဓိက အကျဆုံး ကုန်သွယ်ရေးစခန်းပဲ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်က အကြမ်းဖက်သောင်းကျန်းသူများရဲ့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် နိုဝင်ဘာလ ၂၄ ရက်အထိ ကုန်သွယ်မှုများ ယာယီရပ်ဆိုင်းသွားခဲ့ရပါတယ်။

ဒါပေမဲ့လည်း တပ်မတော်စစ်ကြောင်းများက နယ်မြေအေးချမ်းတည်ငြိမ်ရေးအတွက် အချိန်နဲ့တစ်ပြေးညီ ဝင် ရောက်ထိန်းသိမ်းပေးခဲ့သလို ကုန်သွယ်ရေးဦးစီးဌာနနဲ့ OSS အဖွဲ့ဝင်ဝန်ထမ်းများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့ဝင်များနဲ့ ကုန်သည်လုပ်ငန်းရှင်များရဲ့ ပူးပေါင်းဆောင် ရွက်မှုကြောင့် နိုဝင်ဘာလ ၂၅ ရက်မှာ လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုအချိန်မှာတော့ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှာ ဒေသတည်ငြိမ် အေးချမ်းမှုရရှိလာပြီဖြစ်တဲ့အတွက် ကုန် သွယ်မှုကို အရှိန်အဟုန်နဲ့ ပြန်လည်ဆောင် ရွက်နေပြီဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်မှုများကို ဆောင်ရွက်ရာမှာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာအခြေခံကျတဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။ နယ် မြေဒေသတည်ငြိမ်အေးချမ်းမှသာ ကုန်သွယ်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါပေမဲ့လည်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သွားရာလမ်းတွေဖြစ်တဲ့ ကွတ်ခိုင်၊ နမ့်ဖတ်ကာ၊ နမ့်ဆန်ဒေသ တွေမှာတော့ နယ်မြေအေးချမ်းမှု သိပ်မရရှိ သေးတာတွေ့ရပါတယ်။

ဒါကြောင့်လည်း ကုန်သည်လုပ်ငန်း ရှင်များဟာ လမ်းခရီးသွားလာရေးလုံခြုံမှုရှိတဲ့ လွယ်ဂျယ်စခန်းနဲ့ ချင်းရွှေဟော်စခန်းတို့မှ တစ်ဆင့် ကုန်သွယ်မှုတွေကို ယခင်ကထက် ပိုမိုဆောင်ရွက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ယခင်က တရုတ်နိုင်ငံသို့ ဆန်တင်ပို့ ရာမှာ မြန်မာ့ဆန်များကို တစ်ဖက်နိုင်ငံက ကုန်သည်တွေက မကြာခဏဆိုသလို ဆန်ရဲ့ အရည်အသွေးပေါ် မူတည်ပြီး ငြင်းပယ်ခဲ့တဲ့အတွက် မြန်မာဆန်ကုန်သည်တွေဟာ နစ်နာဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေခဲ့ရပါတယ်။

ဒါကြောင့်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက တာဝန်ရှိသူတွေဟာ မိမိနိုင်ငံကထွက်ရှိတဲ့ ဆန်များကို အရည်အသွေးကောင်းဆန်များ၊ တန်းမြင့်ဆန်များ ထွက်ပေါ်လာစေရေးနဲ့ ဈေးကွက်ဝင်စံချိန်စံညွှန်းနဲ့အညီ ဖြစ်ပေါ်လာစေရေးတို့အတွက် တစ်ဖက်နိုင်ငံက ပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ခဲ့ပါတယ်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရဲ့ AQSIQ မှ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများနဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တွေ့ဆုံခဲ့ကြပြီး တန်းမြင့်ဆန်ရရှိရေး၊ ပြည်ပဈေးကွက်ဝင်ဆန်များရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်ပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံကထွက်ရှိလာတဲ့ဆန်တွေဟာ ပြည်ပဈေးကွက်ဝင်တဲ့ဆန်များအဖြစ် နာမည်ပြန်လည်ရရှိလာခဲ့ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့တွေ့ဆုံစဉ်က မြန်မာနိုင်ငံမှ ဆန်ကို ပိုမိုဝယ်ယူရေးအတွက် ဆန်ပိုမိုတင်ပို့နိုင်ရန် နှစ်နိုင်ငံအစိုးရခြင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

ဒ့ါအပြင် ဖိလစ်ပိုင်နိုင်ငံကလည်း မြန်မာနိုင်ငံမှဆန်ကို ဝယ်ယူဖို့ ကမ်းလှမ်းလာတဲ့အတွက် အစိုးရခြင်းချိတ်ဆက်ပြီး ရောင်းချနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၉ ရက်နဲ့ ၁၀ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့မှာ ကျင်းပတဲ့ (၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးမှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း တွေဖြစ်တဲ့ ဆန်၊ ကြက်သွန်နီ၊ ပဲအမျိုးမျိုးတို့ကို ပင်လယ်ရေကြောင်းမှ တင်ပို့လိုကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးခဲ့ကြပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးနဲ့ ပြည်ထောင်စု ဝန်ကြီးတို့ ဇန်နဝါရီလ ၂၃ ရက်က တွေ့ဆုံခဲ့စဉ် သီရိလင်္ကာနိုင်ငံအနေဖြင့် မြန်မာ နိုင်ငံမှ ဆန်တန်ချိန် ငါးသောင်းကို ဝယ်ယူခွင့်ရရှိဖို့အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုကြောင်း ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ဒါကြောင့် သီရိလင်္ကာနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှတာဝန်ရှိသူများဟာ သီရိ လင်္ကာနိုင်ငံမှ တာဝန်ရှိသူများနဲ့ အသေး စိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံရဲ့ အဓိကသယံဇာတပို့ကုန်ဖြစ်တဲ့ သဘာဝဓာတ်ငွေ့ဟာ ကမ္ဘာ့ဈေးကျဆင်းလာခဲ့သလို ထုတ်လုပ်မှုကလည်း တဖြည်းဖြည်း လျော့နည်းလာခဲ့တဲ့အတွက် ပို့ကုန်ပမာဏ လျော့ကျသွားခဲ့ရပါတယ်။

ဒါပေမဲ့လည်း လယ်ယာထွက်ကုန်များကို ပိုမိုတင်ပို့နိုင်ဖို့ ကြိုးပမ်းဆောင် ရွက်လျက်ရှိတာကြောင့် ကုန်သွယ်မှုပမာဏ ပိုမိုမြင့်တက်လာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အခုလို ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံမှာသာမက တစ်ကမ္ဘာလုံးမှာ ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုမရှိခြင်းများ စတဲ့ကုန်သွယ်မှုကို အဟန့်အတားတွေ၊ အတားအဆီးတွေ ဖြစ်ပေါ်ခဲ့ပေမယ့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူ အဆင့်ဆင့်ရဲ့ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံ အသင်းအဖွဲ့များ၊ ကုန်သည် လုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနများနဲ့ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှုများကြောင့် ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ပို့ကုန်သုံးဆ တိုးမြှင့်ရေးကို ရည် မှန်းချက်ထားရှိကာ အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှ ပို့ကုန်တိုးမြှင့်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်နေတာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၁၆-၁၇ ရာသီအတွက် အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှု ပမာဏ တန်ချိန် ခုနစ်သန်းခန့် လျော့နည်းနိုင်

နောက်ဆုံးထုတ်ပြန်ထားသည့် အစီရင်ခံစာများအရ အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်နိုင်မှု ပမာဏမှာ ကောင်းမွန်သည့်အနေအထားသို့ရောက်ရှိလာပြီဖြစ်သော်လည်း လာမည့်လများ၌ ခက်ခဲကျပ်တည်းသည့် အခြေအနေနှင့် တွေ့ကြုံရဖွယ်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ဒီဇင်ဘာလ ၃၁ ရက်အထိ သကြား ပမာဏတန်ချိန် ၈ ဒသမ ၀၉ သန်းခန့် ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခင်နှစ် အလားတူကာလ ထုတ်လုပ်နိုင်မှု ပမာဏမှာ တန်ချိန် ၈ ဒသမ ၀၅ သန်းခန့်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ သကြားကဏ္ဍတွင် သကြားထုတ်လုပ်နိုင်မှုစာရင်းဇယားအချက်အလက်များအရ အနည်းငယ်ကောင်းမွန်လာသည့် အခြေအနေ ဖြစ်သော်လည်း ၎င်းကဏ္ဍသည် လာမည့်လများ၌ ကောင်းမွန်သည့်အနေအထားတွင် မရှိနိုင်ကြောင်း၊ နိုင်ငံအတွင်း သကြားအများဆုံးထုတ်လုပ်သည့်ပြည်နယ်ဖြစ်သည့် မဟာရာရှ်ထရာပြည်နယ်တွင် ပြည်နယ်အတွင်းရှိ သကြားစက် ၁၇၇ စက်အနက် ၂၅ စက် နီးပါးသည် ကြံအထွက်နှုန်း လျော့နည်းသည့်အတွက် လုပ်ငန်းများ ရပ်ဆိုင်းထားကြကြောင်း သို့ဖြစ်၍ အဆိုပါ ပြည်နယ်၏ သကြားထုတ်လုပ်နိုင်မှု ပမာဏမှာ ယခင်နှစ်အလားတူကာလ ထက် ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း၊ ထိုမျှသာမက လာမည့် ဖေဖော်ဝါရီလကုန် တွင်လည်း အဆိုပါ ပြည်နယ်အတွင်းရှိ အခြားသော သကြားစက်အမြောက်အများမှာလည်း လုပ်ငန်းများရပ်ဆိုင်းလာဖွယ်ရှိကြောင်း သိရှိရပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ မဟာရာရှ်ထရာပြည်နယ်ရှိသကြားစက်များ၏ သကြားထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၂ ဒသမ ၅၂၅ သန်းခန့်ဖြစ်ပြီး၊ ပြီးခဲ့သည့် နှစ်အလားတူကာလတွင် တန်ချိန် ၃ ဒသမ ၃၇ သန်းရှိခဲ့ကြောင်း၊ အဆိုပါ ပြည်နယ်အတွင်းရှိ Kolhopur Sangli Satara နှင့် ပူနေးခရိုင်တို့ရှိ သကြားစက်များမှာ မိုးခေါင်ရေရှားမှုဒဏ်ကို ဆိုးရွားစွာခံစားရခြင်းမရှိဘဲ ယခင်နှစ် ထုတ်လုပ်နိုင်သည့်ပမာဏနီးပါး ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၏ သကြားထုတ်လုပ်နိုင်မှုပမာဏမှာ ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှုထက် ၅၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ ၎င်းပြည်နယ်အတွင်းရှိ လုပ်ငန်းလည်ပတ်နေသော သကြား စက်ပေါင်း ၁၁၆ ခုနီးပါးက သကြား တန်ချိန် ၂ ဒသမ ၇၄ သန်းကို ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် လက်ရှိသကြားရာသီ၏ ပထမဆုံးသုံးလပတ်ဖြစ်သည့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း သကြားထုတ်လုပ်မှုပမာဏ သိသိသာသာလျော့ကျခဲ့ပြီး၊ ငွေစက္ကူတရားမဝင်ကြေညာသည့် အစိုးရ၏ ဆိုးကျိုးများကိုလည်း အဓိကအားဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ အဆိုပါကာလအတွင်း သကြားဝယ်လိုအားပမာဏမှာလည်း တန်ချိန် သုည ဒသမ ၅ သန်းခန့်နီးပါး လျော့ကျခဲ့ကြောင်း Indian Sugar Mill Association (ISMA) က ပြောကြားထားပါသည်။

ကမ္ဘာပေါ်တွင် သကြားဒုတိယအများဆုံးထုတ်လုပ်သူနှင့် သကြားအများဆုံး သုံးစွဲသူဖြစ်သည့် အိန္ဒိယနိုင်ငံသည် ၂၀၁၆-၁၇ ရာသီတွင် သကြားတန်ချိန် ၂၃ ဒသမ ၄ သန်း ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသော်လည်း သကြားလုပ်ငန်းဆိုင်ရာ ပညာရှင်များကမူ ရာသီကုန်သည့် အချိန်တွင် သကြားထုတ်လုပ်မှုပမာဏမှာ တန်ချိန်ခြောက်သန်းမှ ခုနစ်သန်း ဝန်းကျင် လျော့နည်းနိုင်ကြောင်း ပြောကြားထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## မြန်မာနိုင်ငံအပါအဝင် One Belt, One Road တစ်လျှောက်နိုင်ငံများရှိ စီမံကိန်းများ၌ ဟောင်ကောင်၏ ထိပ်တန်းလုပ်ငန်းများ အကျိုးအမြတ်ရရှိမည်

ဟောင်ကောင်တွင် စာရင်းဝင် ထားသော ကုမ္ပဏီများ၏ ပထမအသုတ်ကုမ္ပဏီများအနက် စွမ်းအင် ရောင်းချသည့် Power supplier CLP Holdings နှင့် မီးရထားလမ်းလုပ်ငန်း MTR Corp ထိပ်တန်းလုပ်ငန်းများမှာ မြန်မာနိုင်ငံ အပါအဝင် One Belt, One Road တစ်လျှောက်နိုင်ငံများရှိ စီမံကိန်း များမှ အကျိုးအမြတ်များအား ရရှိနိုင် မည်ဖြစ်သည်။

CLP Holdings ကုမ္ပဏီသည် အိန္ဒိယနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဗီယက်နမ်နိုင်ငံတွင် စွမ်းအင်ဆိုင်ရာ လုပ်ငန်းများအတွင်း တရုတ်ပြည်မကြီးမှ ဘဏ္ဍာရေးဆိုင်ရာ ကုမ္ပဏီနှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ပြီးဖြစ်ကြောင်း ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာက (၁၀) ကြိမ်မြောက် အာရှဘဏ္ဍာရေးဖိုရမ်တွင် ပြောကြားခဲ့သည်။

တရုတ်အစိုးရက ၂၀၁၃ တွင် စတင်ခဲ့သော Belt & Road စီမံကိန်းသည် တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများ၊ အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပတို့ရှိနိုင်ငံပေါင်း ၆၀ ကျော်သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်ရေးစီးဆင်းမှု မြှင့်တင်နိုင်စေ ရန်အတွက် မီးရထားလမ်းများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ လမ်းများနှင့် အခြားအခြေခံအဆောက်အအုံ စီမံကိန်းများ ဆောက်လုပ်ရန်ရည်ရွယ်ခြင်းဖြစ်ပြီး ၎င်းဈေးကွက်များမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးသက်သာသည့် စွမ်းအင်များလိုအပ်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း စွမ်းအင်လုပ်ငန်းများတွင် များစွာရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအခြေအနေမှာ Belt & Road စီမံကိန်းများတွင် MTR ကဲ့သို့ ဟောင်ကောင်၏ ကုမ္ပဏီများနှင့် များစွာ ဆက်နွယ်နေကြောင်း၊ ဟောင်ကောင်တွင် လေဆိပ်များ၊ ဆိပ်ကမ်းများ ဆောက်လုပ်ခြင်း၌ ကျွမ်းကျင်သောကုမ္ပဏီများစွာရှိသည့် အပြင် Belt & Road နိုင်ငံများတွင် လိုအပ်သော ကုန်စည်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ကမ်းလှမ်းပေးနိုင်သော လုပ်ငန်းများစွာရှိကြောင်း၊ Belt & Road စီမံချက်တွင် Green bonds အပါအဝင် ရန်ပုံငွေအမြောက်အများ လိုအပ်မည်ဖြစ်ကြောင်း၊ ယမန်နှစ်တွင် Green bonds များ အမေရိကန်ဒေါ်လာသန်း ၆၀၀ တန်ဖိုးကမြှင့်တင်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း MTR ဥက္ကဋ္ဌဖြစ်သူ Ma ကပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## အရည်အသွေးနိမ့် တရုတ်သံမဏိစက် ဝင်ရောက်လာ၍ ပြည်တွင်းသံမဏိဈေးကွက်အား ထိခိုက်မည်ကို ထိုင်းလုပ်ငန်းရှင်များစိုးရိမ်

တရုတ်နိုင်ငံသည် သံမဏိဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းနေမှုကိုကာကွယ်ရန်ရည်ရွယ်၍ သံမဏိထုတ်လုပ်မှုကို လျှော့ချရန်အတွက် သံမဏိစက်ရုံများကို စစ်ဆေးခဲ့သောကြောင့် တရုတ်ပြည်မှ အရည်အသွေးညံ့သော သံမဏိစက်များ ဝင်ရောက်လာမည်ကို ထိုင်းလုပ်ငန်းရှင်များ အထူးစိုးရိမ်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် နှစ်စဉ်သံမဏိထုတ်လုပ်မှု တန်ချိန်သန်း ၇၀၀ ရှိကြောင်း၊ ထုတ်လုပ်မှုကိုလျှော့ချ၍ ရောင်းလိုအားနှင့်ပြည်ပတင်ပို့မှုကို ထိန်းညှိမည်ဖြစ်ကြောင်း၊ အရည်အသွေးနိမ့်သံမဏိထုတ်လုပ်မှု တန်ချိန် ၁၅၀ အထိ လျှော့ချမည်ဖြစ်ကြောင်း၊ သံမဏိအရောင်းများပြီး ဈေးနှုန်းကျဆင်းမှုကို ကာကွယ်ရန်အတွက် တရုတ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ် အနည်းငယ်ကတည်းက စံချိန်မမီသော သံမဏိစက်ရုံများအား ပိတ်သိမ်းခဲ့ကြောင်း၊ အရည်အသွေး မမီသော တရုတ် သံမဏိစက်များ အား ထိုင်းလုပ်ငန်းရှင်များသို့ ရောင်းချရန်အတွက် တရုတ်ကုမ္ပဏီများသည် နည်းလမ်းအမျိုးမျိုးဖြင့် ချိတ်ဆက်လျက် ရှိကြောင်းနှင့် အရည်အသွေးနိမ့်တရုတ်သံမဏိစက်များသည် လေထုညစ်ညမ်းမှုကို ပိုမို ဆိုးရွားစေသည့်အပြင် ထိုင်းသံမဏိလုပ်ငန်းများ၏ ပုံရိပ်ကိုလည်း ထိခိုက်ကျဆင်းစေမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် အရည်အသွေးအာမခံချက်မရှိသော တရုတ်နိုင်ငံထုတ်သံမဏိစက်များကို အသုံးပြု၍ အရည်အသွေးနိမ့်သံမဏိများကို ပိုမိုထုတ်လုပ်လာမည်ဆိုပါက နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို ဦးစားပေး၍ အကောင်အထည်ဖော်လျက်ရှိသည့် တိုင်းပြည်၏ စတုတ္ထစက်မှုတော်လှန်ရေး Thailand 4.0 နှင့် ဆန့်ကျင်နေပြီး ကမ္ဘာ့ဈေးကွက်အတွင်း ထိုင်းသံမဏိ၏ ယှဉ်ပြိုင်မှုကိုပါ ကျဆင်းမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် သံမဏိအများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ဂျပန်၊ တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)နှင့် ရုရှားနိုင်ငံတို့ အဓိကတင်သွင်းပါသည်။ ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံမှ သံမဏိတန်ချိန်ငါးသန်းကို တင်သွင်းခဲ့သည်။ အစိုးရ၏ အခြေခံအဆောက်အအုံ စီမံကိန်းများကြောင့် ပြည်တွင်းသံမဏိသုံးစွဲမှုမြင့်တက် လာမည်ဖြစ်ရာ လုပ်ကိုင်ခွင့်ရရှိသည့် ကုမ္ပဏီများအနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်သည့်သံမဏိအား ၅၀ ရာခိုင်နှုန်းအထိ အသုံးပြုရမည့် စည်းမျဉ်း စည်းကမ်းများကို ချမှတ်ပေးမှသာလျှင် ပြည်တွင်း၌ ထုတ်လုပ်သည့် သံမဏိ အားပုံမှန် သုံးစွဲလျက်ရှိသည့် တန်ချိန် ၁၈ သန်းထက် မြင့်တက်လာပြီး ပြည်တွင်း သံမဏိထုတ်လုပ်မှုကဏ္ဍလည်း တိုးတက်လာမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Vol: 17, No.6 Monday February 6 2017

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၆–၂–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးဆက်လက်ငြိမ်နေ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ယခင်တစ်ပတ်အတိုင်း ပြောင်းဈေးဆက်လက်ငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ၅၀ ကီလို တစ်အိတ်ကို ၆၇ ယွမ်မှ ၇၁ ယွမ် (တစ်တန် ၁၃၄၀ ယွမ်မှ ၁၄၂၀ ယွမ်) နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ဖက်နိုင်ငံသို့ ယခင်တစ်ပတ်က တန်ချိန် ၃၅၀၀၀ ကျော် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ တန်ချိန် ၃၅၉၉၇ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ရေးစရိတ်ကားခမှာ ပြောင်းတစ်ပိဿာကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အထိ လားရှိုးမှ ၃၅ ကျပ်၊ ကျောက်မဲနဲ့ သီပေါမှ ကျပ် ၄၀၊ နောင်ချိုမှ ၅၅ ကျပ်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်တက်ပြီး အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်လက်မြင့်တက်ခဲ့ပြီး အရောင်းအဝယ်လည်းကောင်းခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာ ၂၉၀ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်)ထိ တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်းမှာ ပိဿာချိန် ၂၂၀၈၅၅၀ ပိဿာကျော် ရှိခဲ့တာမို့ ယခင်တစ်ပတ်ထက် အရောင်းအဝယ်လည်းကောင်းခဲ့ကြောင်း သိရပါတယ်။ လားရှိုးဈေးကွက်မှ အစေ့ထုတ်ပြောင်းများကို မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ရွှေလီသို့ တင်ပို့ရောင်းချရာမှာ ကားခအနေနဲ့ ကုန်သွယ်ရေးဇုန်အထိ တစ်ပိဿာ ၃၅ ကျပ်နှုန်း ရှိကြောင်း လည်းသိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးမြင့်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာ ၂၇၀ ကျပ် သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၉၅ ကျပ်(တစ်တန် ၁၈၀၆၅၅ ကျပ်) နဲ့ဈေးမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့တစ်ပတ်အတွင်းမှာ ပိဿာချိန် ၄၄၀၀၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက အရောင်းအဝယ် အနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျသော်လည်း ပဲတီစိမ်း ဈေးငြိမ်

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၆၇၀ ကျပ်(တစ်တန် ၁၀၂၂၆၉၁ ကျပ်) ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၂၅ ကျပ် (တစ်တန် ၉၉၅၁၃၃ ကျပ်) ထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ တစ်နေ့ကိုမတ်ပဲအိတ် ၂၀၀၀ ခန့် ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကြောင်းလည်းသိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၅ ကျပ်) နဲ့ တစ်ရက်ကို အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲလွန်းဖြူနဲ့ ပဲလွန်းနီတို့ကလည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ခဲ့ပါတယ်။ ပဲလွန်းဖြူတစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန် ကျပ် ၈၂၆၇၂၆ ) နဲ့ တစ်ရက်ကို အိတ် ၈၀၀ ခန့်၊ ပဲလွန်းနီတစ်ပိဿာ ကျပ် ၁၈၅၀ (တစ်တန် ကျပ် ၁၁၃၂၉၂) နဲ့ တစ်နေ့အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်(ဆီတိုး)ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၀၆၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၇၀ (တစ်တန်ကျပ် ၆၅၅၂၅၇) နဲ့ ဈေးမြင့်ပြီး ရန်ကုန်ဝယ်လက်များက တစ်ရက်ကို အိတ် ၁၀၀၀ ခန့် ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်းခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်လိုအားနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၁၂၆၀ (တစ်တန်ကျပ် ၇၇၁၆၁၁) နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၂၂၀ ( တစ်တန် ၇၄၇၁၁၅ကျပ်) အထိ ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်ရက်ကို အိတ် ၁၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီးစိမ်းက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ကျပ်) နဲ့ တစ်ရက်ကို အိတ် ၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိခဲ့ဘဲ နှမ်းနီတစ်ပိဿာကျပ် ၁၇၈၀ (တစ်တန် ၁၀၉၀၀၅၄ ကျပ်)၊ သိပ္ပံနှမ်းနက် တစ်ပိဿာကျပ် ၂၈၉၀ ကျပ် (တစ်တန် ၁၇၆၉၈၀၇ကျပ်)၊ နှမ်းနက်ရိုးရိုး တစ်ပိ သာ ကျပ် ၂၃၃၅ (တစ်တန်၁၄၂၉၉၃၀ကျပ်) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ တစ်ရက်ကို နှမ်းမျိုးစုံ အိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး ဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး အသစ်များ ဈေးကွက်အတွင်းအများအပြား ဝင်ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းခဲ့ပြီး ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီး (အသစ်) အနေနဲ့ ယခင်တစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၈၉၅ (တစ်တန် ၁၁၆၀၄၇၉ကျပ်) မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၃၇၀( တစ်တန် ၁၄၅၁၃၆၄ ကျပ်) နဲ့ မြို့ခံပဲခွဲစက်များက ဈေးမြင့် အရောင်းအဝယ်ဖွင့်ခဲ့ကြပါတယ်။ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် ဈေးလျော့နည်းခဲ့ပြီး ပဲစင်းငုံနီ (အသစ်) တစ်ပိဿာကျပ် ၁၂၂၅ (တစ်တန်၇၅၀၁၇၇ကျပ်)၊ ပဲတီစိမ်း လုံးသေး (အသစ်) တစ်ပိဿာ ကျပ် ၁၂၅၀ (တစ်တန် ၇၆၅၄၈၇ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာနှမ်းနက်စမုံဈေး ဆက်လက်ဈေးငြိမ်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းနက်စမုံဈေး အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့ပြီး တစ်ပိဿာ ၂၈၄၅ ကျပ် (တစ်တန်၁၇၄၂၂၄၉ ကျပ်) ဖြင့် ရန်ကုန် ဝယ်လက်များက အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပါ တယ်။ ပဲစင်းငုံနီ အရည်အသွေးကောင်းမွန်မှုကြောင့် ဝယ်လိုအား များပေမယ့်လည်း တစ်ပိဿာကျပ် ၁၁၂၅ (တစ်တန် ၇၅၀၁၇၇ကျပ်)၊ ပဲတီစိမ်းက တစ်ပိဿာကျပ် ၁၂၁၀ (တစ်တန် ၇၄၀၉၉၁ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးနှုန်း ကျဆင်းပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ရန်ကုန်ဝယ်လက်နဲ့ လှော်လက်များက ဝယ်လိုအားများတာကြောင့် မတ်ပဲအရောင်းအဝယ်သွက်ခဲ့ပြီး ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲအသစ်တစ်ပိဿာ ကျပ် ၁၇၀၀ (တစ်တန် ၁၀၄၁၀၆၃ကျပ်) နဲ့ ဈေးမြင့် အဝယ်ဖွင့်ခဲ့ပြီး တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး ထိပ်စကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၅၁၁ (တစ်တန် ၉၂၅၃၂၂ ကျပ်) မှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၆၅၃ (တစ်တန်၁၀၁၂၂၈၀ကျပ်) ဈေးမြင့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဒိုက်ဦး၊ ခရမ်းသုံးခွတို့မှဝင်ရောက်လာသည့် ပဲတီစိမ်းရွှေဝါကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိပြီး ပဲတီစိမ်း (ရွှေဝါ) အသစ် တစ်ပိဿာကိုကျပ် ၂၀၆၂ (တစ်တန် ၁၂၆၂၇၄၈ကျပ်) ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနက်စမုံ တစ်ပိဿာကျပ် ၃၁၁၁ (တစ်တန်၁၉၀၅၁၄၅ကျပ်)၊ နှမ်းဖြူ (ထိပ်စ) တစ်ပိဿာ ကျပ် ၂၂၆၇ (တစ်တန် ၁၃၈၈၂၈၈ကျပ်)၊ နှမ်းနက် (ပုံမှန်စ) တစ်ပိဿာကျပ် ၂၂၂၂ (တစ်တန် ၁၃၆၀၇၃၀ကျပ်) နဲ့ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ်မှာလည်း ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) အဟောင်းတစ်တန် ကို ကျပ် ၁၀၃၁၀၀၀၊ မတ်ပဲ SQ(အသစ်) တစ်တန် ကျပ် ၁၁၆၈၀၀၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ မတ်ပဲ FAQ(RC)မှာ (ဟောင်း) တစ်တန် ကျပ် ၉၉၀၀၀၀၊ မတ်ပဲ SQ (အသစ်) တစ်တန်ကို ကျပ် ၁၁၄၀၀၀၀ သာ ဈေးရှိခဲ့တာမို့ ယခင်တစ်ပတ်အောက် ဈေးကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီအသစ်ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၈၀၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ၇၈၅၀၀၀ ကျပ် အထိ ဈေးကျခဲ့ကြောင်းလည်း သိရပါတယ်။ မတ်ပဲအနေနဲ့ ပြည်ပဝယ်လက်အဝယ်နည်းနေပေမယ့် ပဲစင်းငုံနီကတော့ ပုံမှန် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ရန်ကုန်ဝယ်လက်များက မတ်ပဲအသစ်ကို အရည်အသွေးပေါ် မူတည်၍ ဈေးသတ်မှတ်ဝယ်ယူခဲ့သဖြင့် ဝယ်လိုအားကောင်းသော်လည်း ယခင်တစ်ပတ်ထက် ဈေးနိမ့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲအသစ်မှာ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၅၁၇ (တစ်တန် ၉၂၈၉၉၅ကျပ်) ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၄၂၅ (တစ်တန်၈၇၂၆၅၅ကျပ်) နဲ့သာ ဈေးနိမ့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲစင်းငုံနီကလည်း (အသစ်) တစ်ပိဿာကျပ် ၁၂၄၀ (တစ်တန် ၇၅၉၃၆၃ကျပ်)၊ (အဟောင်း) တစ်ပိဿာကျပ် ၁၁၅၀ (တစ်တန် ၇၀၄၂၄၈ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်မှာ ပဲတီစိမ်းအသေး (အသစ်) တစ်ပိဿာကျပ် ၁၂၄၇ တစ်ပိဿာ ၁၂၈၉ ကျပ် (တစ်တန် ၇၈၉၃၇၀ ကျပ်) ရှိခဲ့ရာက ယခုတစ်ပတ် (တစ်တန် ၇၆၃၆၅၀ကျပ်) နဲ့ မန္တလေးဝယ်လက်နဲ့ ရန်ကုန် ဝယ်လက်များက ဈေးနိမ့်ဝယ်ယူခဲ့ ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ကတော့ နှမ်းဖြူထိပ်စ (အသစ်) တစ်ပိဿာကျပ် ၂၁၆၇ (တစ်တန် ၁၃၂၇၀၄၉ကျပ်)၊ နှမ်းဖြူပုံမှန်စ (အသစ်) တစ်ပိဿာကျပ် ၁၈၀၀ (တစ်တန် ၁၁၀၂၃၀၂ ကျပ်) နဲ့ နှမ်းနက် အသစ် တစ်ပိဿာကျပ် ၂၈၀၀ (တစ်တန် ၁၇၁၄၆၉၂ကျပ်) နဲ့အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ဒီလိုလေးပြောနေရုံနဲ့........ ပြီးမှာလားမောင်ရေ...

မြင့်ဦး(ပခုက္ကူ)



နံနက်စောစာစားဖို့ ကိုယ့်မြို့မှာရှိတဲ့ မုန့်တီဆိုင်ကို ဝင်ထိုင်မိပါတယ်။ ကိုယ်နှစ်သက်ရာကို မှာပြီးစားနေတုန်းမှာ စားသုံးသူတစ်ယောက် ဝင်လာပါတယ်။ ဆိုင်ရဲ့ စားပွဲတွေမှာ လူပြည့်နေလေတော့ နေရာလွတ်နေ တဲ့ကိုယ့်စားပွဲကို ခွင့်တောင်းပြီးလာထိုင်ပါတယ်။ တစ်ဆက်တည်း စားပွဲထိုးကို လှမ်းမှာပါတယ် "မုန့်တီတစ်ပွဲ အချိုမှုန့် လုံးဝမထည့်ပါနဲ့ ဆီလျှော့ပါ" အလဲ့. . . ကိုယ်က စားသုံးသူရေးရာဦးစီးဌာနကဆိုတော့ စိတ်ဝင်စားသွားပါတယ်။ စားပွဲကလည်းတစ်ဝိုင်းတည်းဆိုတော့ အလာပသလာပစကားပြောမိပါတယ်။

"နောင်တော်က ကျန်းမာရေးလိုက်စားပုံရတယ်" "ဘာဖြစ်လို့လဲဗျ" "သြော်. . ခုန မုန့်တီလှမ်းမှာတုန်းက အချိုမှုန့်မထည့်နဲ့ ဆီလျှော့ထည့်ပါလို့ မှာတာကိုကြားလိုက်ရလို့ပါ" "သြော်. . ဒါလား. . အရင်တုန်းက ကျွန်တော်က အချိုမှုန့်သိပ်စားတယ်။ ဆီဆိုလည်း ဆီပြန်နေမှ တော်တော်စားခဲ့တယ်" "ဒါဖြင့် အခုအနေအထား" "ဒီလိုစားဖို့အရေး ကျွန်တော့်သမီးက အ. ထ. က(၂)မှာ တက်နေတဲ့ နဝမတန်းကျောင်းသူပါ။ တလောက သူတို့ကျောင်းမှာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲဆိုလား လုပ်ကြတယ်။ အဲဒီမှာဟောပြောကြတဲ့ ဟောပြောချက်တွေကို သမီးက သူ့ဖုန်းနဲ့အသံသွင်းထားပြီး အိမ်ရောက်တော့ ကျွန်တော်တို့ကို ဖွင့်ပြတယ်။ အဲဒီမှာ ဆီအကြောင်း၊ ဟင်းချိုမှုန့်အကြောင်းတွေ ပြောကြတာ သေသေချာချာ နားထောင်မိတယ်။ အဲဒီမှာ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ လောဘကို သိလာတယ်။ နားထောင်ရင်း၊ နားထောင်ရင်း ကြောက်လာတယ်။ တစ်ခါ သူရလာတဲ့ လက်ကမ်းစာစောင်ထဲမှာပါတဲ့ FDAက ထုတ်ပြန်ထားတဲ့ အစားအသောက်၊ အလှကုန်၊ ဆီဆိုတာတွေ ဖတ်ရတော့ ပိုပြီးကြောက်လာတယ်။ အဲဒီနေ့ကစပြီး ကျွန်တော်ရော၊ ကျွန်တော်မိသားစုပါ ဟင်းချိုမှုန့်လျှော့စားတယ်၊ ဆီလျှော့စားတယ်။ ဒီလိုကျန်းမာရေးဗဟုသုတတွေ သိရတဲ့အတွက် စားသုံးသူရေးရာ ဦးစီးဌာနကိုလည်း ကျေးဇူးတင်တယ်။ ဒါမျိုးတွေ များများလုပ်သင့်တယ်၊ ကောင်းပါတယ်အစ်ကိုရယ်" ကိုယ်စိတ်ထဲမယ် အဟောသုခံ ကောင်းလေစွလို့ ပီတိဖြစ်မိပါတယ်။

ကိုယ့်စေတနာ အကျိုး ပေးကောင်းတာမို့ ကြည်နူးမိပါတယ်။ တစ်ဆက်တည်း အဲဒီကျမှ ကိုယ့်ကိုကိုယ် မိတ်ဆက်ပြောမိပါတယ်"အဲဒီ ဟောပြောပွဲမှာပြောတာ ကျွန်တော်ပါပဲ။ ကျွန်တော်ကစားသုံးသူရေးရာ ဦးစီးဌာနကပါ" "ဟုတ်လား. . ကျေးဇူးအများကြီးတင်ပါတယ် အစ်ကို" "ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ကလည်း ကျေးဇူးတင်ပါတယ်ပေါ့" တစ်ဆက်တည်း "အစ်ကိုတို့ လက်ကမ်းစာစောင်ထဲမှာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဆိုတာတွေ့တယ်။ တိုင်ကြားလို့ရတယ်ဆိုတာလည်း ဖတ်ရတယ်"။ "ခုချိန်ထိတော့ တိုင်ကြားမှုဆိုတာ မရှိသေးဘူးဗျ" "ခက်သားလား အစ်ကိုရယ် ကျွန်တော်တို့ လူမျိုးက တစ်ဖက်သားကို အားနာတာ၊ သနားတတ်တာဆိုတော့ တိုင်ဖို့ဆိုတာ သိပ်ဖြစ်မယ်မထင်ဘူး။ ကျွန်တော်ကတော့ အစိုးရဘက်က လုပ်ငန်းရှင်တွေကို ထိထိရောက်ရောက် ကိုင်တွယ်အရေးယူစေချင်တာပါပဲဗျာ"။ "ဖြစ်တော့ဖြစ်လာမှာပေါ့ဗျာ အခုချိန်မှာတော့ ပညာပေးအသိတစ်ခုရအောင် ကြိုးစားနေကြတာပါပဲဗျာ"လို့ပြောဆိုပြီး လမ်းခွဲခဲ့ကြပါတယ်။ ဒီမှာ ကျွန်တော်စားတဲ့မုန့်ဖိုးအရှင်းမခံဘဲ ကျေးဇူးတင်လို့ သူကရှင်းသွားပါတယ်။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးတာပေါ့ဗျာ။

နောက်တစ်ခါ ပခုက္ကူမြို့နယ်ထဲက "ရွှေတန်းတစ်" ကျေးရွာ အလက(ခွဲ)ကျောင်းမှာ သွားဟောပြောတုန်းကပါ။ ဒုတိယအကြိမ်မြောက် ဟောပြောပွဲဝင်ရပါတယ်။ ယခင်တစ်ပတ်ကတစ်ဖွဲ့ အခုဟာကတစ်ဖွဲ့ပါ။ ဟောပြောပွဲအပြီး ဈေးသည်တွေကို ကျောင်းအုပ်ဆရာကြီးက သူ့ရုံးခန်းထဲခေါ်ပြီး ဆွေးနွေးပွဲလေးတစ်ခု လုပ်ဖြစ်ပါတယ်။ ဈေးသည်တွေ ပြောတာက နောက်ကို မရောင်းတော့ပါဘူး။ ဆရာပြောသလို မလျှုတတ်ရင် ဈေးရောင်းပါ။ ဈေးရောင်းပြီဆိုကတည်းက ကုသိုလ်ရပြီးသားဆိုတာကို သိရပါပြီ။ စေတနာထားပြီး ရောင်းပါ့မယ်။ ကျွန်တော်တို့ဘက်က ပြင်ဆင်သလို ထုတ်လုပ်သူတွေကိုရော ဘယ်လိုအရေးယူမလဲ အပြစ်ပေးမလဲ ဆိုတာကိုတင်ပြကြပါတယ်။

နောက်တစ်ခါ ဂန့်ဂေါနယ်က ရွာကျောင်းတွေမှာ ဈေးသည်တွေက ကျွန်မတို့တစ်တွေ ဆရာတို့ပြောသလို ကလေးတွေအတွက် အန္တရာယ်ရှိမယ့် အစားအသောက်မုန့်ထုပ်တွေကို မရောင်းတော့ပါဘူး။ အဲဒီထုတ်လုပ် သူတွေကိုရော ဆရာတို့မှမဟုတ် ကျန်တဲ့တာဝန်ရှိသူတွေကရော ဘယ်လိုအရေးယူကြပြီလဲ။ဘယ်လိုပြစ်ဒဏ်တွေ ချပြီးပြီလဲ ဆိုတာတွေဟာ ကျွန်တော်တို့ တိုင်းနဲ့ပြည်နယ်အသီးသီးမှာရှိတဲ့ စားသုံးသူရေးရာဝန်ထမ်းတွေ အမေးအခံရဆုံး ပြည်သူတွေရဲ့ အသံလှိုင်းများဖြစ်ကြမှာပါ ကိုင်း. . . ဘယ်လိုလုပ်ကြရမှာပါလဲ. . . . .

၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်မှာ စားသုံးသူရေးရာဥပဒေကိုပြဋ္ဌာန်းပြီးနောက် စားသုံးသူရေးရာဦးစီးဌာနက ဝန်ထမ်းတွေဟာ နေရာအနှံ့အပြား ကိုယ့်တိုင်း၊ ကိုယ့်ပြည်နယ်အလိုက် တက်ကုန်ဖွင့်လို့ ရွက်စုံလွှင့်လို့ ကြိုးစား ပမ်းစားဆောင်ရွက်နေကြတာတွေဟာ တီဗွီ၊ သတင်းစာ၊ ဂျာနယ်တွေမှာ တွေ့နေရပါတယ်။ ကြိုးစားပမ်းစားဆောင်ရွက်နေကြတာကို အများအသိပါ။ စေတနာပါပါ ဆောင်ရွက်နေကြတာဆိုတော့ အောင်မြင်ကြပါတယ်။ ယခင်က ဆိုရင် ကိုယ့်ဌာနကို ကျန်းမာရေးဝန်ကြီးဌာနကလိုလို ဌာနအသစ်လိုလို ထင်မြင်ကြပေမယ့် နောက်ပိုင်းလွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာသော ဌာနကြီးပါလား။ ခေတ်၊ စနစ်အရ ခေတ်စနစ်နှင့် အညီ လိုအပ်သလို ပြောင်းလဲ ဖွဲ့စည်းပြီး ဒီဝန်ထမ်းတွေဟာ ဟိုကွေ့ကို ဟိုတက်နဲ့လှော်၊ ဒီကွေ့ကို ဒီတက်နဲ့လှော်၊ တက်ကျိုးရင်လက်ထိုးလှော်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အောင်မြင်အောင် ဆောင်ရွက်နေတဲ့ အစိုးရအဖွဲ့အစည်း ဝန်ထမ်းတွေပါလားဆိုတာ သိလာကြပြီး၊ ကျေးဇူးတင်လာကြပါတယ်။ အချို့ဒေသတွေမှာဆိုရင် တစ်အိမ်တစ်ယောက်လာဆိုလို့သာ လာရတယ် ဘာပြောမှာလဲ ခေါင်းစဉ်ဖတ်ကြည့်တော့ "ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲ" ဘာတွေလဲဟ၊ လာဆိုလို့သာလာရတယ်။ ဘာမှန်းလည်းမသိတော့ စိတ်တောင်မဝင်စားချင်ဘူး။ ဒါပေမဲ့ ဟောပြောကြတော့ ငါတို့အတွက် ငါတို့ကလေးတွေအတွက်ပါလားဆိုတာကို သိလာရတော့ ကျွန်တော်တို့တစ်တွေ နေ့လည်နေ့ခင်းဆိုမအားတတ်ဘူး။ ဆရာတို့ညလာပြောနိုင်မလား၊ မီးစက်ထွန်းပေးမယ် တရားပွဲလို စာပေဟောပြောပွဲလိုပေါ့ဗျာ" လာနိုင်မလား. . . လာမလား " ဖိတ်ကြပါတယ်။ လာပါ့မယ် ဒီလိုစိတ်ဝင်စားမယ်ဆိုရင် လာရောက်ဟောပြောဆွေးနွေးပါမယ်။ ဖိတ်ပါဆိုသော်လည်း ကျွန်တော်တို့က ဝန်ထမ်းတွေဆိုတော့ အခြားရုံးကိစ္စ တွေရှိတော့ ဖိတ်ရင်ကြိုပြီး နှစ်ရက်၊ သုံးရက်ကြိုဖိတ်ပါလို့ ပြောရပါတယ်၊

ပြည်သူတွေစိတ်ဝင်စားလာပြီး ဟောပြောပွဲအပြီး အပြန်အလှန် ဆွေးနွေးခန်းမှာ အဓိကအမေးခံရတာကတော့ ထုတ်လုပ်သူတွေကို ဘယ်လိုအရေးယူမှာလဲဆိုတာက နေရာတိုင်းမှာလိုလို အမေးခံရပါတယ်။ ပြန်လည် ရှင်းပြပါတယ်။ ထုတ်လုပ်သူနဲ့ စားသုံးသူ ဘယ်သူကအဓိကကျသလဲ ထုတ်လုပ်သူရှိလို့ စားသုံးသူရှိတယ်။ စားသုံးသူရှိလို့ ထုတ်လုပ်သူရှိတယ် အဲဒီနှစ်ခုမှာ ဘယ်ဟာကအဓိကကျသလဲလို့ မေးကြတော့ ဥပမာ-- ရွာတိုင်းမှာ လက်ဘက်ရည်ဆိုင် မရှိပေမယ့် အရက်ဆိုင်ရှိတာကို ငြင်းမလား. . ဆိုတော့ စဉ်းစားတယ်။ တီးတိုးတီးတိုးနဲ့ တိုင်ပင်တယ် ပြီးတော့ ပြောကြတယ် စားသုံးသူရှိလို့ ထုတ်လုပ်သူရှိတာပါ စားသုံးသူကအဓိကကျပါတယ်။ ဒါဆိုရင် ခင်ဗျားတို့မစားနဲ့ပေါ့၊ မစားရင်ထုတ်လုပ်သူမရှိနိုင်ဘူး၊ ဟုတ်ပါတယ်. . ဆရာပြောတာမှန်ပါတယ်. . ဆရာတို့ပြောလို့ ကျွန်တော်တို့သိပါပြီ ဒါပေမဲ့ လာပြီ- - ကလေးတွေကြတော့ ဒီလိုမသိတော့ ထုတ်လုပ်သူတွေကိုသာ အပြစ်ပေး အရေးယူစေချင်တယ်။ ဖြစ်ကုန်ရော. . . ကျွန်တော်တို့ ကျွန်မတို့ဘက်ကလည်း စားသုံးမှုကို ဆင်ခြင်ပါ့မယ်။ ပြောင်းလဲပါ့မယ်။ အဲဒီလိုပဲ ထုတ်လုပ်သူတွေဘက်ကပြောင်းလဲပါ။ မဟုတ်ရင် အရေးယူပါ အပြစ်ပေးပါ။ နောက်ဆုံး ဒီဘူတာပဲ ဆိုက်ကုန်ပါတယ်။ အဲဒီတော့ စာစုကို ဒီနေရာမှာပဲ အဆုံးသတ်နိဂုံးချုပ်ရပါတော့မယ် ဒီစာစုရဲ့ခေါင်းစဉ်က တော့ စားသုံးသူတွေ တောင်းဆိုသလိုဖြစ်ဖို့ "ဒီလိုလေးပြောနေရုံနဲ့. . ပြီးမှာလားမောင်ရေ. . ." လို့သာပါ။

❑

## ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး- မူဆယ် ကုန်စည်သယ်ယူခ

၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်စည် သယ်ယူခနှုန်းထားများမှာ အပတ်စဉ် ကျဆင်းခဲ့သော်လည်း သွင်းကုန်မြေဆီအတွက် အပတ်စဉ် သယ်ယူခများ ပြောင်းလဲမှုမရှိကြောင်း တွေ့ရပါတယ်။ တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့တဲ့ အမယ်တွေကတော့ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ ကဏန်း၊ ငါးရှဉ့်၊ ဖရဲ၊ သခွား၊ ဆီးသီး၊ ချင်း၊ နနွင်း၊ ဝါဂွမ်း၊ Re-Export သကြားအစရှိတဲ့ ကုန်ပစ္စည်းများဖြစ်ပြီး၊ မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းတဲ့ ကုန်ပစ္စည်းများမှာ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ အိမ် ဆောက်ပစ္စည်းများ၊ လူသုံး/ အိမ်သုံး ပစ္စည်းများ၊ ဆိုင်ကယ်၊ စက်ဘီးနဲ့ စာရေးကိရိယာမျိုးစုံဖြစ်ပါတယ်။

ရန်ကုန်-မန္တလေး-မူဆယ် လမ်းကြောင်းတွင် လယ်ယာထွက်ကုန်ပစ္စည်းနှင့် ရေထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ကြပေမယ့် တရုတ်နှစ်သစ်ကူးကာလကြောင့် လုပ်ငန်းများ တစ်လနီးပါးရပ်နားထားတဲ့အတွက် ဖေဖော်ဝါရီလလယ်လောက်မှ ပုံမှန်ပြန်လည် ကုန်သွယ်ကြမှာဖြစ်ကြောင်း၊ တရုတ်ဝယ်လက်များ ကုန်စည်များ ပုံမှန်ပြန်လည်ဝယ်ယူလာပါက သယ်ယူပို့ဆောင်ခဈေးပြန်မြင့်တက်လာနိုင်ကြောင်း မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိပါတယ်။

ဇန်နဝါရီလရဲ့ ကုန်စည်သယ်ခများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။

| ပို့ကုန် | ၃၁-၁၂-၂၀၁၆ မှ ၆-၁-၂၀၁၇ အထိ | ၇-၁-၂၀၁၇ မှ ၁၃-၁-၂၀၁၇ အထိ | ၁၄-၁-၂၀၁၇ မှ ၂၀-၁-၂၀၁၇ အထိ | ၂၁-၁-၂၀၁၇ မှ ၂၇-၁-၂၀၁၇ အထိ |
|---|---|---|---|---|
| ပြောင်း | ၁၀၀-၁၂၅ | ၁၀၀-၁၁၅ | ၇၀-၉၅ | ၆၅-၇၅ |
| ဆန် | ။ | ။ | ။ | ။ |
| ပဲတီစိမ်း | ။ | ။ | ။ | ။ |
| နှမ်း | ။ | ။ | ။ | ။ |
| ရော်ဘာ | ။ | ။ | ။ | ။ |
| သွင်းကုန်/ မြေပဲဆီ | ၂၉-၃၀ | ၂၉-၃၀ | ၂၉-၃၀ | ၂၉-၃၀ |

မော်မော်အောင်

## မြဝတီကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီတင်ပို့



မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၂၄၆၆၀ တန်ဖိုးရှိ ကြက်သွန်နီ ၇၅ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ယခင် ရက်သတ္တပတ်က တာချီလိတ်မှ တန် ၁၀၀ နဲ့ မြဝတီမှ ၅၈ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ကြက်သွန်နီ တင်ပို့မှု တန် ၈၀ ခန့် လျော့နည်းခဲ့တာ တွေ့ရပါတယ်။

ဇန်နဝါရီ တစ်လလုံးမှာ မြဝတီမှ ကြက်သွန်နီ တန် ၂၅၀ ခန့်နဲ့ တာချီလိတ်မှ တန် ၂၀၀ ကျော် တင်ပို့ခဲ့ပါတယ်။

မုံရွာတွင် ဆောင်းကြက်သွန်နီ တစ်ပိဿာကို ကျပ် ၅၀၀ ဖြင့် ပိဿာချိန်တစ်သောင်းကို ကြိုပွဲငွေ့ဝယ်ယူပြီး ဆောင်းကြက်သွန်နီကို တပေါင်းလဆန်းတွင် တူးဖော် မည်ဖြစ်ကြောင်း၊ လှောင်သမားတွေ ကြက်သွန်နီ ဝယ်လေ့ ရှိတဲ့ မတ်လလောက်တွင် ပြည်တွင်းကြက်သွန်နီ ဈေးဟာ တစ်ပိဿာ ကျပ် ၃၀၀ ခန့်ရှိတတ်ကြောင်း၊ ဒါပေမယ့် လှောင်လက်တို့ ထုတ်ရောင်းချိန်မှာ အကြောင်းအမျိုးမျိုးပြပြီး ပြည်ပကြက်သွန်နီ ဈေးထက် ဈေးမြှင့်ပြီး ရောင်းချကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှငါးနီတူခြောက်များ ပိုမိုတင်ပို့နိုင်သော်လည်း ငါးစုံလေးခြောက်များ တင်ပို့မှုလျော့ကျ

ဇန်နဝါရီလ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်း တန်ဖိုးရှိ ငါးနီတူခြောက် ၃၃ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၆ သန်း တန်ဖိုးရှိ ငါးစုံလေးခြောက် ၁၃၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကထက် ငါးနီတူခြောက် ခြောက်တန်ပိုမိုတင်ပို့နိုင်သော်လည်း ငါးစုံလေးခြောက် ၆၃ တန် လျော့နည်း တင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယင်းသို့လျော့နည်းရခြင်းမှာ မောင်တောနယ်စပ်မှ ငါးစုံလေးခြောက်များလျော့နည်းတင်ပို့ခဲ့တဲ့အတွက်ဖြစ်တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ချင်းအစို၊ ဆီးဖတ်နဲ့ သစ်ခေါက်တို့ စုစုပေါင်း ၂၅၆ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နယ်စပ်ရော၊ ထိုင်းနယ်စပ်မှပါ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနဲ့ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၃ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၂၅၂ တန် ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ချင်းရွှေဟော်မှ နှမ်းနက် ၇၅၁ တန်ကျော်၊ နှမ်းဖြူ တန် ၄၆၀ ကျော်နဲ့ မူဆယ်မှ နှမ်းဖြူ (အခွံချွတ်) ၃၉ တန်ခွဲဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်နဲ့ မူဆယ်မှ နှမ်းတန်ချိန် ၁၁၆၀ ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်မှ နှမ်း ၉၂ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကတော့ အမေရိကန်ဒေါ်လာ ၄၂၅၂၅ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ နှမ်းတင်ပို့မှုမရှိခဲ့ကြောင်း သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်တွင် နှမ်းဖြူတစ်တန်ကို ၁၃၃၅၉၂၂ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၃၀၆၇၉၆ ကျပ်ရှိပြီး ဇန်နဝါရီလ တစ်လလုံး မူဆယ်မှ တရုတ်နိုင်ငံသို့ နှမ်းဖြူ (အခွံချွတ်) တန် ၉၀၊ ချင်းရွှေဟော်မှ နှမ်းရောင်စုံတန်ချိန် ခုနစ်ထောင်နီးပါးနဲ့ မြဝတီမှ ထိုင်းနိုင်ငံသို့ နှမ်းနက် ၂၈ တန်ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ စခန်းများမှ သကြားလျော့နည်းတင်ပို့သလို ထိုင်းနယ်စပ်မှလည်း သကြားလျော့နည်းတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၉၇ သန်းတန်ဖိုးရှိ သကြား ၃၀၄၁၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ Re-Export သကြား ၃၀၃၂၇ တန်ကျော်နဲ့ ချင်းရွှေဟော်မှ သကြားဖြူ ၈၄ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းနှစ်ခုမှ သကြား ၄၉၉၁၀ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ သကြား ၁၉၄၉၉ တန်ခန့် လျော့နည်းတင်ပို့ ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်နဲ့ ဇန်နဝါရီ ၂၁ မှ ၂၇ ရက် သီတင်းပတ်မှာပါ သကြားတစ်တန်ဈေး ၉၇၀၀၀၀ ကျပ်ခန့်အထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံဈေးမှာ ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခု တစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈၇ သန်း တန်ဖိုးရှိRe-Export သကြား ၃၉၇၆ တန်ခွဲတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၅၉၀၀ တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၉၂၃ တန်ခွဲ လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီတစ်လလုံးမှာ တရုတ်နိုင်ငံသို့မူဆယ်မှ သကြား တန် ၁၈၀၀၀၀ ခန့်၊ ချင်းရွှေဟော်မှ တန် ၁၅၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် မြဝတီသို့ သကြား တန်ချိန်နှစ်သောင်းနီးပါး တင်သွင်းနိုင်ခဲ့ကြောင်း စခန်းများရဲ့စာရင်းအရ သိရပါတယ်။

**မော်မော်အောင်**

## တရားမဝင်သယ်ဆောင်လာတဲ့ ကျောက်စိမ်းတုံးများကို ကန်ပိုက်တီကုန်သွယ်ရေးစခန်း OSS အဖွဲ့မှ စစ်ဆေးတွေ့ရှိ



မြစ်ကြီးနားမှ တရုတ်နိုင်ငံသို့ ထွက်ခွာလာသည့် Alphard ယာဉ်အမှတ် 1F xxxx ပေါ်တွင် ကျောက်စိမ်းတုံး အကြီးအသေးရောရော ၂၃၆ တုံးကို တင်ဆောင်လာကြောင်း သတင်းပေးတိုင်ကြားချက်အရ ကန်ပိုက်တီကုန်သွယ်ရေးစခန်း OSS အဖွဲ့က ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၁၁:၀၀ ချိန်တွင် တားဆီးရှာဖွေ စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ အဆိုပါကျောက်စိမ်းတုံးများကို ယာဉ်၏ဝမ်းဗိုက်အတွင်း အံ့ဝှက်ပြုလုပ်သယ်ဆောင်လာခြင်းဖြစ်ပြီး မြစ်ကြီးနား အကောက်ခွန်ဦးစီးဌာန၌ ဖေဖော်ဝါရီလ ၂ ရက်က အသေးစိတ်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စုစုပေါင်း အလေးချိန် ၆၅၅ ကီလိုရှိ ကျောက်စိမ်းတုံး ၂၈၉ တုံးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အဆိုပါ သိမ်းဆည်းရမိ ကျောက်စိမ်းတုံးများရဲ့ ခန့်မှန်း တန်ဖိုးမှာ ကျပ် ၉၁၇၀၀၀ ဖြစ်ပြီး သိမ်းဆည်းရမိ ကျောက်စိမ်းတုံးများနဲ့ ပစ္စည်းသယ်ဆောင်လာသည့် Alphard မော်တော်ယာဉ်အား အကောက်ခွန်အမှုတွဲ နှစ်ခုဖွင့်လှစ်ပြီး ပစ္စည်းသယ်ဆောင်သူ ××××× အားလည်း ဝိုင်းမော်ရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**ခင်မိုးသူ**

## မူဆယ်မှရေထွက်ကုန်တင်ပို့မှု တန်ချိန်ရော တန်ဖိုးပါလျော့နည်း

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၈၇၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၂၀၇၀ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆၃ သန်း၊ တန်ချိန်အားဖြင့် ၁၂၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ကဏန်း၊ ငါးမှန့်၊ ပုစွန်နဲ့ ငါးလိပ်ကျောက်အရေခွံခြောက် ပိုမိုတင်ပို့ခဲ့ပေမယ့် ငါးပူတင်းအရေခွံခြောက်၊ ငါးခြောက်၊ ငါးမျိုးစုံ၊ ငါးဆားနယ်၊ ငါးလေးခြောက်၊ ငါးစီဖောင်း၊ ငါးကြင်းစီဖောင်း၊ ပုစွန်ခြောက်နဲ့ ပုစွန်ဖွဲ့ တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တန်ချိန်ရော တန်ဖိုးပါလျော့နည်းရတာ ဖြစ်ပါတယ်။

တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဥ့်တစ်တန် ၃၁၀၀၀ ယွမ်၊ ကဏန်းတစ်တန် ၅၃၆၅၆ ယွမ်ဈေးနဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။

ဇန်နဝါရီလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းတန်ချိန်ပေါင်း ခုနစ်ထောင်ခန့် တင်ပို့နိုင်ခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ပရဆေးကုန်ကြမ်းတန် ၁၂၀၀ ကျော် တရုတ်နိုင်ငံသို့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလအတွင်း ပရဆေးကုန်ကြမ်းတန်ချိန် ၁၂၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဇန်နဝါရီ နောက်ဆုံးပတ်မှာတော့ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၀ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ကိုးမျိုး တန်ချိန် ၂၅၄ တန်တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်း ကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကွမ်းသီးခွံ၊ မုတ်ခါး၊ ဆီးဆန်၊ တောချင်း၊ မာလာဥခေါင်းနဲ့ ချဉ်ပေါင်ဖာလာ(အခွံပါ) တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၃၇၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မူဆယ်မှ ပရဆေးတင်ပို့မှုတန် တစ်ရာကျော် လျော့နည်းခဲ့ပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ပရဆေးကုန်ကြမ်းအမျိုးမျိုးကို တရုတ်နိုင်ငံအနေနဲ့ တိုင်းရင်းဆေးဖော်စပ်ရာမှာလည်းကောင်း၊ သဘာဝမြေသြဇာ ထုတ်လုပ်ရာမှာ လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်ဖော်စပ်ရာမှာလည်းကောင်း၊ စက်သုံးဆီ (အင်ဂျင်ဝိုင်) အဖြစ်လည်းကောင်း အသုံးပြုကြတာလို့ သိရပါတယ်။

**မော်မော်အောင်**

# သရက်သီးအရည်အသွေးကောင်း၍ အထွက်နှုန်းကောင်းစေရန်အတွက် ဆေးသုံးစွဲနည်းနှင့် ရာသီလွှဲနည်းပညာပေးဟောပြောပွဲကို တောင်ကြီးမြို့တွင်ကျင်းပ

တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇန်နဝါရီလ ၂၆ ရက်က သရက်စိုက်တောင်သူများအား အရည်အသွေးကောင်း၍ အထွက်နှုန်းကောင်းစေရန်အတွက် ဆေးသုံးစွဲနည်းနှင့် ရာသီလွှဲနည်းပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါနည်းပညာပေးဆွေးနွေးဟောပြောပွဲကို ဗန်နီဒါမြန်မာကုမ္ပဏီလီမိတက်က ဦးစီး၍ ကျင်းပခဲ့တာဖြစ်ပါတယ်။



အဆိုပါဟောပြောပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးဦးမြသန်းက နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ထုတ်ကုန်များ ဈေးကွက်ဝင်ရောက်မှု မြန်ဆန်စေရန်လည်းကောင်း၊ ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်းကို တည်ဆောက်ပေးရန်လည်းကောင်း၊ မြန်မာ့သီးနှံများ ကမ္ဘာ့ဈေးကွက်သို့ အဆင့်မီမီ တင်ပို့နိုင်ရန်လည်းကောင်း ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲသို့ တက်ရောက်လာကြသော သရက်တောင်သူများသည်လည်း စံချိန်မီအရည်အသွေးကောင်းသော မြန်မာ့ထုတ်ကုန်ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက် ရောင်းချနိုင်ရေး၊ နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်ရန်ပြုလုပ်သွားကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ဗန်နီဒါမြန်မာကုမ္ပဏီမှ သရက်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာရှင်က သရက်ကိုင်းကူး၊ ကိုင်းဆက်နည်း၊ သရက်သီးအရောင်လှရန် အိတ်စွပ်မှုနည်းစနစ်၊ သရက်သီးခူးဆွတ်ပြီး ကိုင်းဖြတ်ရမည့်အနေအထား၊ သရက်ပန်းပွင့်ချိန်နှင့် အသီးကင်းများကာကွယ်မှုနည်းစနစ်များ၊ ကိုင်းပြင်နည်း၊ အစာကျွေးမှုနည်းစနစ်များ၊ အရွက်နုထွက်အောင် အားဆေးသုံးစွဲမှု၊ ရောဂါအမျိုးမျိုးကျရောက်ပါက သုံးစွဲရမည့်ဆေးများ၊ သရက်ပင်နှင့် သရက်သီးတွင် ကျရောက်တတ်သော ပိုးကောင်များ၏ သဘောသဘာဝ၊ တစ်နှစ်ပတ်လုံး သရက်သီးထွက်ရှိရန်ပြုလုပ်ရမည့်နည်းလမ်းများကို PowerPoint ဖြင့် အကျယ်တဝင့် ဟောပြောပို့ချခဲ့ရာ သရက်စိုက်တောင်သူ ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**စောမောင်(တောင်ကြီး)**



## ရန်ကုန်တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးများကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူတိုင်ကြားမှုကိစ္စရပ်များကို ဖြေရှင်းပေးနိုင်ရေး၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ဥပဒေနှင့်အညီ ဖွဲ့စည်းပေးထားသည့် တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၃ ရက်တွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ဇန်နဝါရီ ၆ ရက်တွင် တောင်ပိုင်းခရိုင်၊ ဇန်နဝါရီလ ၂၅ ရက်တွင် အရှေ့ပိုင်းခရိုင်နှင့် ဇန်နဝါရီလ ၃၀ ရက်တွင် မြောက်ပိုင်းခရိုင်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် တောင်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေး များကို ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါအစည်းအဝေးများ၌ စားသုံးသူတိုင်ကြားမှုကိစ္စရပ်ကို စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ခြင်း၊ စားသုံးသူများ အသိပညာပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများကို ခရိုင်အတွင်းရှိ မြို့နယ်များတွင် ပိုမိုဆောင်ရွက်သွားရန်၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စားသုံးရန်မသင့်သော အစားအစာများအား ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချမှုမရှိစေရေး စစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ဈေးကွက်အတွင်းရှိ ဘေးအန္တရာယ်ရှိသော ထုတ်ကုန်များကို အခါအားလျော်စွာ လေ့လာဖော်ထုတ်တင်ပြသွားရန်၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို Action Plan ရေးဆွဲဆောင်ရွက်သွားရန်တို့ကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **မောင်မျိုးချစ်**

## မြင်းမူမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

မြင်းမူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဒေါ်ခိုင်မို့မို့သည် မြို့နယ်အတွင်းရှိမိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂ ရက်က မြင်းမူမြို့နယ်အတွင်း ရောင်းချလျက်ရှိသည့် စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်များအနေဖြင့် စိုက်ပျိုးရေးသင်တန်းဆင်းလက်မှတ်ရရှိပြီး စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး နည်းပညာများကို သိရှိမှသာ ရောင်းချသင့်ကြောင်း၊ စိုက်ပျိုးရေး အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ထားသည့် လိုင်စင်များကို ရယူထားရန် လိုအပ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသုံး ပစ္စည်းများအား ရောင်းချရာတွင် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေမည့် အနံ့အသက်များ ကင်းဝေးစေရေးအတွက် ဂရုစိုက်ရောင်းချရန်၊ ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများအား ရောင်းချရာတွင် တစ်နေ့တာ ရောင်းချရမည့်ပမာဏကိုသာ ယူဆောင်၍ ရောင်းချရန်လိုပြီး ဆိုင်များတွင် သိုလှောင်ထားခြင်းများ မပြုလုပ်သင့်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်မို့မို့ (မြင်းမူ)**

## ဟဲဟိုးမြို့တွင် ချင်း / နနွင်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်း

ဟဲဟိုးမြို့တွင် ချင်း၊ နနွင်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်းခြင်းကို ဇန်နဝါရီလ ၃၀ ရက်က ဟဲဟိုးမြို့ရှိ အာလူး၊ ဂေါ်ဖီ အစုအဖွဲ့ရုံးတွင် ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူးဦးမြသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ရာ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများကို တောရောမြို့ပါ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် အစုအဖွဲ့များသည် လုပ်ထုံးလုပ်နည်း မူဘောင်အတွင်းမှ ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များ ဖြစ်သည့် ပို့ကုန်ဝင်ငွေတိုးတက် ရရှိရေး၊ ပို့ကုန်အမျိုးအစားစုံလင်စွာ တိုးချဲ့တင်ပို့နိုင်ရေး၊ ပို့ကုန်ဈေးကွက် ပိုမိုကျယ်ပြန့်လာစေရေး၊ ဈေးကွက် ဝင်ရောက်မှု လွယ်ကူချောမွေ့စေရေး၊ တန်ဖိုးမြှင့်ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်း တည်ဆောက်ပေးရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအတွင်းနှင့် ကမ္ဘာ့ ဈေးကွက်များတွင် ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ပြည်တွင်းပြည်ပကုမ္ပဏီများကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် မြန်မာကုန်သွယ်မှုနှင့် ပို့ကုန်များကို တိုးမြှင့်ရန်နှင့် ကုန်စည်၊ ဝန်ဆောင်မှုများကို 'မြန်မာပြည်တွင်ပြုလုပ်သည်' ဟူသော တံဆိပ်တပ်ဆင်နိုင်ရေးသည် မြန်မာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ အဓိက ရည်မှန်းချက်ဖြစ်ပါကြောင်း၊ ယနေ့ချင်း၊ နနွင်းအစုအဖွဲ့ ဖွဲ့စည်းခြင်းသည် မြန်မာ့ပို့ကုန်ကို ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်ပါကြောင်း၊ ယခင်က မြန်မာ့ထုတ်ကုန်များသည် တရုတ်နိုင်ငံ တစ်နိုင်ငံတည်းကိုသာ တင်ပို့ခွင့်ရသော်လည်း ယခုအခါ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ပြီ ဖြစ်ပါကြောင်း၊ ချင်း၊ နနွင်း စိုက်ပျိုးသူများအနေဖြင့် ဈေးကွက်၌လိုအပ်သော အရည်အသွေးရှိမှ ထိုးဖောက်ဝင်ရောက် နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန် တစ်ဦးတစ်ယောက်တည်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ အစုအဖွဲ့ဖြင့် ဆောင်ရွက်မှသာ ဖြစ်နိုင်ပါကြောင်း၊ ဌာနအသီးသီးတွင် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေများရှိရာ ဆက်စပ်ပေါင်းကူးပြီးဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားပါသည်။ ထို့နောက် ချင်း၊ နနွင်းအမှုဆောင်အဖွဲ့ ၁၅ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရှိရပါသည်။ **စောမောင်(တောင်ကြီး)**

## သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်းဆန်ဈေးနှုန်းမြင့်တက်မှုအား သွင်းကုန်အခွန်နှင့် ထိန်းချုပ်

သီရိလင်္ကာနိုင်ငံသည် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် သွင်းကုန်ခွန်အား လျှော့ချလိုက်သဖြင့် ပြည်တွင်းဆန်ဈေးမြင့်တက်မှုကို သက်သာစေပြီး ဆန်စက်လုပ်ငန်းရှင်ကြီးများ၏ ဆန်ဈေးကွက်ထိန်းချုပ်ထားမှု အပေါ်လည်း ကန့်သတ်လိုက်နိုင်ကြောင်း သိရှိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၁၆ ခုနှစ်အထိ ဆန်တင်သွင်းမှုအပေါ် တစ်ကီလိုလျှင် သီရိလင်္ကာရူပီး၅၀ သို့မဟုတ် တင်သွင်းမှု၏ ၃၀ ရာခိုင်နှုန်း သွင်းကုန်ခွန်ကို ကောက်ခံသဖြင့် အာရှတွင် အခြားနိုင်ငံများထက် ဆန်ဈေးနှုန်း မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ ဆန်တင်သွင်းမှု အပေါ် တစ်ကီလိုလျှင် သီရိလင်္ကာ ရူပီး ၁၅ သို့ သွင်းကုန်ခွန် လျှော့ချလိုက်ကြောင်း သိရှိရသည်။

၂၀၁၆ ခုနှစ်က သီရိလင်္ကာနိုင်ငံတွင် မိုးခေါင်မှုကြောင့် ယခုနှစ် ၂၀၁၇ ခုနှစ်တွင် သီရိလင်္ကာ၏ မဟာရာသီ (Maha Season) အတွင်း ဆန်ထွက်ရှိမှုနှုန်းသည် တန်ချိန် နှစ်သိန်းခန့် ကျဆင်းနိုင်ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**



KBZ BANK
STRENGTH OF MYANMAR
ATM ပေါင်း
၈၀၀
ကျော်
အချိန်တိုင်း ... သင်နှင့် အနီးဆုံး ATM များ
01-2306219
/Kanbawzabank
kbzbank.com




SHWE PIN LEL Rattan Furniture
ရွှေပင်လယ် ကြိမ်ပရိဘောဂ
Show Room (1) : No.189(B), 52th Substreet, Thuka Street, Hlaing Township, Yangon.
+ 95 1 524190, + 95 1 521506, + 95 9 786000608
Show Room (2) : Near Aung Chan Thar Pagoda, Pyay Road, Mingalardon Township, Yangon.




Khun Brothers
International Co.,Ltd
Antimony, Tin and Wolfram
Refining & Trading
Factory Address - Kyae Kone, Kyauk Tann, Shan State, Kalaw Township.

## ally AUTO SERVICES CO., LTD.



ဂျပန်နိုင်ငံမှ လူကြီးမင်းတို့ ကြိုက်နှစ်သက်ရာ မော်တော်ကားများကို တိုက်ရိုက် လေလံဆွဲပေးခြင်းဖြင့် လူကြီးမင်းတို့ စိတ်ချမ်းသာစေရန် Ally Auto Services မှ ဝန်ဆောင်စရေးနှုန်းသက်သက်သာသာဖြင့် လူကြီးမင်းတို့ လက်ဝယ်အမြန်ဆုံး ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁။ မော်တော်ကားတင်သွင်းခွင့် ပါမစ်လျှောက်ထားပေးခြင်း၊
၂။ ရန်ကုန်ဆိပ်ကမ်းမှ ကားထုတ်ပေးခြင်း၊
၃။ ကညနတွင် ကနဦး မှတ်ပုံတင်ပေးခြင်းစသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနေပါသည်။

No.(47/49), Aung Mingalar Street, 5th Ward, Kamayut Township, Yangon.
Tel : 09-420023493, 09-5002615, E-mail: allyautoservices@gmail.com

## Royal Material Co.,Ltd.

နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ် အိမ်တွင်းအလှဆင် ပစ္စည်းများအရောင်းပြခန်းနှင့်အိမ်တွင်းအလှဆင်လုပ်ငန်း




အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း၊ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - 09 79700 6070-72, 09 7312 6052။
Website :www.royalmaterial.com, Email :info.royalmaterial@gmail.com

KTA

ဦးဝင်းသိန်း

## ကြံတိုင်းအောင်

သစ်ခွဲစက် နှင့် သစ်ရောင်းဝယ်ရေး

ပျဉ်းကတိုး၊ အင်ကြည်း၊ သစ်ခွဲသားဆိုဒ်စုံ၊ လျှာထိုး၊ ဘီတာင် နှင့် အထပ်သား၊ ဖော်မီကာ ရောင်းဝယ်ရေး

**Saw Mill & Timber , Plywood Trading**



အမှတ်(၃၀)က၊ သမိုင်းဘူတာရုံလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ကြံတိုင်းအောင်၍ဆောင်တိုင်းမြောက်ပါစေ

ဆိုင်ခွဲမရှိပါ

Ph -01 522623 , 01 9662274 , 09 5010963 , 09 420017867

## အောင်ချိုမြန်မာ

SUNSHINE BRAND

ပလတ်စတစ်ဆိုင်

ကြမ်းခင်း၊ စားပွဲခင်း၊ လချေးအမျိုးမျိုး၊ ပိန့်မိုးကာ၊ ဂရောင်းရှစ်၊ ဒေါင်းကြည်၊ မျှဉ်းကျားလိပ်၊ များ

ကိုရီးယားနိုင်ငံလုပ် ပိန့်မိုးကာများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။

SHOP-1 No. 247, Lower Kyeemyindaing Street, Ahlone Township, Yangon, Myanmar.
Tel : 01-229443,01-2300474, 09-73070089

SHOP-2 No. 89 (B), Bo Ywe Street, Latha Township, Yangon, Myanmar.
Tel : 01-703018, 09-73029583

SHOP-3 No.91, Shwe Dagon Pagoda Road, Latha Township, Yangon, Myanmar.
Tel : 01-710172, 01-376967

## ဝါ

# မူဆယ်မှ ဝါဂွမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၅၀၀၅၀၀ တန်ဖိုးရှိ ငွေချည်-၆- ဝါဂွမ်း ၂၂၇ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၁၆၆ တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ဝါ ၆၁ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များမှ အနယ်နယ်အရပ်ရပ်က ထွက်ရှိတဲ့ဝါတွေကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနဲ့ဝါစေ့အဖြစ် ကြိတ်ခွဲရောင်းချကာ ကြိတ်ခွဲရရှိတဲ့ ဝါဂွမ်းတွေကို ဖိစက်နဲ့ဖိပြီး စနစ်တကျထုပ်ပိုးကာ မန္တလေးရှိစက်ရုံများနဲ့ ပြည်ပဝယ်လက်များသို့ တင်ပို့ရောင်းချကြတယ်လို့ ဝါကြိတ်စက်လုပ်ငန်းရှင်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

**မော်မော်အောင်**

## ပြောင်း

# မြန်မာ-တရုတ်နယ်စပ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၇၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၄၉၄၀ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၀၉၄၅ တန်ကျော်၊ လွယ်ဂျယ်မှ ၁၈၃၄ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၂၁၆၀ တန်ကျော် ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါ စခန်းသုံးခုမှ ပြောင်းတန်ချိန် ၄၉၄၆၀ တန်ကျော် တင်ပို့ခဲ့လို့ ယခု တစ်ပတ်မှာ ပြောင်း ၂၄၅၂၀ တန်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း ပြောင်းတစ်တန်ကို ၂၃၈၃၉၅ ကျပ်ရှိရာမှ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း ၂၂၅၂၄၃ ကျပ်သို့ ပြောင်းဈေးကျဆင်းခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ကျပ် ၇၀-၇၅ ရှိ၍ ပြောင်းကားစီးရေ ၇၅၉ စီးသာ ဝင်ရောက်ခဲ့ပါတယ်။

ဇန်နဝါရီ တစ်လလုံး တရုတ်နယ်စပ်မှ ပြောင်းတန်ချိန် တစ်သိန်းခုနစ်သောင်းခန့် တင်ပို့နိုင်ခဲ့ကြောင်း စခန်းများရဲ့စာရင်းအရ သိရပါတယ်။

**မော်မော်အောင်**

*စာမျက်နှာ (၈) ➤➤➤ ဈေးကွက်နဲ့ အစိုးရ - အချိန်အဆ . . . . မှအဆက်*

ဒီတော့ အခွင့်အလမ်းတွေတူညီ၊ ရလဒ်တွေ တူညီလာစေဖို့အတွက် ဝင်ငွေတွေ ညီညီမျှမျှ ဖြစ်စေချင်လို့ ဈေးကွက်မှာ တွေ့ရတတ်တဲ့ အားနည်းချက်တွေကို ဖြေရှင်းဖို့ အစိုးရက စီးပွားရေး အဆောက်အအုံထဲကို ဝင်ရောက်လုပ်ရှားရတယ်။ အထူးသဖြင့် နိုင်ငံစီးပွားရေး နွေးကွေးနေတဲ့ အချိန်မျိုးတွေ၊ အလုပ်လက်မဲ့များနေတဲ့ အချိန်မျိုးတွေမှာ အစိုးရက ဝင်လုပ်ရပါတယ်။

ဒါပေမဲ့ အစိုးရကို ဝင်မပါစေချင်တဲ့သူတွေ၊ ပညာရှင်တွေမှာကလည်း သူ့အကြောင်းပြချက်နဲ့သူ ရှိပြန်ရော။ အစိုးရဆိုတာ လူအမျိုးမျိုး၊ အုပ်စုအမျိုးမျိုးနဲ့ ဆက်ဆံနေရတယ်။ တချို့အုပ်စုတွေက အင်အားတောင့်တယ်။ တချို့အုပ်စုတွေက အင်အားနည်းတယ်။ ဒီအခါ အင်အားတောင့်တဲ့သူတွေ ဖိအားပေးတဲ့ဘက်ကို ရောက်ရောက်သွားတတ်တယ်။ သူတို့ ဘက်လိုက်ပြီး ဆုံးဖြတ်ချက်တွေချတယ်။ ဒါကြောင့် အလေအလွင့်များတဲ့ လုပ်ငန်းကြီးတွေ ရလဒ်မကောင်းတဲ့ လုပ်ငန်းတွေကို လုပ်တတ်ကြတယ်လို့ထောက်ကြတယ်။

အစိုးရကပါ ဝင်လုပ်ရင် လူတစ်ဦးချင်းရဲ့ လွတ်လပ်မှု၊ လုပ်ငန်း တစ်ခုချင်းရဲ့ လွတ်လပ်မှုကို ထိခိုက်တယ်လို့လည်း ဝေဖန်ကြတယ်။ နောက်ဆုံးတော့ ပုဂ္ဂလိကကို လွှတ်ပေးထားတာ၊ ဈေးကွက်ကို သူ့အတိုင်း လွှတ်ပေးထားတာပဲ ကောင်းတယ်လို့ ဆွဲသွားတယ်။

ဒါပေမဲ့ ပုဂ္ဂလိကလုပ်ငန်းတွေဟာ အလှူပေးနေတာ မဟုတ်၊ တရားမျှတမှုမရှိ၊ အင်အားကြီး အင်အားနည်း တစ်ဖက်စောင်းနင်းတွေ ဖြစ်တတ်တယ်။ ဒါကြောင့် အများပြည်သူအကျိုးပြုတဲ့ တရားဥပဒေ စိုးမိုးရေးတို့ ရဲတို့၊ လမ်းတံတားတို့လို ပိုက်ဆံပေးနိုင်သူရော၊ မပေးနိုင်သူပါ ခံစားခွင့်ရစေရမယ့် လုပ်ငန်းမျိုးတွေကို အစိုးရက လုပ်ပေးရမယ်။ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အစိုးရက လုပ်ရမယ်။ ပတ်ဝန်းကျင်ထိခိုက်တာမျိုး၊ လက်ဝါးကြီး အုပ်တာမျိုးတွေ တားရမယ် စသည်ဖြင့် မြင်ကြပါတယ်။

ပုဂ္ဂလိကလား၊ အစိုးရလား၊ ဈေးကွက်လား၊ ဝင်ရောက် ဆောင်ရွက်မှုလားဆိုတဲ့ ရွေးချယ်မှုတွေက အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ စိတ်ဝင်စားကြရင်ဖြင့် ဆက်လက် ဆွေးနွေးပါမယ်။

(ညွှန်း- Stiglitz - Government Failure Vs Market Failure : Principle of Regulation)

## ရော်ဘာ

# ရော်ဘာပြည်တွင်းဈေးရော ပြည်ပဈေးပါ မြင့်တက်လာ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၀၈ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၂၃၉၇ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 1 ၄၁ တန်ကျော်၊ RSS 3 ၁၂၂၄ တန်ကျော်၊ RSS5 တန် ၁၆၀ ၊ MSR 20 ၁၀၃ တန်ကျော်၊ MSR 50 ၉၅ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၇၇၃ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုထက် ၅၆၁ တန်လျော့နည်းခဲ့ပါတယ်။ ရော်ဘာအပို့လျော့သော်လည်း မူဆယ်ကုန်စည်ဒိုင်မှ ထုတ်ပြန်တဲ့ ရော်ဘာဈေးအရ တစ်တန်ကို ကျပ် ၄၈၅၀၀၀ ဈေးတက်ကြောင်း သိရှိရပါတယ်။ RSS 3 တစ်တန်ကို ကျပ် ၂၆ ဒသမ ၁၉ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၂၅ ဒသမ ၂၂၇ သိန်း ဈေးပေါက်ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၇ သန်းဖိုးရှိ ရော်ဘာ ၈၀၆ တန်ကို မလေးရှား၊ စင်ကာပူနဲ့ ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS 3 ၄၀၅ တန်၊ စင်ကာပူနိုင်ငံသို့ MSR 20 (TSR) ၉၉ တန်နဲ့ MSR10 ၂၀၁ တန်ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR 20 (TSR) ၁၀၁ တန်ခန့် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၁၁၉၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၉၂ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာပေါက်ဈေးတစ်တန်ကို ဒေါ်လာ ၃၅၀ ကျော် တက်လာကြောင်း သိရပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာရော်ဘာဈေး လည်း တစ်တန်ကို ဒေါ်လာ ၃၅၀ တိုးပြီး ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၂၆၀၀-၂၇၀၀၊ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၂၅၅၀-၂၆၅၀၊ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၂၅၀၀-၂၆၀၀၊ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၂၄၅၀-၂၅၅၀၊ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၂၄၀၀-၂၅၀၀၊ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၂၇၅၀-၂၈၅၀၊ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၂၅၀၀-၂၆၀၀၊ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၂၄၅၀-၂၅၅၀၊ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၂၃၅၀-၂၄၅၀၊ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၂၃၀၀-၂၄၀၀ |

**ယဉ်ယဉ်အေး**

# ၂၀၁၆ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ၏ အသားနှင့် နို့ထွက်ပစ္စည်းများ တင်ပို့မှုကျဆင်း

၂၀၁၆ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ၏ အဓိကထိပ်တန်းပို့ကုန်နှစ်မျိုးဖြစ်သည့် အသားနှင့် နို့ထွက်ပစ္စည်းတို့၏ ပို့ကုန်တန်ဖိုးများ ကျဆင်းခဲ့ကြောင်း ဇန်နဝါရီ ၃၀ ရက်တွင် အစိုးရစာရင်းအင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

၂၀၁၆ ခုနှစ်တွင် စုစုပေါင်း ပို့ကုန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၂၄ ဘီလီယံရှိခဲ့ပြီး ၂၀၁၇ ခုနှစ်ထက် အမေရိကန်ဒေါ်လာ ၃၉၅ ဒသမ ၈၇ သန်းလျော့နည်းခဲ့ကြောင်း အဆိုပါဌာန၏စာရင်းများတွင်ဖော်ပြထားသည်။ ယင်းကဲ့သို့ကျဆင်းမှုသည် ဒုတိယအကြိမ်မြောက် ဆက်လက် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယပို့ကုန်အများဆုံး အုပ်စုတွင်ပါဝင်သည့် အမဲသားနှင့် တိရစ္ဆာန်များမှထွက်ရှိသည့် အသားတင်ပို့မှုမှ ရရှိငွေပမာဏသည်အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၉ ဘီလီယံရှိရာမှာ အမေရိကန်ဒေါ်လာ ၆၈၁ ဒသမ ၈၄ သန်း ကျဆင်းခဲ့ပြီး၊ ရောင်းချရမှုပမာဏအနေဖြင့် ၇ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်က အသားအဓိကထုတ်လုပ်တင်ပို့မှု အကြီးအကျယ်ကျဆင်းခဲ့ရာ ၂၀၁၆ ခုနှစ်တွင်ပါ အသားထုတ်လုပ်တင်ပို့မှု ကျဆင်းခဲ့သည့်ဒဏ်ရိုက်ခတ်ခဲ့ရခြင်းဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ စာရင်းအင်းဌာန၏ အကြီးတန်းမန်နေဂျာ Nicola Growden က ထုတ်ဖော်ပြောကြားခဲ့သည်။

နို့မှုန့်၊ ထောပတ်နှင့် ဒိန်ခဲ တင်ပို့မှုပမာဏအနေဖြင့် တန်ချိန် သုံးသန်း တင်ပို့နိုင်ခဲ့သော်လည်း နို့ထွက်ပစ္စည်း တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၅ ဘီလီယံ ရာခိုင်နှုန်းအားဖြင့် ၃ ရာခိုင်နှုန်းနီးပါးလျော့နည်း တင်ပို့ခဲ့ကြောင်း သိရသည်။

နို့ထွက်ပစ္စည်း တင်ပို့မှုပမာဏသည် ၂၀၁၃ ခုနှစ်မှစတင်၍ မြင့်တက်လာခဲ့ပြီး၊ တရုတ်နိုင်ငံသို့ နို့ထွက်ပစ္စည်းတင်ပို့မှုသည် ၂၀၁၅ ခုနှစ်တွင် ၂၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

သွင်းကုန် တင်သွင်းမှုတန်ဖိုးသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၃၇ ဒသမ ၅၆ ဘီလီယံရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံးတင်သွင်းခဲ့သည့် တန်ဖိုး၏ ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရသည်။ ယခုကဲ့သို့သွင်းကုန်တန်ဖိုးကျဆင်းရခြင်းမှာ ရေနံနှင့် ဓာတ်ဆီ ဈေးနှုန်းကျဆင်းမှု၊ မော်တော်ကား၊ ယာဉ်နှင့်ယာဉ် အပိုပစ္စည်းတို့၏ ဈေးနှုန်းများမြင့်တက်မှုတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃ ဘီလီယံရှိပြီး၊ ၎င်း ပမာဏသည် ၂၀၁၅ ခုနှစ် ကုန်သွယ်မှုလိုငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅ ဘီလီယံအောက်သို့ လျော့နည်း ကျဆင်းခဲ့သည်။ ၂၀၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေပမာဏသည် ၂၀၀၈ ခုနှစ်ကတည်းက ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေများအနက် အမြင့်မားဆုံးသော လိုငွေပြသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း သိရသည်။ **ခင်စုစုလှိုင် (CJ)**

# ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၈၀၂ တန်ဖိုးရှိ လက်ဖက်ခြောက် ၉၂ တန်နီးပါး တင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီ လဆန်းပိုင်းက ၃၉ တန် တင်ပို့ခဲ့တဲ့အတွက် တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဇန်နဝါရီလတွင် လက်ဖက်ခြောက် တန် ၁၃၀ ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်တွင် လက်ဖက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး "လက်ဖက်ခင်းမှ ရရှိတဲ့ လက်ဖက်ရွက်များကို တချို့က စက်နဲ့ပေါင်း၊ စက်နဲ့လိပ်သူတွေလည်း ရှိတယ်။ ပြီးရင်အခြောက်လှန်းရတယ်။ လက်ဖက်ရွက်အစို ငါးပိဿာလောက်မှ လက်ဖက်ခြောက် တစ်ပိဿာ လောက်ရတာ။ ပုံမှန်ဝင်ငွေရတော့ အဆင်ပြေပါတယ်" ဟု လက်ဖက်ခြံတစ်ခြံမှ လက်ဖက်ခူးသူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

# MPT အမှတ်တံဆိပ် အရောင်းဆိုင်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်ပါ ဖွင့်လှစ်၍ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းများကို ဆောင်ရွက်ပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် ၎င်း၏အမှတ်တံဆိပ် အရောင်းဆိုင်ပေါင်း ၁၃၀ ကျော်ကို အများပြည်သူရုံးပိတ်ရက်များဖြစ်သော စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင်ပါ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် MPT သုံးစွဲသူ မိဘပြည်သူများအနေဖြင့် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရုံးပိတ်ရက်များတွင်ပါ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ အဆိုပါအစီအစဉ်ကို ဖေဖော်ဝါရီ ၄ ရက်မှ စတင်မည်ဖြစ်သည်။

MPT သုံးစွဲသူများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ MPT အမှတ်တံဆိပ်အရောင်းဆိုင်များ၌ ရုံးပိတ်ရက်များတွင် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း အပါအဝင် အခြားသောဝန်ဆောင်မှုများကိုပါ ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခုလိုဖွင့်လှစ်ပေးခြင်းမှာ MPT အမှတ်တံဆိပ် အရောင်းဆိုင်များသို့ ရုံးချိန်အတွင်း မလာရောက်နိုင်သူများနှင့် ရုံးဖွင့်ရက်များတွင် အလုပ်များသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်သည်ဟု ဆိုသည်။

ရုံးပိတ်ရက်များတွင်ပါ ဖွင့်လှစ်မည့် MPT အမှတ်တံဆိပ် အရောင်းဆိုင်များတွင် MPT သုံးစွဲသူမိဘပြည်သူများ သိရှိလိုသည့် အကြောင်းအရာများကို ကျွမ်းကျင်ဝန်ထမ်းများက ဖြေကြားပေးခြင်း၊ 4G ဝန်ဆောင်မှုကို အသုံးပြုရန်အတွက် ဆင်းမ်ကတ်များ လဲလှယ်ပေးခြင်း၊ ဖုန်းငွေဖြည့်ကတ်များ ရောင်းချခြင်း၊ e-top up စနစ်ဖြင့် ငွေဖြည့်ခြင်း၊ ဆင်းမ်ကတ်ပျက်စီးမှုနှင့် ပျောက်ဆုံးမှုတို့အတွက် ဆင်းမ်ကတ်အသစ်များနှင့် ပြန်လည်လဲလှယ်ပေးခြင်း အစရှိသော များပြားလှသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဆင်းမ်ကတ်မှတ်ပုံမတင်ရသေးသူတွေအတွက် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရမှာ ပိုမိုလွယ်ကူသက်သာစေဖို့ ဆိုင်တွေကို အခုလိုမျိုး ရုံးပိတ်ရက်တွေမှာပါ ဖွင့်လှစ်တာဖြစ်ပါတယ်။ အခု ဆိုရင် သုံးစွဲသူပြည်သူတွေဟာ ရုံးပိတ်ရက်များမှာပါ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဆိုင်တွေဆီကို ရုံးပိတ်ရက်မှာပဲဖြစ်ဖြစ် ရုံးဖွင့်ရက်မှာပဲဖြစ်ဖြစ် ဝင်လာခဲ့ပါ။ ပျော်ရွှင်ကြည်နူးစွာနဲ့ ဝန်ဆောင်မှုတွေပေးဖို့ ကျွန်တော်တို့ အသင့်ရှိနေပါမယ်"ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr. Koichi Kawase က ပြောကြားခဲ့ပါသည်။

**မယ်သီတာ**

# ဒစ်ဂျစ်တယ်စနစ်သုံးအလုပ်အကိုင်ပြပွဲတွင် အလုပ်အကိုင် နေရာပေါင်း ၅၀၀ ကျော်အတွက် လျှောက်ထားသူ ၄၀၀၀ ကျော်ရှိခဲ့

ပြီးခဲ့သည့် ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့သည့် ဒစ်ဂျစ်တယ်စနစ်သုံး အလုပ်အကိုင်ပြပွဲ (Paperless Job Fair)တွင် အလုပ်အကိုင် နေရာပေါင်း ၅၀၀ ကျော်ကိုခေါ်ယူခဲ့ပြီး လျှောက်ထားသူ စုစုပေါင်း ၄၀၀၀ ကျော်ရှိခဲ့ကြောင်း အလုပ်အကိုင်ပြပွဲအပြီးတွင်ရရှိသည့် အချက်အလက်များအရ သိရသည်။ work.com.mm က စီစဉ်ကျင်းပသည့် မြန်မာ့ပထမဆုံး ဒစ်ဂျစ်တယ်စနစ်သုံး အလုပ်အကိုင်ပြပွဲ Paperless Job Fair တွင် အလုပ်လျှောက်ထားသူ ၄၀၀၀ ကျော်ရှိသည့်အနက် အများစုမှာ အူရီဒူး(မြန်မာ)၊ မက်စ်(မြန်မာ)၊ ကိုကာကိုလာ၊ Capital Diamond Star Group နှင့် RMA ကုမ္ပဏီများ၏ လစ်လပ်နေရာများကို အများဆုံး လျှောက်ထားကြခြင်းဖြစ်ကြောင်း work.com.mm ၏ စစ်တမ်းကောက်ယူမှုများအရ သိရသည်။

အလုပ်လျှောက်ထားသူအများစုမှာ ပျမ်းမျှအနေနှင့် အသက်(၂၅)နှစ်မှ (၂၇)နှစ်ကြား လူလတ်ပိုင်းအရွယ်များဖြစ်ကြောင်း အချက်အလက်များအရ သိရှိရသည်။

လျှောက်ထားသူအများစုမှာ လုပ်ငန်းလုပ်ကိုင်သည့် အတွေ့အကြုံမရှိ သေးသူများသာမက လုပ်သက်(၁၀)နှစ်အထိ အတွေ့အကြုံရှိသူများ ပါဝင်ခဲ့ကြကြောင်း သိရသည်။

ထို့အပြင် work.com.mm ၏ အထူးပြုရှာဖွေထားသည့် အချက်အလက်များအရ ဒစ်ဂျစ်တယ်စနစ်သုံးအလုပ်အကိုင်ပြပွဲတွင် အွန်လိုင်းမှအလုပ်လျှောက်လွှာများကို လက်ခံနိုင်ခဲ့သဖြင့် စာရွက်ပေါင်း ၁၁၀၀၀ ကျော်ကို ချွေတာနိုင်ခဲ့ပြီး ၎င်းစာရွက်ပေါင်းမှာ အရွယ်ရောက်ပြီး သက်တမ်းရင့် သစ်တစ်ပင်နှင့် ညီမျှနေကြောင်း သိရသည်။

Paperless Job Fair သည် အလုပ်လျှောက်ထားရာတွင် စာရွက် စာတမ်းများသယ်ဆောင်လာရန်မလိုဘဲ ဒစ်ဂျစ်တယ်နည်းကိုသာအသုံးပြု၍ အလုပ်လျှောက်ထားနိုင်မည့် မြန်မာ့ပထမဆုံး အလုပ်အကိုင်ပြပွဲဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**

# DIEBOLD NIXDORF က မြန်မာနိုင်ငံတွင်ရုံးဖွင့်ပြီး နည်းပညာဝန်ဆောင်မှုများ တိုက်ရိုက်ပေးမည်




ကမ္ဘာ့ထိပ်တန်း ငွေကြေးဆိုင်ရာ ကော်ပိုရေးရှင်း ၁၀၀ နှင့် ထိပ်တန်း လက်လီစီးပွားရေး ကုမ္ပဏီကြီး ၂၅ခု တို့၏ တီထွင်ဆန်းသစ်သော မိတ်ဖက်ကုမ္ပဏီအဖြစ် လက်တွဲလုပ်ကိုင်နေသည့် Diebold Nixdorf သည် မြန်မာနိုင်ငံရုံးကို ရန်ကုန်မြို့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

၎င်း၏ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ပြည်တွင်းဈေးကွက်သို့ တိုက်ရိုက်ဝန်ဆောင်မှု ပေးသွားမည်ဖြစ်သည်။ Diebold Nixdorf သည် ယခင်က ပြည်တွင်းမိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းပြီး ပြည်တွင်းဘဏ်များ၏self-service အခြေပြုနည်းပညာ လိုအပ်ချက်များကို နှစ်ပေါင်းများစွာ ပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံသည် ငွေကြေးအသုံးပြုမှု ပိုင်းနှင့်ပတ်သက်ပြီး Physical နှင့် Digital ရပ်ဝန်းနှစ်ခုအကြားတွင် လည်ပတ်လုပ်ဆောင်လျက် ရှိသော်လည်း ငွေသားကိုသာ အဓိကထား သုံးစွဲလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသည့် ATM စက် အရေအတွက်သည် ၂၀၁၅ ခုနှစ်အထိ ခန့်မှန်းခြေအလုံးရေ ၁၇၈၀ ရှိကြောင်း လေ့လာတွေ့ရှိချက်တစ်ရပ်အရ သိရသည်။

၂၀၁၅ နှစ်ကုန်မှ ၂၀၂၂ နှစ်ကုန်ဆုံးချိန်အထိ ATM စက်အသုံးပြုမှု အရေအတွက်သည် ၂၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟု သုတေသနနှင့် စီးပွားရေးလုပ်ငန်းများအတွက် အကြံပေး ဝန်ဆောင်မှုများ ပေးနေသည့် RBR အဖွဲ့က လေ့လာတွေ့ရှိထားသည်။ Diebold Nixdorf သည် အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများတွင် ဖွင့်လှစ်ထားသော ဘဏ်များနှင့် အတူ လုပ်ကိုင်ကာ ဘဏ်အသုံးမပြုသူအရေအတွက် လျော့ကျစေရန် ကူညီလုပ်ဆောင်ပေးခဲ့သလို ဘဏ်အသုံးပြုသူများအားလည်း နည်းပညာနှင့် ဝန်ဆောင်မှုအား ပံ့ပိုးကူညီပေးခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ရှိဝန်ဆောင်မှု အင်ဂျင်နီယာဝန်ထမ်း ၃၀ ဖြင့် Diebold Nixdorf သည် ပြည်တွင်းဘဏ်များ၏ လိုအပ်ချက်များကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဈေးကွက်သို့ Diebold Nixdorf ကုမ္ပဏီ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းဘဏ်များအနေဖြင့် ၎င်းတို့၏ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကမြို့ကြီးများနှင့် အခြားမြို့များသို့ တိုးချဲ့လုပ်ဆောင်ရာတွင် ကုမ္ပဏီက လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် Diebold Nixdorf သည် မြန်မာနိုင်ငံဈေးကွက်တွင်းသို့ ဝင်ရောက်လုပ်ကိုင်လိုသည့် နာမည်ကြီးအထင်ကရ ဖောက်သည်များနှင့် အသစ်များအတွက် အလိုအလျောက် လုပ်ဆောင်နိုင်သည့် နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ရန် ပံ့ပိုးပေးလျက်ရှိသည်။

"ကျွန်တော်တို့ လုပ်ငန်းတွေကို မြန်မာနိုင်ငံဈေးကွက်မှာ ချဲ့ထွင်နိုင်တဲ့အတွက် ကျေနပ်မိပါတယ်။ ပြည်တွင်းမှာ ရုံးခန်းဖွင့်လိုက်တဲ့အတွက် ဖောက်သည်တွေနဲ့ ရင်းနှီးမှု ပိုမိုရရှိအောင် တည်ဆောက်နိုင်မှာဖြစ်ပြီး ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုတွေကို ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ပံ့ပိုးပေးနိုင်ဖို့ ဘဏ်လုပ်ငန်းနဲ့ retail နည်းပညာလုပ်ငန်းနယ်ပယ်တွေမှာ တီထွင်ဆန်းသစ်မှုတွေကို ကုမ္ပဏီက ဆက်လက်တွန်းအားပေးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု Diebold Nixdorf ၏ အာရှပစိဖိတ်ဒေသ၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ Neil Emerson က ပြောကြားခဲ့သည်။

**မယ်သီတာ**

# အူရီဒူးမြန်မာက စီးပွားရေးလုပ်ငန်းသုံး ဖုန်းများအတွက် ဈေးနှုန်းအသစ်ဖြင့် မိတ်ဆက်

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော 4G ကွန်ရက်ဝန်ဆောင်မှုကို ပေးအပ်ခဲ့သည့် အူရီဒူးမြန်မာသည် မြန်မာနိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အကြီးစားလုပ်ငန်းလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ်သက်သာစေမည့် စီးပွားရေးလုပ်ငန်းသုံး မိုဘိုင်းဝန်ဆောင်မှုအသစ်ကို မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။

ယခု အသစ်မိတ်ဆက်ပေးသည့် ဈေးနှုန်းသစ်သည် ဆက်သွယ်မှုအတွက် ကုန်ကျစရိတ်များသက်သာစေရန် သင့်တင့်မျှတသာ ဈေးနှုန်းဖြင့် ပိုမိုကောင်းမွန်သော ဖုန်းခေါ်ဆိုခြင်းနှင့် အင်တာနက် အသုံးပြုခြင်းအတွက် အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ဈေးနှုန်းသစ်ဖြင့် ကြိုတင်ငွေဖြည့်စနစ်သုံးနှင့် လစဉ်ဘီလ်ရှင်းစနစ်ဖြင့် အသုံးပြုသော စနစ်နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ပေးအပ်သော ဝန်ဆောင်မှုတစ်ခုဖြစ်သည့် အူရီဒူး၏ စီးပွားရေးလုပ်ငန်းသုံး မိုဘိုင်းဝန်ဆောင်မှုသည် အဆင့်မီနည်းပညာကို အသုံးပြုထားသည့်အတွက် စီးပွားရေးလုပ်ငန်းသုံး ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများအတွက် လိုအပ်သည့်ဒေတာပမာဏကို ရာထူးအလိုက်ဖြစ်စေ အသုံးပြုမှုအဆင့်အလိုက်ဖြစ်စေ မိမိလုပ်ငန်းလိုအပ်ချက်နှင့်အညီ စီမံခန့်ခွဲမှုကိုပါ ပြုလုပ်နိုင်ပါသည်။

အဆိုပါဝန်ဆောင်မှုသည် လုပ်ငန်း အသေး၊ အလတ်၊ အကြီး စသည့် လုပ်ငန်းဆိုဒ်အားလုံးအတွက် အထူးအသုံးဝင်ပါကြောင်း သိရသည်။

သုံးစွဲသူများအနေဖြင့်လည်း အူရီဒူးအချင်းချင်းဖုန်းခေါ်ဆိုမှု၊ အင်တာနက်အသုံးပြုမှုနှင့် အခြားအသုံးပြုနိုင်ခွင့်များအတွက် မိမိလုပ်ငန်းနှင့် ကိုက်ညီအဆင်ပြေသည့် Mobile Pack များကို ရွေးချယ်အသုံးပြုနိုင်ရန်အတွက်လည်း Biz Basic, Biz light Biz Classic, Biz Plus, Biz max နှင့် Biz Extreme စသည်ဖြင့် အမျိုးအစားစုံလင်စွာ ဝန်ဆောင်မှုပေးထားပါသည်။

အခြားထပ်ဆောင်းရယူနိုင်သော ဝန်ဆောင်မှုအနေဖြင့်လည်း အင်တာနက်ပက်ကေ့ချ်များ၊ နိုင်ငံတကာဖုန်းခေါ်ဆိုရန်အတွက် ပက်ကေ့ချ်များ၊ ပြည်ပရောက်စဉ် အသုံးပြုမှုများကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရယူနိုင်သည်။

အူရီဒူးမြန်မာ၏ လက်ရှိစီးပွားရေးလုပ်ငန်းသုံး ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့်လည်း အခုလက်ရှိရယူထားသော ဝန်ဆောင်မှုအမျိုးအစားကို မိမိ၏လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး ဝန်ဆောင်မှု အမျိုးအစားအသစ်ကို အချိန်စောင့်ဆိုင်းစရာမလိုဘဲ အူရီဒူးမြန်မာ၏ သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ဖုန်းခေါ်ဆိုအကြောင်းကြားခြင်းဖြင့် ပြောင်းလဲရယူနိုင်ကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**




# ၂၀၁၇ခုနှစ်အတွက် ကိုးလ်ဂိတ်၏ (၅)ကြိမ်မြောက် သွားနှင့်ခံတွင်း ကျန်းမာရေးအစီအစဉ် စတင်

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုများအားသွားနှင့် ခံတွင်းကျန်းမာရေး၏ အရေးပါမှု ပညာပေးလအစီအစဉ်ကို ကိုးလ်ဂိတ်က စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ် စတင်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က လှည်းတန်း ရှော့ပ်ပင်းစင်တာတွင်ကျင်းပခဲ့သည်။

သွားနှင့်ခံတွင်း ကျန်းမာရေး တစ်လတာအစီအစဉ်သည် ဖေဖော်ဝါရီလတစ်လအတွင်း မြန်မာပြည်တွင်းရှိ သုံးစွဲသူများအတွက် သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါပုံကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ရန်ကုန်မြို့အတွင်းရှိ သွားကျန်းမာရေးဌာနပေါင်း ၄၄ ခုအပါအဝင်၊ သွားဆေးခန်း ၄၃၀ နှင့် ဆေးရုံများတွင် ကလေးများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် သွားနှင့်ခံတွင်းကျန်းမာရေးပညာပေး အထောက်အကူပြုပစ္စည်းများနှင့် အခမဲ့ သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးခြင်းများကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်အတွင်းကပြုလုပ်ခဲ့သည့် ကိုးလ်ဂိတ်၏ သွားနှင့်ခံတွင်းကျန်းမာရေးတစ်လတာလှုပ်ရှားမှု အစီအစဉ်မှ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ သွားဆေးခန်း ၄၁၄ ခုမှ၊ လူပေါင်း ၆ သောင်းကျော်အား သွားကျန်းမာရေးဝန်ဆောင်မှုများပေးခဲ့သည်။

တစ်လတာ လှုပ်ရှားမှု အစီအစဉ်၏ တိုးတက်လာမှုကြောင့် နိုင်ငံတစ်ဝန်းရှိ သွားဆေးခန်းများ၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာခဲ့ပြီး ယခုနှစ်တွင် လူဦးရေ ခုနစ်သောင်းကျော်ကို သွားကျန်းမာရေး စစ်ဆေးပေးနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ကိုးလ်ဂိတ်၏ Senior Professional Relation Manager ဖြစ်သူ Dr. Sompong က "ကိုးလ် ဂိတ်အနေနဲ့ လူကြီး၊ လူငယ်မရွေး၊ လူတိုင်းဟာ ကျန်းမာတဲ့ သွားနဲ့ခံတွင်းရဲ့ အကျိုးရလဒ်ကို နားလည်သဘောပေါက်စေချင်တယ်။ ဒါမှလည်း ကျန်းမာတဲ့ သွားနဲ့ခံတွင်းတွေကို ရရှိမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကစတင်ပြီး မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းနဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်းက ပြည်သူတွေရဲ့ သွားကျန်းမာရေးအတွက် ဝန်ဆောင်မှုတွေ ပေးခဲ့ပါတယ်။ ကိုးလ်ဂိတ်ရဲ့ သွားနှင့် ခံတွင်းကျန်းမာရေးပညာပေးလဟာ နှစ်စဉ်ပြုလုပ်တဲ့လှုပ်ရှားမှုတစ်ခုဖြစ်ပါတယ်။ မြန်မာပြည်သူတွေ တစ်နှစ်ထက် တစ်နှစ် ပိုမိုပါဝင်လာနိုင်ဖို့အတွက် အစီအစဉ်တွေကို နှစ်စဉ် တိုးမြှင့်ဆောင်ရွက်သွားဖို့ ကတိကဝတ်ပြုပါတယ်။ သွားကျန်းမာရေးဟာ တစ်ကိုယ်ရေကျန်းမာရေးအတွက် အဓိကသော့ချက်ပါ။ နေ့စဉ်တစ်နေ့နှစ်ကြိမ် သွားတိုက်ခြင်းဖြင့် သွားနာ၊ သွားကိုက်ခြင်း၊ သွားကျိုးခြင်း၊ သွားဖုံးနာရောဂါတွေကို ကာကွယ်ပေးပြီး ကိုယ်ခံအား စနစ်ကို တိုးတက်စေပါတယ်။ ဒါကြောင့် သွားကျန်းမာရေး အသိပညာပေး လုပ်ငန်းဟာ အရေး ကြီးပါတယ်"ဟုပြောကြားသည်။

ကိုးလ်ဂိတ်၏ သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးလသည် နှစ်စဉ်ပြုလုပ်သည့် လှုပ်ရှားမှုတစ်ခုဖြစ်ပြီး Colgate-Palmolive က ကမ္ဘာတစ်ဝန်းရှိ ဒေသအတွင်း သွားနှင့်ခံတွင်းဆိုင်ရာ အရာရှိများနှင့် ပူးပေါင်းကာ သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူများအား ပညာပေးရန် အကောင်အထည်ဖော်လုပ်ဆောင်နေခြင်းဖြစ်သည်။

**မယ်သီတာ**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမှုအတွက် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့် Smile Asia တို့ လက်တွဲဆောင်ရွက်



ကမ္ဘောဇ အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်းနှင့်Smile Asia တို့ လက်တွဲ၍ တောင်ကြီးမြို့ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ဖေဖော်ဝါရီ ၃ ရက်မှ ၁၀ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ကမ္ဘောဇ အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ပြီးခဲ့သည့်နှစ်အတွင်းကလည်း ရန်ကုန်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ၁၇၀ ကျော်အား ခွဲစိတ်ကုသမှု ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

"အပြုံးဆိုတာဟာ လူတစ်ဦးကို တစ်ဦး ချစ်ခင်ကြင်နာရင်းနှီးမှုကို ဖော်ပြတဲ့ သင်္ကေတအဖြစ် လူတိုင်းလက်ခံယုံကြည်ထားကြသလို၊ ကျွန်မတို့အနေနဲ့လည်း ကလေးတွေရဲ့ အပြုံးတွေကို ပြန်လည် အသက်ဝင်စေခြင်းဟာ မြန်မာနိုင်ငံမှာရှိတဲ့ လူ့အဖွဲ့အစည်းများစွာရဲ့ မေတ္တာတရားတွေ တိုးပွားလာစေပြီး၊ ကျွန်မတို့နိုင်ငံက အနာဂတ်မျိုးဆက်သစ်တွေရဲ့ဘဝတွေကို ပိုမိုမြင့်မားလာစေမယ်လို့ ယူဆပါတယ်"ဟု BFM ပူးတွဲတည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါ်နန်းလိုင်းခမ်းက ပြောကြားခဲ့သည်။

နှုတ်ခမ်းကွဲခြင်း (သို့မဟုတ်) အာခေါင်ကွဲခြင်းသည် ပါးစပ်အပေါ်ပိုင်းမှ နှာခေါင်းအတွင်းအထိ ကွဲဟနေသည့် ဒဏ်ရာတစ်ခု ရှိနေခြင်းဖြစ်ပါသည်။ အဆိုပါဝေဒနာကြောင့် အစာစားခြင်း၊ စကားပြောခြင်းနှင့် အကြားအာရုံတို့တွင် ပြဿနာများ ရှိနေနိုင်သကဲ့သို့ နားကူးစက်ရောဂါများလည်း မကြာခဏ ဖြစ်ပွားနိုင်ပါသည်။ တစ်ကမ္ဘာလုံးတွင် သုံးမိနစ်လျှင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ်တစ်ဦး မွေးဖွားလျက်ရှိသည်။

ကလေးငယ် အယောက် ၁၁၀ ခန့်သည် သူတို့ဘဝကို ကောင်းမွန်သောပြောင်းလဲမှုများ ယူဆောင်လာမည့် ယခု အစီအစဉ်တွင် ပါဝင်ကုသခံရန် စာရင်းပေးသွင်းပြီးဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အတက်မြန်လာသည့် ကားဈေးကွက် လတ်တလောအရောင်းအဝယ်အေးပြီး ဈေးတန့်နေသည့် ပုံစံဖြစ်နေ

ရန်ကုန်မြို့ကားဈေးကွက်အတွင်း ကားအရောင်းအဝယ် ဈေးတန်းများ အမြင့်ဆုံးမဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ မြင့်တက်လာချိန်တွင် ကားအဝယ်များလည်း နည်းပါးသွားကာ ကားအရောင်းစင်တာများနှင့် ကားပွဲစားတန်းများတွင်ပါ အရောင်းအဝယ်များ အေးစက်လာကာ ဈေးတန်းများမှာလည်း အတက်ဈေးနှင့်ပင်ရပ်တန့်နေသည့်ပုံစံဖြင့်တွေ့နေရကြောင်း သိရသည်။

နှစ်ဆန်းပိုင်း၏ ဒုတိယလပထမဆုံးပတ်တွင် သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့သည့် ကားတင်သွင်းခြင်း၏ ဆိပ်ကမ်းအရောက်ဈေးနှုန်း (စီအိုင်အက်ဖ်) သတ်မှတ်ပေးမှုကလည်း အများမျှော်လင့်နေကြပြီး ဖြစ်ပေါ်ချင်သည့် ဈေးတန်းတစ်ရပ် (အင်ဂျင်ပါဝါ ၁၃၅၀ စီစီအောက် ကားများ ၅၀၀၀ ဒေါ်လာ) သတ်မှတ်ချက်ဖြစ်သော်လည်း တင်သွင်းခွင့်ပြုသည့် မော်ဒယ်လ်ခုနှစ် သတ်မှတ်ချက်မှာ ၂၀၁၁ မှ ၂၀၁၄ အထိ အဆိုပါအင်ဂျင်ပါဝင်ကားလေးများမှာလည်း စလစ်ကပ်ပြီး တင်သွင်းရသည်ဖြစ်သဖြင့် ကားဝယ်ရောင်းများနှင့် တစ်ပိုင်တစ်နိုင် တင်သွင်းကြသူများ မှန်းချက်မကိုက် ဖြစ်သွားစေပြီး၊ သိန်း ၁၀၀ အထက်ဖြစ်နေသောကားများမှာ စလစ်ဈေးနှုန်းပါ ထပ်ဆောင်းပါဝင်ရမည့်သဘောဖြစ်နေသဖြင့် အင်ဂျင်ပါဝါကားအုပ်စုဝင်များမှာ ဆက်လက်၍ ဈေးတက်ဖို့သာရှိကြောင်း ဝါရင့်ဝယ်ရောင်းသမားအကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

ဆက်လက်၍ ယာဉ်ဟောင်းအပ်နှံစလစ်များ ယခင်ရက်သတ္တပတ်က သိန်း ၁၀၀ ဝန်းကျင်နှင့် ထပ်မံကျဆင်းနိုင်ခြေရှိသော်လည်း သက်ဆိုင်ရာမှ ဧပြီ ၁ ရက်မှစ၍ စလစ်ကပ်ကားများ ဝင်ငွေခွန်ကောက်မည့် သတင်းတစ်ရပ်ထွက်ပေါ်လာ၍ ဧပြီ ၁ရက်နေ့မတိုင်မီ ကျန်သည့် နှစ်လနီးပါးကာလအတွင်း စလစ်ကပ်ရန် အပြိုင်အဆိုင်ပြန်လည်တင်သွင်းလာကြသဖြင့် စလစ်ဈေးတန်းများ လေး၊ ငါးသိန်းပြန်တက်လာကာ ယခုအခါ ကျပ်သိန်း ၁၀၄၊ ၁၀၅ သိန်းတို့ ပြန်လည် ရောက်လာကြောင်း၊ ထိုအခြေအနေအရပ်ရပ်ကြောင့် ကားဈေးတန်းများ အတက်ဘက်သို့ ဦးတည်နေသော်လည်း ကားဈေးကွက်တွင် အမှန်ရောင်းချလိုသူများမှ ဈေးတန်းညှိနှိုင်းရောင်းချရမှုများ ရှိလာသဖြင့် ယခင်ကာလများကဲ့သို့ အရောင်းအဝယ် အကောင်းကြီးမဟုတ်သော်လည်း ကြိုက်ရောင်း၊ ကြိုက်ဝယ် ဈေးကွက်အနည်းငယ်ဖြစ်လာသည်ကို တွေ့ရှိရကြောင်း ၎င်းက ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အက်ဗ်ီယို (၂၀၁၁) | ယာယီ | ၂၂၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၂။ | နီဆန်းဝင်းရဒ် (၂၀၁၁) | ယာယီ | ၁၈၀ သိန်း | 1.5 ဓာတ်ဆီ/မန်းလိုင်စင် |
| ၃။ | ပါဆို (၂၀၁၁) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၄။ | အာအေဗီ(၄) (၂၀၀၄) | ယာယီ | ၂၇၅ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | ပစ်ကပ် (ဟိုက်ဂျက်)(၂၀၀၇) | ယာယီ | ၈၈ သိန်း | .6 ဓာတ်ဆီ |
| ၆။ | ဝှရ် (၂၀၀၄) | 3J | ၁၉၀ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | ပရိုဘောက် (၂၀၁၃) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၈။ | ကာလ်ဒီးနား (၂၀၀၃) | 9H | ၁၈၀ သိန်း | 2.0 ဓာတ်ဆီ |
| ၉။ | အပ်ကား (၂၀)နှစ် | - | ၉၇ သိန်း | ကားကောင်း |




# ပုသိမ်မြို့တွင် “ စွန့်ဦးတီထွင်ဧရာဝတီ ” ဟောပြောပွဲအခမ်းအနားကျင်းပ

ပုသိမ်မြို့နယ်၊ ပုသိမ်ဟိုတယ်အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံလူငယ်စွန့် ဦးတီထွင်လုပ်ငန်းရှင်များအသင်း (ဗဟို) Myanmar Yangon Entrepreneurs Association က ကြီးမှူးကျင်းပသော “စွန့်ဦးတီထွင် ဧရာဝတီ” ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးဦးခင်မောင်လှိုင်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (ဗဟို)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ ဗဟိုအလုပ်အမှုဆောင်များ၊ လူငယ်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီက တိုင်းဒေသကြီးအတွင်းရှိ လူငယ်လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ စီးပွားရေးကဏ္ဍပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များ၏စွမ်းဆောင်နိုင်မှု မြှင့်တင်နိုင်စေရန်၊ နိုင်ငံ့အကျိုးနှင့်အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ လူ့စွမ်းအား အရင်းအမြစ်များကိုအသုံးချပြီး တိုင်းပြည်၏ အနာဂတ်စီးပွားရေးကဏ္ဍများတွင် ပါဝင်နိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(ဗဟို) MYEA ဥက္ကဋ္ဌဦးဝေဖြိုးက အသင်းကို ၂၀၁၂ ခုနှစ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ အသင်း၏အဓိကရည်ရွယ်ချက်မှာ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွက်လာပြီး ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင် လုပ်ကိုင်နိုင်စေရန် ဈေးကွက် အသိပညာဗဟုသုတ စွမ်းဆောင်ရည်မြှင့်မားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်မှုနှင့် အနာဂတ်စီမံကိန်းများတွင် ပါဝင်နိုင်ရေး၊ စွန့်ဦးတီထွင်လူငယ်များကို နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် သာမက တီထွင်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ မဟာဗျူဟာကျသည့် အစီအစဉ်များ သိရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ အတွင်းရှိ စွန့်ဦးတီထွင်လိုစိတ်ရှိသူ လူငယ်များကို သင်ကြားပြသမြေတောင်မြှောက်ပေးရန်နှင့် စွန့်ဦးတီထွင်လူငယ်များအား အဓိကျသည့် အခြေခံ အခွင့်အရေးများ ရရှိပြီး မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ ထို့နောက် “စွန့်ဦးတီထွင် ဧရာဝတီ” ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာနယ်ပယ် အသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**မင်းမင်းဦး(ပသ)**

# ရှမ်းပြည်နယ်ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီနှင့် သောက်ရေသန့်လုပ်ငန်းရှင်များတွေ့ဆုံ ဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ် ပြည်နယ်ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် သောက်ရေသန့်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)စားသုံးသူရေးရာဦးစီးဌာနပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ဇန်နဝါရီလ ၂၅ရက်က ကျင်းပခဲ့ပါတယ်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဦးစီးမှူး ဦးမြသန်းကစားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို စားသုံးသူများအတွက် ကာကွယ်သည့်နေရာတွင် စားသောက်ကုန်များသာမက ဆေးဝါးပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စက်မှု/လျှပ်စစ်ပစ္စည်း၊ စိုက်ပျိုးရေးပစ္စည်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုများအပြင် ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများကိုလည်းလွှမ်းခြုံပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာတွင်လိုင်စင်ထုတ်ပေးသောဌာနများ၊ စံချိန်စံညွှန်းနှင့်အညီ ထောက်ခံချက်ပေးသောဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပြီး သက်ဆိုင်ရာ ဌာနများ၏ ပြဋ္ဌာန်းပြီး ဥပဒေများနှင့်အညီဆောင်ရွက်ပါကြောင်း၊ အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများဖြစ်သည့် စားသုံးသူအသင်းအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီနှင့်ပူးပေါင်း၍ အာဆီယံဒေသအတွင်း စားသုံးသူကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် USAID နှင့် GIZ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ လူဦးရေ ၅ ဒသမ ၅၈ သန်းကိုလည်း ဆက်လက်အသိပညာပေး ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ စားသုံးသူများကျန်းမာရေးနှင့်ညီညွတ်စေရန် ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များဖြန့်ဖြူးနိုင်ရေးအတွက် ယခုကဲ့သို့ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာကြသောရေသန့်လုပ်ငန်းရှင်များက ရေသန့်ထုတ်လုပ်ပုံနည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါအစည်းအဝေးတွင် ရေသန့်လုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ရာ ဗဟိုအလုပ်အမှုဆောင် ၁၁ဦး၊ အလုပ်အမှုဆောင် ၁၂ ဦး၊ စုစုပေါင်း ၂၃ ဦးရွေးချယ်တင်မြှောက်ခဲ့ကြောင်းသိရပါတယ်။

**စောမောင်(တောင်ကြီး)**

# မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများ၏စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တို့၏အစီအစဉ်ဖြင့် မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်က မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်က မွန်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် အိမ်တွင်းမှုလုပ်ငန်းများ၊ ရိုးရာရက်ကန်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဟိုတယ်ခရီးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်ချက်များ၊ ပံ့ပိုးကူညီရမည့်အချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ Global Development Solutions, LLC မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Yasuo Konishi မှ မိမိအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ခရီးသွားလုပ်ငန်းကိုမြှင့်တင်လိုကြောင်း၊ မော်လမြိုင်မြို့တွင် လမ်းညွှန်ဆိုင်းဘုတ်များထားရှိရန်လိုအပ်ကြောင်း၊ မွန်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် လက်မှုပစ္စည်းများကို မည်သည့်နေရာတွင် ရရှိနိုင်သည်ကို လမ်းညွှန်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံခြားခရီးသွားများစိတ်ဝင်စားသည့်ကုန်ပစ္စည်းများအား အရည်အသွေး၊ဒီဇိုင်း၊ ထုပ်ပိုးမှုပုံစံများကို အရည်အသွေးမြှင့်တင်ပေးလိုကြောင်း၊ မွန်ပြည်နယ်မှ ထွက်ရှိသည့် ဒေသထွက်ကုန်များ ရေရှည်တည်တံ့စေရန်နှင့် ဈေးကွက်ထိုးဖောက်ရန် အခက်အခဲရှိပါက မိမိအနေဖြင့် ကူညီပေးမည်ဖြစ်ကြောင်း၊ နိုင်ငံခြားခရီးသွားဧည့်သည်များ ကြိုက်နှစ်သက်သည့် အရာများ၊ အစားအသောက်များကို သိရှိထားပြီးဆွဲဆောင်မှုရှိအောင် ပြုလုပ်ရန်လိုအပ်ကြောင်း၊ အိမ်တွင်းထုတ်ကုန်များ၊ လက်မှုပညာပစ္စည်းများ၊ ရက်ကန်းအထည်များကို ရိုးရာမပျက်စေဘဲ ခေတ်ဆန်ဆန် ပြုလုပ်ရန် လိုအပ်ကြောင်း၊ ကျေးလက်များတွင် အမျိုးသမီးများလုပ်ကိုင်နေသည့် လက်မှုလုပ်ငန်းများကိုဈေးကွက်သို့ထိုးဖောက်ရန် ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးအပြီးတွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးမှ မွန်ပြည်နယ်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ Mr. Yasuo Konishi နှင့်အဖွဲ့တို့အား ရာမညကုန်သွယ်မှုဗဟိုဌာန၌ ပြသထားသော မွန်ပြည်နယ်ဒေသမှ ထွက်ရှိသည့် အစားအသောက်နှင့် ရိုးရာလက်မှုပစ္စည်းများအား လိုက်လံပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီးရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၆-၂-၂၀၁၇ မှ ၁၂-၂-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အထွေထွေသဘောတရားအရ အများနှင့်လိုက်လျောညီထွေ အဆင်ပြေအောင်နေထိုင်ပြောဆို လုပ်ကိုင်တတ်သော်လည်း၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ရွဲ့စောင်း၍ပြောဆိုတတ်မှုတို့ကြောင့် အန္တရာယ်မကင်းသောပြဿနာတက်တတ်၍ သတိထားသင့်ပါသည်။ သေဘေးမှအကြိမ်ကြိမ်လွတ်မြောက်တတ်ပါသည်။ အစားအသောက်အနေအထိုင်မဆင်ခြင်မှုတို့ကြောင့် ရောဂါဝေဒနာများစွဲကပ်တတ်ပါသည်။ **ယတြာ။ ။အနတ္တလက္ခဏာသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** များသောအားဖြင့်အကြင်နာကင်းသော၊ လူမှုရေးခေါင်းပါးသော၊ အတ္တများသောသူများ နှင့်ဆုံရဖန်များလာသည့်အတွက် မိမိစိတ်သည်လည်းပြောင်းလဲလာတတ်ပါသည်။ မကောင်းသော သဘောတရားကြီးထဲတွင် မိမိသည်လည်း အပါအဝင်ဖြစ်လာတတ်ပါသည်။ မည်သူတရားပျက်ပျက်၊ ကိုယ်မပျက်သင့်ပါ၊ ထားသင့်သောအတ္တမှလွဲ၍အားလုံးအပေါ် အတ္တမထားသင့်ပါ။

**ယတြာ။ ။မဟာသမယသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် လောဘကြီးတတ်ပါသည်။ လစဉ်ရသောငွေကြေးထက်နေ့စဉ်ရသောငွေကြေးကိုပို၍စိတ်ဝင်စားတတ်သည်။ မိမိ၏ စိတ်ဆန္ဒနှင့်မိမိလုပ်ဆောင်မှုသည် မိမိလုပ်ကိုင်ဆောင်ရွက်ခဲ့သော၊ ထိတွေ့ခဲ့သော၊ ဖြတ်သန်းခဲ့သော၊ ပတ်ဝန်းကျင်၏ရိုက်ခတ်မှုသာဖြစ်သည်ကို သတိမူပြီးဆင်ခြင်နိုင်လျှင် ဘဝတွင်တိုးတက်အောင်မြင်နိုင်မည်မှာ ဧကန်မုချဖြစ်ပါသည်။ **ယတြာ။ ။မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လွဲချော်မှုနည်းပါးအောင် သတိထား၍လုပ်ဆောင်နေရတတ်သည်။ လုပ်ဖော်ကိုင်ဖက်များထဲမှ အတိုက်အခံပြုမှုလေးများ ရှိနေတတ်၍ မယိုင်လဲသွားအောင် အလိုက်သင့်လုပ်ကိုင်နေရတတ်သည်။ သည်းခံစိတ်၊ ခွင့်လွှတ်စိတ် မွေးနိုင်လျှင် စီးပွားရေးသမားဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ အောင်မြင်မှုများရရှိနိုင်ပါသည်။

**ယတြာ။ ။ဓမ္မစကြာဒေသနာ ရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်စေတနာကောင်းခြင်း၊ တစ်ဖက်သားအားကူညီပေးတတ်ခြင်း၊ မှန်တာပြောခြင်းကို လက်ခံတတ်ပြီး လေးစားတတ်ပါသည်။ မိမိအားလိမ်ညာသူ၊ အနိုင်ကျင့်သူ၊ မတော်တရားပြုသူ၊ ခေါင်းပုံဖြတ်သူတို့အား ရွံ့မုန်းတတ်ပါသည်။ အမှတ်သည်းခြေကြီးတတ်ပြီး လက်စားချေလိုစိတ်လည်း ရှိတတ်သည်။ တကယ်ကြိုးစားလျှင် တကယ်ထွန်းပေါက်ကျော်ကြားနိုင်ပါသည်။

**ယတြာ။ ။ပရိမိတ္တဇာလသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်တတ်သည့်အကျင့် မပျောက်တတ်ပါ။ ဒေါသကြောင့် မကြာခဏအမှားအယွင်းဖြစ်တတ်ပါသည်။ အပြောင်းအလဲ၊ အပြောင်းအရွှေ့များခြင်းမကြာခဏဖြစ်တတ်သည်။ အဆင်ပြေလိုက်၊ မပြေလိုက်ဖြစ်တတ်သည်။ ဘာသာတရားကိုလိုက်စားပြီး သည်းခံနိုင်သော၊ ဒေါသလျော့နိုင်သော လေ့ကျင့်ခန်းများကို မကြာခဏလေ့ကျင့်ပြုလုပ်ပေးမည်ဆိုပါက တိုးတက်အောင်မြင်မှုများ ရရှိနိုင်ပါသည်။

**ယတြာ။ ။ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** ရိုးရှင်းသောဘဝနေထိုင်မှုရှိနေတတ်ပါသည်။ အများကိုရိုင်းပင်းသောစိတ်ရှိသလို လက်တွေ့တွင်လည်းကူညီမှုပေးတတ်ပါသည်။ မိမိကူညီသောသူများတွင် အများစုက ကျေးဇူးမတင်တတ်ကြဘဲ ကျေးဇူးကန်းတတ်ကြသည်။ အနည်းငယ်လောက်သာကျေးဇူးသိတတ်ပြီး ပြန်လည်ရိုင်းပင်းကူညီတတ်ပါသည်။ မိမိသည် အများအကျိုးအတွက်မွေးဖွားလာခြင်းဟုယုံကြည်ခံယူထားတတ်ပါသည်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကြိုးစားခြင်းတို့နှင့်ဘဝတွင် အောင်မြင်တိုးတက်ပါလိမ့်မည်။ **ယတြာ။ ။ဓာရဏပရိတ်ရွတ်ဖတ်ပူဇော်ပါ။**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့မှ တရုတ်နိုင်ငံသို့ ဇန်နဝါရီအတွင်း ဆန်တန်ချိန် ၆၀၀ ကျော် ပြည်ပသို့တင်ပို့



ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း မိုင်းလားဒေသမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒေသဆန်တန်ချိန် ၆၀၀ကျော် တင်ပို့နိုင်ခဲ့ကြောင်းသိရပါတယ်။ ဇန်နဝါရီ ၁ ရက်မှ ၂၇ ရက်အထိ တရုတ် နိုင်ငံသို့ အမှန်တင်ပို့ရန်ဖြစ်ကြောင်း ထောက်ခံချက်နဲ့ တင်ပို့ရောင်းချခဲ့တာဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ တရုတ်နိုင်ငံသို့ မိုင်းလားမှတစ်ဆင့် ဆန်တင်ပို့လျက်ရှိရာ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီ ၂၈ရက်မှစပြီး လုံခြုံရေးအရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဆန်တင်ပို့ခွင့်များ ပိတ်သိမ်းခံခဲ့ရသည်။

ထို့ကြောင့် လက်ရှိ စပါးစိုက်တောင်သူများအနေဖြင့် စပါးရှိသော်လည်းဝယ်မည့်သူမရှိ၍ စိုက်စရိတ်အခက်အခဲရှိကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့ရန် ကြိတ်ခွဲပြီး ဒေသဆန်များမှာလည်း ယင်းသို့ အချိန်ကြာမြင့်စွာပိတ်ထားပါက ပျက်စီးဆုံးရှုံးနိုင်ကြောင်း ဒေသခံဆန်ကုန်သည်တစ်ဦးရဲ့ပြောပြချက်အရ သိရပါတယ်။

ဆန်တင်ပို့မှု အခြေအနေမှာ ဆန်ကားအကြီး/အသေး ၆၄စီးဖြင့်ဆန်တန်ချိန် ၆၀၀ကျော်တင်ပို့ခဲ့ကြောင်းကျိုင်းတုံမြို့ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမုန်းကိုက ပြောကြားခဲ့ပါတယ်။ **မင်းအောင်(တောင်ကြီး)**

## မြောင်းမြခရိုင်ဦးစီးမှူးရုံးတွင် ထုတ်ကုန်လုံခြုံ စိတ်ချရမှုနှင့်ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (ဆင့်ပွား) သင်တန်းဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံးတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (ဆင့်ပွား)သင်တန်းကို ဇန်နဝါရီလ ၃၁ ရက်က ဖွင့်လှစ်ခဲ့ရာ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များမှ ဝန်ထမ်းများတက်ရောက်ခဲ့ကြပါတယ်။

အဆိုပါသင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန မြောင်းမြခရိုင်ဦးစီးမှူး ဦးတိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ ဌာနခွဲမှူး ဦးလှထွန်းဦးက (ရုံးချုပ်)နေပြည်တော်တွင် တက်ရောက်ခဲ့သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့် စစ်ဆေးမှုသင်တန်းမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်လေ့လာရေးစနစ်များကိုသိရှိအောင် ခရိုင်ရုံး ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူးနဲ့ဝန်ထမ်းများအား ထပ်ဆင့်ပြန်လည် ပို့ချခဲ့ကြောင်းသတင်းရရှိပါတယ်။ **ဇော်မင်း(မြောင်းမြ)**

## ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၇)ကျင်းပ

ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ကို ဇန်နဝါရီလ ၃၀ရက်က ကယားပြည်နယ် အစိုးရအဖွဲ့ရုံး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးရုံးခန်း၌ ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် တက်ရောက်လာကြသောအဖွဲ့ဝင်အသီးသီးက ဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရာတွင်လည်း ပိုမိုကျယ်ပြန့်ထိရောက်မှုရှိစေရန် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ရပ်ကွက်အတွင်းရှိရာအိမ်စုအလိုက်ဆောင်ရွက်သွားရန်၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စားသုံးသူများအတွက် ဟင်းသီးဟင်းရွက်များတွင် ဓာတုဓာတ်ကြွင်းများပါဝင်မှုကို အသိပညာပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှကိုယ်စားလှယ် တစ်ဦးလိုက်ပါဆောင်ရွက်ရန်၊ စားသုံးသူအကာအကွယ်ပေးရာတွင် ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုအညွှန်းကိန်းကျဆင်းရေး ကုန်ဈေးနှုန်း သတင်းအချက်အလက်များ ကောက်ယူသွား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **(စားသုံးသူ၊ ကယား)**



## အိန္ဒိယနိုင်ငံမှ ကွမ်းသီးများ ပိုမိုတင်ပို့

အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၄၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၇၉၂ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ၆၁၈တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၇၄ တန်ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ပိုမိုရခြင်းမှာ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ကွမ်း သီးများ ပိုမိုတင်ပို့နိုင်တဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သိရ ပါတယ်။

စခန်းအလိုက် တင်ပို့မှုကို ကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၉တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၂၈ သန်းတန်ဖိုးရှိ ကွမ်းသီး ၇၇၂တန်ကို တင်ပို့နိုင်တယ်လို့သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၁ သန်း တန်ဖိုးရှိ စီးကရက်၊ငါးလေးခြောက်နဲ့ နန့်ဖာလုံကုန်စုံတို့ကို ၅၁တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၄၁ သန်း တန်ဖိုးရှိ စီးကရက်၊ စောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ကို ၄၃ တန် တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**



## မြို့ကြီးများ၏ ၆-၂-၂၀၁၇ မှ ၁၀-၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၆-၂-၂၀၁၇) | အင်္ဂါ(၇-၂-၂၀၁၇) | ဗုဒ္ဓဟူး(၈-၂-၂၀၁၇) | ကြာသပတေး(၉-၂-၂၀၁၇) | သောကြာ(၁၀-၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F |
| ရန်ကုန်မြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F |
| မန္တလေးမြို့ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| လားရှိုး | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| ကျိုင်းတုံ | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| လွိုင်ကော် | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| တောင်ကြီး | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F |
| ဘားအံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မုံရွာ | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| ပုသိမ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F |
| မြိတ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၄°F |
| စစ်တွေ | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| မကွေး | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| ဖလမ်း | နေသာ ၂၅°C/၇၇°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |



## ချီလီတွင် လောင်ကျွမ်းလျက်ရှိသည့် တောမီးအား နိုင်ငံတကာမှ မီးသတ်လေယာဉ်များဖြင့် ငြိမ်းသတ်လျက်ရှိ

ချီလီနိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက လောင်ကျွမ်းလျက်ရှိသည့် တောမီးအား နိုင်ငံတကာမှ မီးသတ်လေယာဉ်များဖြင့် ငြိမ်းသတ်လျက်ရှိကြောင်း အယ်လ်ဂျာဇီးယားစ်သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံပေါင်း ကိုးနိုင်ငံမှ မီးသတ်သမားများပါဝင်သည့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့သည် ချီလီနိုင်ငံတွင် ရောက်ရှိနေပြီး တောမီးများကို စတင်ငြိမ်းသတ်လျက်ရှိပြီဖြစ်သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုသည် အဆိုးရွားဆုံးဖြစ်ပြီး နိုင်ငံ၏သမိုင်းတွင် တစ်ခါမျှမကြုံဖူးသေးသည့် တောမီးလောင်ကျွမ်းမှုပင်ဖြစ်ပြီး သမိုင်းတွင်သည့် ဖြစ်ရပ်ပင်ဖြစ်ကြောင်း ချီလီနိုင်ငံသမ္မတ မီရှယ်လ်ဘာချာလက်စ်က ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် မီးသတ်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရပြီး လေယာဉ်မှူးတစ်ဦးအပါအဝင် မီးသတ်သမားလေးဦးလည်း အသက်ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ တောမီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၁၁ ဦး သေဆုံးခဲ့ရပြီး နေအိမ် ၁၀၄၇ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီဖြစ်သည်။

နှစ်ရက်အတွင်းစတုရန်းမီတာ ၃၈၇၀ လောင်ကျွမ်းခံခဲ့ရကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ချီလီနိုင်ငံတောင်ပိုင်းတွင် အပူချိန်များ မြင့်တက်လျက်ရှိရာ အပူချိန်သည် ၃၅ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ချီလီနိုင်ငံ အမျိုးသားသစ်တောထိန်းသိမ်းရေး အေဂျင်စီက ထုတ်ဖော်ကြေညာခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ချီလီနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော်လည်း နိုင်ငံ၏ ကမ်းခြေဒေသနှင့် တောင်ပိုင်းဒေသများကိုပါ ခြိမ်းခြောက်လျက်ရှိသည်ဟု ဆိုသည်။

"တော်တော်ကို ဆိုးရွားလှတဲ့ဖြစ်ရပ်ပါ။ ချီလီနိုင်ငံရဲ့ သမိုင်းမှာ အဆိုးရွားဆုံးဖြစ်ရပ်လို့တောင် ပြောရတော့မှာပါ။ အပျက်အစီးတွေ ဆုံးရှုံးမှုတွေက ရေတွက်လို့တောင်ရမယ်မထင်ပါဘူး"ဟု ဆန်တာအိုလ်ဂါမြို့တော်ဝန် ကားလို့စ်ဗင်နီဇွဲလားက ပြောကြားခဲ့သည်။

ယခုအခါတွင် ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ ဥရုဂွေး၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီနှင့် မက္ကဆီကိုနိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိနေပြီး နိုင်ငံတကာမှ အကူအညီများပေးအပ်ထားသည့် မီးသတ်လေယာဉ်များဖြင့် ငြိမ်းသတ်လျက်ရှိကြောင်း Wildfire Today သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## အိန္ဒိယနိုင်ငံ ဂျမူးနှင့် ကက်ရှ်မီးယားပြည်နယ်တွင် အအေးလှိုင်းများ ဖြတ်သန်း

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန် နယ်စပ်ဒေသဖြစ်သည့် ဂျမူးနှင့် ကက်ရှ်မီးယားဒေသတို့တွင် အအေးလှိုင်းများ ဖြတ်သန်းလျက်ရှိကြောင်း Zee News တွင် ဖော်ပြထားသည်။

အအေးလှိုင်း ဖြတ်သန်းမှုကြောင့် ညအပူချိန်များသည် အနုတ် ၆ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ ကျဆင်းခဲ့ရာ ရေခဲမှတ်အောက်သို့ပင် ရောက်ရှိနေပြီဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အအေးလှိုင်းဖြတ်သန်းမှုကြောင့် လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း အတိအကျမသိရှိရသေးသော်လည်း အနည်းဆုံး ၁၀ ဦးခန့်သေဆုံးနိုင်သည်ဟု ဆိုသည်။

ယင်းကဲ့သို့ အအေးလှိုင်းဖြတ်သန်းနေချိန်တွင် မိုးများလည်း သည်းထန်စွာ ရွာသွန်းနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်ကြေညာထားသည်ဟု ဆိုသည်။

အအေးလှိုင်းဖြတ်သန်းနေသည့် ကာလများတွင် မိုးဖွဲလေးများသည် နှင်းမှုန်များနှင့်အတူကျရောက်လာသဖြင့် ဂျမူးနှင့် ကက်ရှ်မီးယားပြည်နယ်မှ ဒေသခံများသည် ရာသီဥတုဆိုးရွားသည့်ဒဏ်ကို ခံစားနေရသည်ဟုဆိုသည်။

ဂျမူးနှင့် ကက်ရှ်မီးယားဒေသရှိ မြစ်ချောင်းများတွင်လည်း ရေများခဲနေသဖြင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ မြစ်ချောင်းများတွင် ရေများခဲနေသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများကို ထိခိုက်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဂျမူးနှင့် ကက်ရှ်မီးယားဒေသတွင် အနိမ့်ဆုံးအပူချိန်မှာ အနုတ် ၈ ဒသမ ၆ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏မြို့တော်ဖြစ်သည့် ဒေလီမြို့တွင်လည်း အပူချိန်များကျဆင်းလျက်ရှိပြီး နေ့အပူချိန်မှာ ၈ ဒီဂရီဆဲလ်ဆီးယပ်သို့ကျဆင်းနေကြောင်း၊ ဆီးနှင်းများလည်းကျဆင်းနေမှုကြောင့် ဒေလီမြို့တော်နေ ပြည်သူများမှာ အအေးဒဏ်ကို ခံစားနေရသည်ဟုဆိုသည်။

ထို့ပြင် ရာဂျာစသန်၊ ပန်ဂျပ်နှင့် ဟာရာနာဒေသတို့တွင်လည်း နေ့အပူချိန်များ ကျဆင်းလျက်ရှိပြီး ရေခဲမှတ်အောက်သို့ ရောက်ရှိလာနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်ကြေညာထားသည်။

**မယ်သီတာ**

# မျက်မှောက်ခေတ် ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်

## (oabmw&m;ESifhrjzpf&yfrSm;)



သိန်းမြင့်ဝေ

*ယခင်တစ်ပတ်မှအဆက်*

အချို့နိုင်ငံများတွင် နိုင်ငံပိုင် အရင်းအမြစ်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးကြသည်။ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်း (Privatization) သည် ရေတိုအတွက် ရင်းနှီးမြှုပ်နှံမှုအရင်းအနှီး (Investment capital) များပြားစွာ ရရှိနိုင်သည်။ သို့သော်လည်း Privatization သည် ရေရှည်တွင် အလုပ်လက်မဲ့ များပြားခြင်း၊ တစ်ဦးကျဝင်ငွေ (Percapita income) နိမ့်ကျခြင်းနှင့် ဆင်းရဲမှုတို့ကို ဖြစ်စေနိုင်သည်။ အထူးသဖြင့် ဤအချက်သည် အနောက်အာဖရိကနိုင်ငံများအတွက် မှန်ကန်ပါသည်။ အနောက်အာဖရိကနိုင်ငံများသည် ပြည်တွင်းစီးပွားရေးအတွက် ငါးဖမ်းလုပ်ငန်းကို သမိုင်းစဉ်ဆက်လုပ်ကိုင်ခဲ့ကြသည်။ ၁၉၇၉ ခုနှစ် နှစ်စတွင် ဥရောပသမဂ္ဂသည် အနောက်အာဖရိက ကမ်းရိုးတန်းတွင် ငါးဖမ်းခွင့်စာချုပ်များဖြင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခဲ့ပါသည်။ ၁၉၇၉ ခုနှစ်မှ ယနေ့ထက်တိုင်ဖြစ်ပါသည်။ ဥရောပသမဂ္ဂကော်ပိုရေးရှင်းများသည် စီးပွားဖြစ် ငါးဖမ်းခြင်းကို အလွန်အကျွံလုပ်ကိုင်သောကြောင့် အနောက်အာဖရိကရှိ ပြည်သူများ အလုပ်လက်မဲ့ များစွာဖြစ်ပေါ်ပြီး ဒေသတစ်ဝန်းသို့ ပြောင်းရွှေ့ထွက်ခွာ အသက်မွေးဝမ်းကျောင်း ပြုကြရပါသည်။ နိုင်ငံခြားစီးပွားရေး လုပ်ငန်းကြီးများနှင့် ကုန်သွယ်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ချုပ်ဆိုပြီး တိုင်းပြည်စီးပွားရေး တိုးတက်စေရန် ဆောင်ရွက်မည့် ဆင်းရဲသော နိုင်ငံရှိ အစိုးရများအတွက် သင်ခန်းစာရယူနိုင်သည်။

**တရုတ် – အာဖရိက ဆက်ဆံရေး**

သစ်ကုလားအုတ်အပါအဝင် နိုင်ငံခြားမှ ယူဆောင်လာသော တိရစ္ဆာန်များကို ဆိုမာလီကုန်သည်များက တရုတ်နိုင်ငံတွင် ရောင်းချခဲ့သည်။ အဆိုပါတိရစ္ဆာန်များကို တရုတ်နိုင်ငံ ပြည်နယ်အချို့တွင် လူကြိုက်များပါသည်။ သမိုင်းစဉ်လာအားဖြင့် တရုတ်နှင့် ဆိုမာလီသည် ခိုင်မာသော ကူးသန်းရောင်းဝယ်မှုရှိခဲ့သည်။ မကြာမီနှစ်များအတွင်းက တရုတ်သည် အာဖရိကနိုင်ငံများနှင့် ပိုမိုကောင်းမွန်သော ကုန်သွယ်ရေးနှင့် စီးပွားရေး သဘောတူညီ ချက်များ ပြုလုပ်ခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အာဖရိက၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံ (Largest trading partner) ဖြစ်ပါသည်။

၂၀၀၇ ခုနှစ် ဩဂုတ်လတွင် အာဖရိက၌ အလုပ်လုပ်ကိုင်လျက်ရှိသော တရုတ် နိုင်ငံသား အရေအတွက်မှာ ၇၅၀၀၀ ယောက်ခန့်ရှိသည်။ တရုတ်နိုင်ငံသည် ရေနံနှင့် သတ္တုကဲ့သို့သော သဘာဝအရင်းအမြစ်များကို အာဖရိကနိုင်ငံများမှ ထုတ်ယူသယ်ဆောင်လျက်ရှိသည်။ ထိုကဲ့သို့ သယ်ဆောင်ရခြင်းမှာ တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်ရန်နှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ (International business enterprises) ကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် တရုတ်နှင့် အာဖရိက အပြန်အလှန်ကုန်သွယ်မှုမှာ အမေရိကန် ဒေါ်လာဘီလီယံ ၅၀ အထိ တိုးတက်ခဲ့သည်။

တရုတ်နိုင်ငံ၏ အာဖရိကနှင့် စီးပွားရေး ဆက်ဆံမှုများ၊ ရောင်းဝယ်ဖောက်ကားမှုများ အားလုံးသည် တိုက်ရိုက် ငွေကြေးပေးချေခြင်း မရှိခဲ့ပါ။ ၂၀၀၇ခုနှစ်တွင် တရုတ်အစိုးရနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်အရ တရုတ်နိုင်ငံက ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းကြီးများကို ဖြည့်ဆည်းတည်ဆောက်ပေးသည်။ ထို့အတွက် ကွန်ဂိုအစိုးရက တရုတ်နိုင်ငံအား ကွန်ဂိုကြေးနီသတ္တုတွင်းများမှ ကြေးနီထုတ်ယူခွင့်ပြုရမည်။ တရုတ်က ဆောက်လုပ်ပေးမည့် အခြေခံအဆောက်အအုံတန်ဖိုးနှင့်ညီမျှသည့် ကြေးနီထုတ်ယူခွင့်ကို ကွန်ဂိုနိုင်ငံက ခွင့်ပြုပေးရပါမည်။

**တောင်ကိုရီးယားနိုင်ငံ၏ မြေယာဝယ်ယူနယ်ချဲ့ခြင်း**

ကာလရှည်စားနပ်ရိက္ခာ ထုတ်လုပ်ရောင်းချမှုကို သေချာစေရန် တောင်ကိုရီးယားအစိုးရနှင့် စီးပွားရေးကော်ပို ရေးရှင်းကြီးများသည် ဆင်းရဲသောနိုင်ငံရှိ စိုက်ပျိုးမြေဟက်တာ သန်းပေါင်းများစွာကို အသုံးပြုရန်အတွက် အသုံးပြု ခွင့်များ (Exploitation rights) ဝယ်ယူလျက်ရှိသည်။ ဆင်းရဲသောနိုင်ငံဆိုသည်မှာ တတိယကမ္ဘာနိုင်ငံများ (Third world or Underdeveloped countries) ကို ဆိုလိုသည်။ ထိုကဲ့သို့ မြေယာဝယ်ယူစိုက်ပျိုးထုတ်လုပ်သောကြောင့် တောင်ကိုရီးယားသည် ပြည်ပမှ စားနပ်ရိက္ခာ ဝယ်ယူတင်သွင်းရခြင်း မရှိတော့ပေ။ ဝယ်ယူထားသော မြေယာများက ထိထိရောက်ရောက် ထုတ်လုပ်ပေးသောကြောင့် စားသောက်ကုန် မတင်သွင်းရခြင်း ဖြစ်သည်။ ဤကဲ့သို့ စိုက်ပျိုးမြေနယ်ချဲ့သည့် မူဝါဒကို မျက်မှောက်ခေတ်ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်အဖြစ် မှတ်ယူနိုင်သည်။

> ”
>
> မြေယာ
> အရောင်းအဝယ်ကိစ္စ
> ကြီးထွားလာခြင်းက
> ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်ကို
> ဖြစ်စေနိုင်တယ်

တောင်ကိုရီးယားသည် ရေနံစိမ်းထုတ်လုပ်မှု မရှိသည့်အပြင် အခြားသော့ချက်ကျသော စက်မှုကုန်ကြမ်းများကိုလည်း ထုတ်လုပ်နိုင်ခြင်းမရှိပေ။ ထို့ကြောင့် ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်ရန်နှင့် ပြည်သူလူထု၏ အသက် မွေးဝမ်းကျောင်းအတွက် နိုင်ငံခြားတိုင်းပြည်များရှိ သဘာဝသယံဇာတများကို ရရှိအောင် ဆောင်ရွက်ရသည်။ ထို့ကြောင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization-FAO) အကြီးအကဲ Jacques Diouf က "မြေယာအရောင်းအဝယ်ကိစ္စ ကြီးထွားလာခြင်းက ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်ကို ဖြစ်စေနိုင်တယ်။ ဆင်းရဲတဲ့နိုင်ငံက ချမ်းသာတဲ့နိုင်ငံအတွက် စားနပ်ရိက္ခာတွေ ထုတ်ပေးနေရတာမျိုးဖြစ်မယ်။ ဆင်းရဲတဲ့နိုင်ငံရှိ ဆာလောင်နေတဲ့ ပြည်သူတွေရဲ့ ပိုက်ဆံတွေနဲ့ ချမ်းသာတဲ့နိုင်ငံအတွက် စားသောက်ကုန်တွေ ထုတ်ပေးနေရတာမျိုးဖြစ်ပါမယ်" ဟူ၍ သတိပေးပြောကြားပါသည်။

၂၀၀၈ ခုနှစ်တွင် ကိုရီးယားကော်ပိုရေးရှင်း Daewoo Logistics သည် မာဒါဂတ်စကာ (Madagascar) တွင် လယ်ယာ မြေဟက်တာ ၁ ဒသမ ၃ သန်းဝယ်ယူထားသည်။ ဤ မြေပမာဏသည် ဘယ်လ်ဂျီယံနိုင်ငံ၏ ထက်ဝက်ခန့်ရှိပြီး ဇီဝလောင်စာအတွက် ပြောင်းနှင့် အခြားသီးနှံများ စိုက်ပျိုးရန်ဖြစ်သည်။ မာဒါဂတ်စကာတွင် စားအုန်းဆီနှင့် ပြောင်းများစိုက်ပျိုး၍ စားသောက်ကုန်များထုတ်လုပ်ပြီး ပြည်ပတင်ပို့ခဲ့သည်။ ထိုကဲ့သို့ တင်ပို့သော်လည်း မာဒါဂတ်စကာ ပြည်သူသုံးပုံ တစ်ပုံနှင့် ကလေးငယ် ၅၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုကို ရင်ဆိုင်နေရသည်။ စိုက်ပျိုးထုတ်လုပ် တင်ပို့ရာတွင်လည်း ပြည်တွင်းလုပ်သားများကို အသုံးမပြုဘဲ တောင်အာဖရိကမှ လုပ်သားများကို ခေါ်ယူငှားရမ်းလုပ်ကိုင်သည်။ အဆိုပါလယ်မြေပေါ်တွင် နေထိုင်၍ ၎င်းတို့၏ အစားအစာနှင့် ဝင်ငွေအတွက် ဤမြေယာကို အမှီပြုနေကြသောသူများကို တိုင်ပင်ခြင်း၊ သတင်းပေးခြင်း မရှိပေ။ မြေယာအသိမ်းဆည်းခံ တောင်သူ လယ်သမားများသည် အစိုးရကို ကာလရှည်ကြာစွာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ အကျိုးဆက်မှာ မြေသိမ်းခံဆန့် ကျင်ဆန္ဒပြသူများ ရာနှင့်ချီ၍ သေဆုံးခြင်း ဖြစ်သည်။

မာဒါဂတ်စကာ စိုက်ပျိုးမြေယာ အရောင်းအဝယ်ကိစ္စပြီးသည့်နောက်မကြာမီ တန်ဇန်နီးယားတွင် တောင် ကိုရီးယားက စိုက်ပျိုးမြေဟက်တာ တစ်သိန်း (၁၀၀၀၀၀) ဝယ်ယူခဲ့ပါသည်။ တောင်ကိုရီးယားသည် အဆိုပါ မြေယာတွင် စားနပ်ရိက္ခာနှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ပြီး အဆိုပါစီမံကိန်းအတွက် တောင်ကိုရီးယားဝမ်ငွေ ဘီလီယံ ၇၀၀ မှ ဘီလီယံ ၈၀၀ အထိ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ အဆိုပါစီမံကိန်းသည် တောင်ကိုရီးယား၏ ပြည်ပ နိုင်ငံများတွင် မြေယာဝယ်ယူစိုက်ပျိုးထုတ်လုပ်ခြင်းများအနက် အကြီးမားဆုံးဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် တောင်ကိုရီးယား ဟွန်ဒိုင်းလုပ်ငန်းစုသည် ရုရှားအရှေ့ဖျားတွင်ရှိသော လယ်ယာမြေဟက်တာ ၁၀,၀၀၀ ကို ဝယ်ယူစိုက်ပျိုးခဲ့သည်။ ထို့ပြင် ငွေကြေးအင်အား တောင့်တင်းသည့် တောင်ကိုရီးယားဒေသန္တရ အစိုးရသည်လည်း ဖိလစ်ပိုင် နိုင်ငံအလယ်ပိုင်းရှိ လယ်ယာမြေ ဟက်တာ ၉၅,၀၀၀ ကို ပြောင်းစိုက်ပျိုးရန် ဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ယူရန် ဒေသန္တရအစိုးရသည် တောင်ကိုရီးယား ဗဟိုအစိုးရထံမှ အတိုးနှုန်းသက်သာသောချေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်း ရရှိခဲ့သည်။ ဤစီမံကိန်းအရ တောင်ကိုရီးယားနိုင်ငံအတွက် လိုအပ်သော စက်မှုကုန်ကြမ်းသီးနှံ များကို တစ်နှစ်လျှင် အနည်းဆုံး တန် ၁၀,၀၀၀ ထုတ်လုပ်ခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံစုံ စီးပွားရေးကော်ပိုရေးရှင်းကြီးများနှင့် ဒေသန္တရအစိုးရများသည် အင်ဒိုနီးရှား၊ ဆူလာဝေဆီ၊ ကမ္ဘောဒီးယားနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှလည်း မြေယာများ ဝယ်ယူခဲ့သည်။ ထို့ပြင် တောင်ကိုရီးယား အစိုးရသည် ပါရာဂွေးနှင့် ဥရုဂွေးတို့ထံမှ မြေယာဝယ်ယူရန်အတွက် ဝမ်ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံခဲ့သည်။ ဆက်လက်၍ တောင်ကိုရီးယားသည် လာအို၊ မြန်မာနှင့် ဆီနီဂေါနိုင်ငံတို့မှ မြေယာများ ဝယ်ယူရင်းနှီးမြှုပ်နှံ လျက်ရှိပါသည်။

# အာဆီယံချန်ပီယံရှစ်ဒုတိယဆုရ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂုဏ်ပြု

ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဖေဖော်ဝါရီ ၁ရက်တွင် နေပြည်တော်ဟိုတယ်မက်စ်တွင် ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က ဖူဆယ်လက်ရွေးစင်ကစားသမားများ၊ နည်းပြများအား တစ်ဦးချင်း တွေ့ဆုံနှုတ်ဆက်ပြီး ပြိုင်ပွဲကာလအတွင်း တိုင်းပြည်ဂုဏ်သိက္ခာအတွက် အသင်းသားအားလုံး ရေကုန်ရေခန်း ကြိုးစားအားထုတ်မှုကိုဂုဏ်ပြုပါကြောင်း၊ ဗိုလ်လုပွဲတွင်ဆုံတွေ့ရသည့်အသင်းမှာ အိမ်ရှင်ထိုင်းအသင်းဖြစ်သည့်အပြင် ကမ္ဘာ့အဆင့်သို့ တက်လှမ်းနေသည့် အသင်းကောင်းတစ်သင်းဖြစ်ပါကြောင်း၊ ဖူဆယ်ကွင်းပေါင်း ရာနှင့်ချီရှိနေပြီး အားကစားအခြေခံအဆောက်အဦ ပေါများလှသည့်



မလေးရှား၊ အင်ဒိုနီးရှားတို့ကို အနိုင်ကစားပြီး ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့မှုအပေါ် ကျေနပ်မိပါကြောင်း၊ သို့သော် နောင်လာမည့်ပြိုင်ပွဲများတွင်လည်း ဆက်လက်အောင်မြင်မှုရရှိအောင် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကျင်းပမည့် Myanmar Futsal League 2017 တွင် ကစားသမားအားလုံး ကလပ်အသင်းများနှင့်အတူ ကိုယ်စီပြိုင်ပွဲဝင်ကြိုးပမ်းပြီး မိမိတို့၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို တိုးတက်အောင် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားခဲ့သည်။

မြန်မာလက်ရွေးစင် အမျိုးသားအသင်းသည် အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ)တွင် လာအိုအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး-သုံးဂိုး၊ မလေးရှားအသင်းကို ငါးဂိုး-သုံးဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်တွင် တီမောအသင်းကို ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ထိုင်းအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယဆုရရှိခဲ့သည့် မြန်မာဖူဆယ်အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆုကြေးငွေ ကျပ်သိန်း ၁၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆုကြေးငွေ ကျပ်သိန်း ၁၀၀၊ စုစုပေါင်း ကျပ်သိန်း ၂၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀၀ တို့ကို မြန်မာဖူဆယ်လက်ရွေးစင်အသင်းသို့ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုကို မြန်မာအသင်းမှ ပြည့်ဖြိုးမောင်နှင့် ထိုင်းအသင်းမှ အိုစမန်မူဆာတို့သည် သွင်းဂိုးရှစ်ဂိုးစီသွင်းယူခဲ့ပြီး ပူးတွဲဂိုးသွင်းအများဆုံးဆုကိုရရှိခဲ့သည်။

## မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)ဖွင့်ပွဲသို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနို တက်ရောက်မည်

မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်) တည်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးအနီးတွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၏ ဖိတ်ကြားချက်အရ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာအင်ဖန်တီနိုတက်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသည့် မြန်မာအမျိုးသားဘောလုံးအကယ်ဒမီကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က စတင်အုတ်မြစ်ချဆောက်လုပ်ခဲ့ပြီး စုစုပေါင်းအကျယ်အဝန်းမှာ ၆ ဒသမ ၅၅ ဧကရှိကြောင်း သိရသည်။

အဆိုပါဘောလုံးအကယ်ဒမီအဆောက်အဦး၏ဘေးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပိုင်ဆိုင်သည့် မြက်ခင်းတုကွင်း နှစ်ကွင်းရှိကြောင်း သိရသည်။ ယင်းဘောလုံးအကယ်ဒမီ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်လျက်ရှိပြီး ဖီဖာဥက္ကဋ္ဌအပြင် နိုင်ငံတကာ ဘောလုံးအသိုင်းအဝိုင်းမှ ထင်ရှားသူများကိုလည်း တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

## ပြည်တွင်းရှိ ဂိုးသမားများနှင့် ဂျာမနီဂိုးနည်းပြသင်တန်းများ ပို့ချ

မြန်မာလက်ရွေးစင်ဂိုးနည်းပြများနှင့် မြန်မာ့လက်ရွေးစင်ဂိုးသမားများ၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန် ဂျာမနီနိုင်ငံသားဂိုးနည်းပြ Mr. Holger Andreas Gehrke က ဂိုးနည်းပြသင်တန်းများကို ပို့ချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါသင်တန်းသည် ဖေဖော်ဝါရီ ၂ ရက်မှ ၁၄ ရက်အထိ ၁၄ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး စာတွေ့ရောလက်တွေ့ပါ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းက ပြည်တွင်းမှာရှိတဲ့ ဂိုးနည်းပြတွေ၊ ဂိုးသမားတွေအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်တာဖြစ်ပါတယ်။ လိဂ်ပြိုင်ပွဲတွေမှာ ကစားနေတဲ့ ဂိုးသမားတွေ၊ လက်ရွေးစင်ဂိုးသမားတွေကို နည်းစနစ်ပိုင်း ပိုမိုတိုးတက်ဖို့အတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းသင်တန်းသို့ လက်ရွေးစင်ဂိုးသမားများနှင့် မြန်မာ့လက်ရွေးစင်အသင်းများမှ ဂိုးနည်းပြများ တက်ရောက်လျက်ရှိသည်။ သင်တန်း၏ ပထမရက် နံနက်ပိုင်းလေ့ကျင့်မှုအစီအစဉ်များတွင် လက်ရွေးစင်ဂိုးသမားတစ်ဦးဖြစ်သည့် ရန်အောင်လင်း၊ ပြည့်ဖြိုးအောင်နှင့်လက်ရွေးစင်ဂိုးသမား သီဟစည်သူတို့ ပါဝင်လေ့ကျင့်ခဲ့ကြသည်။ ယခုသင်တန်းတွင် လာရောက်ပို့ချလျက်ရှိ သည့် Mr. Holger Andreas Gehrke သည် ဟန်ဂေရီလက်ရွေးစင်ဘောလုံးအသင်း၏ လက်ရှိ ဂိုးနည်းပြတစ်ဦးဖြစ်ပြီး ကစားသမားဘဝတွင် ဂျာမန်ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲဝင်အသင်းများတွင် ကစားခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

## နောက်ကျောဒဏ်ရာကြောင့် Dubai Desert Classic ဂေါက်သီးပြိုင်ပွဲမှ တိုက်ဂါးဝုဒ် ထွက်ခဲ့ရပြန်



အမေရိကန်ဂေါက်သီးချန်ပီယံဟောင်း တိုက်ဂါးဝုဒ်သည် ဒူဘိုင်းတွင်ကျင်းပသည့် Dubai Desert Classic အိုးပင်းဂေါက်သီးပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြထားသည်။

တိုက်ဂါးဝုဒ်သည် အဆိုပါပြိုင်ပွဲတွင် နောက်ကျောဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။ အဆိုပါနောက်ကျောဒဏ်ရာကို ခံစားနေရသည်မှာ နှစ်နှစ်နီးပါးရှိနေပြီဖြစ်ပြီး ယင်း ဒဏ်ရာကြောင့်ပင် ပြိုင်ပွဲများတွင် ရှုံးနိမ့်မှုများနှင့် ရင်ဆိုင်နေခဲ့ရသည်။

ယခုပြိုင်ပွဲတွင်လည်း တိုက်ဂါးဝုဒ်သည် ပြိုင်ပွဲမစတင်မီက ပြိုင်ပွဲအတွက်အသင့်ဖြစ်နေကြောင်း၊ ၎င်း၏နောက်ကျောဒဏ်ရာမှာ သက်သာနေပြီး ကြံ့ခိုင်မှု အပြည့်အဝရှိကြောင်းကြေညာခဲ့သော်လည်း ပြိုင်ပွဲစတင်ပြီး ရက်အနည်းငယ်အကြာတွင် ဒဏ်ရာထပ်မံရခဲ့ခြင်းဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ပထမကျင်းတွင် သတ်မှတ်ရိုက်ချက်ထက် ငါးချက်ပိုရိုက်ခဲ့ပြီး ပြိုင်ပွဲတွင် အနိုင်ရရှိရေးအတွက် ရုန်းကန်နေခဲ့ရသည်။ အသက် ၄၁ နှစ်အရွယ်ရှိပြီဖြစ်သည့် တိုက် ဂါးဝုဒ်သည် အဓိကဖလားပြိုင်ပွဲများတွင် ၁၄ ကြိမ်တိတိ ဖလားရရှိခဲ့ပြီးနောက် လူမှုရေးပြဿနာများ၊ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးနောက် ဖလားလက်မဲ့ဖြစ်ခဲ့ရသည်။

"ဒီပြိုင်ပွဲမှာ သူခံစားနေရတာ တော်တော်ထိတ်လန့်ဖို့ကောင်းတယ်။ သူက ဒီပြိုင်ပွဲမှာ အနိုင်ရမယ်လို့ အားခဲထားတာကိုး။ သူ ဘယ်လိုမှ မတတ်သာလို့သာ ဒီပြိုင်ပွဲက နုတ်ထွက်သွားခဲ့ရတာပါ။ သူ့ရဲ့ဒဏ်ရာက သက်သာလာပြီ၊ ကြံ့ခိုင်မှု ကောင်းနေပြီလို့ ပြောခဲ့ပေမယ့် ဒါဟာတကယ် မဟုတ်ဘူးဆိုတာ အခုပြိုင်ပွဲက သက်သေပြနေပါတယ်"ဟု တိုက်ဂါးဝုဒ်၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

## အင်္ဂလန်နှင့် ချဲလ်ဆီးအသင်းတို့၏ လက်ရွေးစင်ဘောလုံးသမားဟောင်း ဖရန့်လမ်းပတ် ဘောလုံးသမားဘဝမှ အနားယူပြီ

အင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်းနှင့် ချဲလ်ဆီးအသင်းတို့၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဖရန့်လမ်းပတ်သည် ဘောလုံးသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

အသက် ၃၈ နှစ်အရွယ်ရှိ ဖရန့်လမ်းပတ်သည် အမေရိကန်နိုင်ငံ မေဂျာလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းတစ်သင်းဖြစ်သည့် နယူးယောက် စီတီးအသင်းတွင် ပြီးခဲ့သည့် ၂၀၁၆ခုနှစ်ကတည်း က ပါဝင်ကစားနေသူဖြစ်သည်။ လမ်းပတ်သည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၀၆ ပွဲအနိုင်ကစားပေးခဲ့ပြီး ၂၉ ဂိုး သွင်းယူပေးခဲ့သည်။ ထို့ပြင် ချဲလ်ဆီးအသင်းတွင် ၄၂၉ ပွဲကစားခဲ့ပြီး ၁၄၇ ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။ လမ်းပတ်သည် နောက်ဆုံးဝင်ရောက်ကစားခဲ့သည့် နယူးယောက်စီတီးအသင်းတွင် ၂၉ ပွဲကစားပြီး ၁၅ ဂိုးသွင်းယူခဲ့သည်။ လမ်းပတ်သည် ၎င်း၏ ကစားသမားဘဝတစ်လျှောက် ၆၄၇ ပွဲကစားခဲ့ပြီး ၁၉၃ ဂိုးသွင်းယူခဲ့သူ ဖြစ်သည်။

"ကျွန်တော့်အသက်က အခုမှ ၃၈ နှစ်ပဲရှိပါသေးတယ်။ ကစားမယ်ဆို ဆက်ပြီးကစားလို့ရပါသေးတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ လက်ကျန်အချိန်တွေကို ဘောလုံးသမားဘဝနဲ့မဟုတ်ဘဲ တခြားသောဘဝတွေမှာ မြှုပ်နှံဖို့ စိတ်ကူးထားလို့ ပါ။ ကျွန်တော့်ကို နည်းပြတာဝန်ထမ်းဆောင်ဖို့ သင်တန်းတွေ ပေးတဲ့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ကိုလည်း ကျေးဇူးတင်ပါတယ်" ဟု လမ်းပတ်က ပြောကြားခဲ့သည်။

လမ်းပတ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလားအပါအဝင် အဓိကပြိုင်ပွဲများတွင် ဆုဖလားများ ရယူပေးနိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် က ချဲလ်ဆီးအသင်းကို ဥရောပချန်ပီယံလိဂ်ဖလား ရယူပေးခဲ့ရာတွင်လည်း ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ထို့ပြင် လမ်းပတ်သည် ချဲလ်ဆီးအသင်းအတွက် အက်ဖ်အေဖလား လေးကြိမ်၊ လိဂ်ဖလား နှစ်ကြိမ်၊ ယူရိုပါလိဂ်ဖလားနှစ်ကြိမ် ရယူပေးခဲ့ရာတွင် အသင်းနှင့်အတူ ပါဝင်ကစားခဲ့သူဖြစ်သည်။

## ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး သင်တန်းများ ဖွင့်လှစ်

ဖျာပုံခရိုင်စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေး သင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျိုက်လတ်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန၌ လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဒေးဒရဲမြို့နယ် ပညာရေးမှူးရုံး၌လည်းကောင်း ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့တို့အား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူးများ၊ ဒုတိယမြို့နယ်ဦးစီးမှူးများက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ စားသုံးသူ၏အဓိပ္ပာယ် နှင့်စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန် များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ် ငန်းတာဝန် များ၊ ပိုးသတ်ဆေးအန္တရာယ်နှင့် တားမြစ်ထားသော ဆိုးဆေး လေးမျိုးအကြောင်း၊ မှိုသတ်ဆေး၊ ချွတ်ဆေး၊ ယင်မနားဆေး၊ ခြင်ဆေးခွေအန္တရာယ်နှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းများ အကြောင်း၊ ဥပဒေပါ အခန်း (၇) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ပါဝင်ရမည့် အချက် ၁၇ ချက်နှင့်ပတ်သက်၍ ကုန်ပစ္စည်းနှင့် လိုက်လျောညီထွေဖြစ်မည့် အချက်များ ပါဝင်ရန်နှင့် စားသုံးသူများ လိမ်လည်လှည့်ဖြားခြင်း မခံရအောင် စားသုံးသူ အသိပညာများကို ကျောင်းသား၊ ကျောင်းသူများ၊ ဈေးသည်များနှင့် မိမိ ပတ်ဝန်းကျင် မိသားစုများအား ဆင့်ပွား အသိပညာ ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ဆွေးနွေးပို့ချကြပါသည်။

ထို့အပြင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်စည်များ၊ အလှကုန်ပစ္စည်းများ၊ ဆိုးဆေးပါ ငါးပိအကြောင်းများ၊ ဈေးကွက်အတွင်းရှိ ငရုတ်သီးမှုန့်များ၊ ငရုတ်ဆီများ၊ အိမ်သုံးဆေးဝါးများ၊ ဟော်မုန်းဓာတ်ပါဝင်သည့် သစ်သီးများ၊ ပြန်ကြော်ဆီ အကြောင်းအရာများတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၇ ဦး တက်ရောက်ခဲ့ကြသည်။

**မင်းဇော်လတ် (ဖျာပုံ)**

## ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် စီမံခန့်ခွဲမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး၊စားသုံးသူရေးရာဦးစီးဌာနသည် ဇန်နဝါရီ ၂၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂) ပင်မအလုပ်ရုံ(လျှပ်/စက်) တမာတန်းနှင့် ပင်မယာဉ် သိုလှောင်ရေးတပ်(ထုံးဘို)တို့၌ သက်ဆိုင်ရာမိတ်ဖက်ဌာနများဖြစ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၂)ပင်မအလုပ်ရုံ (လျှပ်/စက်)တမာတန်းတွင် အမှတ်(၂)ပင်မအလုပ်ရုံ (လျှပ်/စက်)၊ စစ်ထောက်ရေးရာလုံခြုံရေးအဖွဲ့(လပခ)၊ အမှတ်(၂)ယန္တရားတပ်၊ အမှတ်(၂)တက္ကသိုလ်တပ်၊ လဆသ(၁)၊ လစပ(ခွဲ)နှင့် ပင်မယာဉ်သိုလှောင်ရေးတပ်(ထုံးဘို)တွင် ခလရ (၇၆)နှင့် ပင်မယာဉ်သိုလှောင်ရေးတပ်(ထုံးဘို)တို့တွင် စုစုပေါင်းအင်အား၄၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဦးက အဆိုပါ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊လုပ်ငန်းတာဝန်များနှင့် မူဝါဒများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် လုပ်ငန်းနယ်ပယ်များ အကြောင်းကိုလည်းကောင်း၊ ဦးစီးမှူး ဦးဇော်မင်းနှင့် ဒုတိယဦးစီးမှူး ဦးဇော်မင်းလတ်တို့က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်စန္ဒာဝင်းက ဆိုးဆေးများအကြောင်းကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ရီရီမွန်က သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးထုတ်လုပ်ရာ၌ ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား ပိုမိုသုံးစွဲလာသည့်အတွက် ဟင်းသီးဟင်းရွက်များအား ချက်ပြုတ်စားသောက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါတယ်။

ပင်မယာဉ် သိုလှောင်ရေးတပ်(ထုံးဘို)မှ ဗိုလ်မှူးဝေယံလင်းက ကျေးဇူးတင်စကား ပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်တွင် စားသုံးသူရေးရာဦးစီးဌာနရှိသည်ကို မိမိတို့အနေဖြင့် မသိရှိကြောင်း၊ ယခုကဲ့သို့ လာရောက်ဟောပြောသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နစ်နာဆုံးရှုံးမှုများရှိလျှင် တိုင်တန်းနိုင်သည်များကိုလည်း သိရှိရပါကြောင်း၊ အစားအသောက်များကိုလည်း ရွေးချယ်စားသုံးရန် ဗဟုသုတများ ရရှိပါကြောင်း ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း၊ စားသုံးသူ(မန္တလေး)**

## အရာတော်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကျင်းပ

အရာတော်မြို့နယ်၊ အမှတ်(၃) တောင်ရပ်ကွက်တွင် ဇန်နဝါရီ ၂၈ ရက်က စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှာ စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အရာများအားရှင်းလင်းဆွေးနွေးပြော ကြားခဲ့သည်။

အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဦးဘဌေးက ဓာတုဆေးဝါး၊ ဓာတုနည်း မသုံးစွဲဘဲ သဘာဝ (Organic) နည်းပညာနှင့် အသုံးချကြရန်နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနဲ့ သနပ်ခါးထုတ်လုပ်တင်ပို့တောင်သူများ စုစုပေါင်း ၁၉၉ ဦး တက်ရောက်ခဲ့ပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရပါတယ်။

**ခင်မြတ်မူ-အရာတော်**

## မွန်ပြည်နယ်ရှိမြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများဖြစ်သော အသိပညာပေး ဟောပြောခြင်းအား မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ၌ လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသိပညာပေးဆွေးနွေးခြင်းအား ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ဈေးကွက်ကွင်းဆင်းစိစစ်ခြင်းအားကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာကျေးရွာဈေး၌လည်းကောင်း အသီးသီးပြုလုပ်ခဲ့ကြပါသည်။

ဇန်နဝါရီ ၂၈ ရက်က မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာဓမ္မာရုံတွင် ရွာသူရွာသားများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားခြင်း၊ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်အားဆွေးနွေးခြင်း၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံဦးစီးမှူး ဦးအောင်ကျော်မိုးက“ စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ”ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က “ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအကြောင်းနှင့် မလုံခြုံသော ထုတ်ကုန်များ၏ ဘေးဥပဒ်အန္တရာယ်အကြောင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသား ၂၆၃ ဦး တက်ရောက်ခဲ့ပါသည်။

ဇန်နဝါရီ ၃၀ ရက်တွင် ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ရောင်းချဖြန့်ဖြူးသူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူးဦးအောင်ကျော်မင်းက ထုတ်ကုန်လုံခြုံစိတ်ချရမှုအကြောင်းနှင့် မလုံခြုံသောထုတ်ကုန်များ၏ ဘေးဥပဒ်အန္တရာယ်များအကြောင်း ဆွေးနွေးခဲ့ရာ ရောင်းချဖြန့်ဖြူးသူ ၂၅ ဦး တက်ရောက်ခဲ့ပြီး ကျိုက္ကသာကျေးရွာရှိဈေးနှင့် စတိုးဆိုင်များတွင် တားမြစ်ကုန်စည်များရောင်းချဖြန့်ဖြူးနေခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**နေဇင်(မွန်)**

## ရေကြည်နှင့် သာပေါင်းမြို့နယ်အတွင်းရှိ အ·မ·က ကျောင်းများတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲ ပြုလုပ်

ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအေးသိန်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁ ရက်က ရေကြည်မြို့နယ်၊ ရေကျော် အ. မ. က ကျောင်းရှိ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ကျောင်းဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ၊ ကျောင်းသားမိဘ ၁၀၀ ဦးခန့်အား လည်းကောင်း၊ သာပေါင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်နှင့် ဝန်ထမ်းများသည် သာပေါင်းမြို့နယ်၊ အောင်တပ် အ. မ. က စာသင်ကျောင်းရှိ ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၇၁ ဦးခန့်အားလည်းကောင်း၊ အန္တရာယ်ရှိသော စားသောက်ကုန်များ ခွင့်မပြု ဓာတုဆိုးဆေးများ အသင့်စား စားသောက်ကုန်များ၏ ဘေးထွက်ဆိုးကျိုးများနှင့် အများပြည်သူ စားသုံးရန်မသင့်သော မုန့်များအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာ ဗဟုသုတများအား ဆွေးနွေးဟောပြောခဲ့သည်။

**စောမိုက်ကယ် (စားသုံးသူ/ ပုသိမ်)**

## မြောင်းမြမြို့ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာ အဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေး သင်တန်းပို့ချ

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြောင်းမြခရိုင် ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၂၇ ရက်က မြောင်းမြမြို့၊ အခြေခံပညာကျောင်းများမှ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာ အဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေးသင်တန်း ပို့ချခဲ့ပါသည်။

သင်တန်းပို့ချရာတွင် ခရိုင်ဦးစီးမှူး ဦးတိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအကာအကွယ် ပေးရေး လုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဒုတိယခရိုင် ဦးစီးမှူး ဦးဇော်မင်းက ဌာန၏ လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းများကို လည်းကောင်း၊ ဌာနခွဲမှူး ဒေါ်ချယ်ရီမြင့်က ဘေးအန္တရာယ်ရှိသော အစားအသောက်များကို သိရှိပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ရွေးချယ်စားသောက်နိုင်ရေးကို လည်းကောင်း၊ ဌာနခွဲမှူး ဦးလှထွဋ်ဦးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါစားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ် ချက်များ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း အသီးသီးဟောပြောပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ဝင် ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လှထွဋ်ဦး(မြောင်းမြ)**



## ဇန်နဝါရီလအတွင်း ယင်းမာပင်ခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ၂၅ ကြိမ် ဆောင်ရွက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်၏ကြီးကြပ်မှုဖြင့် ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးတွင် ခရိုင်ဦးစီးမှူး ဦးသန်းပိုဦးဆောင်၍ ယင်းမာပင်ခရိုင် (ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲ၊ ကနီ) စသည့် မြို့နယ်များတွင် ဇန်နဝါရီလအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ၂၅ ကြိမ် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာ မိတ်ဖက်ဌာနများမှ မြို့နယ်တာဝန်ခံများ တွဲဖက်၍ ယင်းမာပင်မြို့နယ်ရှိ အေးကုန်း မူလွန်၊ ပျားအို အ. မ. က၊ ညောင်တန်း အ. မ. က၊ မေတ္တာကုန်း မူလွန်၊ ကျွန်းတော အ. လ. က (ခွဲ)၊ ကုန်းရွာ အ. လ. က (ခွဲ) နှင့် လည်ငေါက်ကျေးရွာတွင် ဆန်စက်/ဆီစက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆားလင်းကြီးမြို့နယ်တွင် ကုန်းကြီး အ. မ. က၊ ရှမ်းကိုင်းမူလွန်၊ တရားမူလွန်၊ ဇီးချိုင်မူလွန်၊ ငွေသာမူလွန်၊ ရေဝင်တော အ. မ. က၊ သံဘိုတောင် အ. မ. က၊ ညောင်ပင်သာမူလွန်တို့၌လည်းကောင်း၊ ပုလဲမြို့နယ်တွင်ကြူခြံ အ. မ. က၊ အေးကုန်း အ. မ. က၊ ကြိုးကြာဥ အ. မ. က၊ ကုက္ကိုကုန်း အ. မ. က၊ ဇီးရင်း အ. လ. က (ခွဲ)၊ ရွာသာ+ လိန်ကုန်း အ. လ. က(ခွဲ)၊ ရွာထင် အ. လ. က(ခွဲ)တို့၌လည်းကောင်း၊ ကနီမြို့နယ်တွင် မင်းမ မူလွန်၊ သင့်ဝင်မူလွန်၊ သမင်ခြံ အ. ထ. က(ခွဲ)တို့၌လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာသူ စားသုံးသူပြည်သူများအား ပူးပေါင်းအဖွဲ့က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ ဖွဲ့စည်းပုံ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်တာဝန်များ၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်း သိကောင်းစရာများနှင့် အန္တရာယ်ရှိ လူသုံးကုန်ပစ္စည်းများအကြောင်း၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ ဆိုးကျိုးများအကြောင်းကို အကျယ်တဝင့် ဆွေးနွေးခဲ့ပြီး ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ဈေးသည်များ၊ လေ့လာသူများ စုစုပေါင်း ၃၁၃၆ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင် ၁၉၅ စောင်နှင့် တရားဝင်တားမြစ်ထားသော ခွင့်မပြု ဆိုးဆေးပါဝင်သည့် အစားအသောက်စာရင်း ၁၃၆ စုံကို ဖြန့်ဝေပေးခဲ့ပါသည်။

**သူဇာကျော်(ပုလဲ)**

## ဆီဆိုင်မြို့ရှိ မြို့မဈေး၊ ဆိုက်ခေါင်စည်ပင်သာယာဈေးနှင့် ဟိုပုံးမြို့မဈေးများသို့ ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ တောင်ကြီးခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်တို့ရှိဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ဈေးကွက်အတွင်းရှိ Aflatoxin B1 ပါဝင်သော ငရုတ်သီးမှုန့်များ ရောင်းချခြင်း မရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်က ဆီဆိုင်မြို့နယ်မြို့မဈေးရှိ ကုန်စုံဆိုင် ၁၆ ဆိုင်နှင့် ဆိုက်ခေါင်ဈေးရှိကုန်စုံဆိုင် ၁၆ ဆိုင်တို့အား ကွင်းဆင်းစစ်ဆေးခဲ့ရာ ဘုတ် ဆုံမငရုတ်သီးမှုန့်များအား ကုမ္ပဏီသို့ပြန်အပ်ရန် ညွှန်ကြားခြင်း၊ နွယ်အရောင်တင်မှုန့် ၂၇ ထုပ်နှင့် ပစ်တိုင်းထောင်အရောင်တင်မှုန့် ၁၂၀ ထုပ်တို့အား မီးရှို့ဖျက်ဆီးရန်သိမ်းဆည်းခြင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ဟိုပုံးမြို့မဈေးရှိ ကုန်စုံဆိုင် ကိုးဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့ရာ ဘုတ်ဆုံမ ငရုတ်သီးမှုန့် ၁၅ ထုပ်အား ကုမ္ပဏီသို့ ပြန်အပ်ရန်ညွှန်ကြားခြင်း၊ Angry Bird ဆီးလုံး ၁၁ ထုပ်၊ ပစ်တိုင်းထောင် အရောင်တင်မှုန့် ၄၅ ထုပ်တို့အား သိမ်းဆည်းဖျက်ဆီးခဲ့ပြီး ဈေးကွက်အတွင်း ရောင်းချနေသော ရွှေဟင်း ပဲလုံးရှစ်ဘူးနှင့် အချဉ်ထုပ် ခြောက်ထုပ်အား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စမ်းသပ်ရန် နမူနာဝယ်ယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**အောင်ကျော်(တောင်ကြီး)**

## ရှမ်းပြည်နယ်(တောင်ပိုင်း)စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများနှင့် ကွင်းဆင်းစစ်ဆေးမှုများ ဇန်နဝါရီတတိယပတ်နှင့် စတုတ္ထပတ်အတွင်း အရှိန်မြှင့်ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်နယ်ဦးစီးမှူးဦးမြသန်း၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်( တောင်ပိုင်း)တွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးလုပ်ငန်းများနှင့် ကွင်းဆင်းစစ်ဆေးမှုများကို ဇန်နဝါရီလ တတိယပတ်နှင့်စတုတ္ထပတ်အတွင်း အရှိန်မြှင့်၍ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်နယ် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြသန်းနှင့် ကော်မတီဝင်များက တောင်ကြီးမြို့၊ မြို့မဈေးတွင် လည်းကောင်း၊ အဖွဲ့ဝင် ဦးအောင်ကျော်နှင့် ကော်မတီဝင်များက ဆီဆိုင်မြို့ မြို့မဈေးနှင့် ဆိုက်ခေါင်ဈေးတို့တွင် Aflatoxin B1 ပါဝင်သော ငရုတ်သီးမှုန့်များ ဈေးကွက်အတွင်း ရောင်းချခြင်း မရှိစေရန် ကွင်းဆင်းစစ်ဆေးပညာပေးမှုများ ပြုလုပ်ခဲ့ခြင်း၊ ဟိုပုံးမြို့၊ မြို့မဈေးတွင် အရည်အသွေး မပြည့်မီသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိကို ဦးအောင်ကျော်နှင့် ကော်မတီ အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ညောင်ရွှေ အ. ထ. က (၃)၊ ပုံဆွေပင် (မူလွန်)၊ အ. ထ. က (လုံကား)၊ အ. လ. က (ရွှေရန်ပြေ)တို့တွင် ဦးစီးမှူး ဦးသန်းတိုး ဦးဆောင်သော အဖွဲ့ကလည်းကောင်း၊ ဆီဆိုင်မြို့နယ်၊ အ. မ. က(နောင်ပစ်)၊ အ. ထ. က (ဘုရားဖြူ)၊ တောင်ကြီးမြို့နယ်၊ အ. မ. က ထီဖောင်း(တ)၊ အ. မ. က (တစ်ခေါ့မူး)တို့တွင် ဒုတိယဦးစီးမှူး ဦးခင်မောင်သန်း ဦးဆောင်သောအဖွဲ့ကလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ အ. ထ. က(ဇလဲ)နှင့် ကျေးရွာလူထုအား ရုံးအုပ် ဦးခွန်ကျော်ဌေးဦးဆောင်သောအဖွဲ့က လည်းကောင်း၊ ညောင်ရွှေမြို့ အ. ထ. က(၃)တွင် ဦးစီးမှူး ဦးစောမောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးပြီး ပညာပေးခြင်းများပြုလုပ်ခဲ့ရာ စုစုပေါင်း ၆၄၂၁ ဦးတက်ရောက်ခဲ့ကြပြီး လက်ကမ်းစာစောင် ၁၅၅၀ ဖြန့်ဝေနိုင်ခဲ့ကြောင်း သိရပါသည်။

ဟောပြောဆွေးနွေးပွဲများတွင် စားသုံးသူရေးရာဦးစီးဌာန၏ သမိုင်းကြောင်း၊ စားသုံးသူအကာ အကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ ထုတ်လုပ်သူတို့၏ တာဝန်များကို လိုက်နာရန်နှင့် တားမြစ်ချက်များကို ကျူးလွန်ပါက ကျခံရနိုင်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တိုင်ကြားမှု နည်းစနစ်များ၊ ကုန်အမှတ်တံဆိပ်များကို ရွေးချယ်ဝယ်ယူသင့်ပုံ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုတိုင်း ကုန်ဝယ်ပြေစာ တောင်းသင့်ပုံ၊ ခွင့်မပြုဆိုးဆေးနှင့်စားသုံးဆီများအကြောင်း၊ မှိုဆိပ်နှင့် ခဲဆိပ်အန္တရာယ်များအကြောင်း၊ အာဆီယံနိုင်ငံများတွင် လုပ်ဆောင်နေသော စားသုံးသူအကာအကွယ်ပေးရေး လှုပ်ရှားမှုများအကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးခဲ့ကြရာ ဈေး၊ ကျောင်းနှင့် ကျေးရွာများတွင် တာဝန်ရှိသူများအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ စာရင်းစာအုပ်နှင့် တိုင်ကြားမှုပုံစံများကိုလည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

## လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကျင်းပ

လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက်က ကယားပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမှာ ကျင်းပပြု လုပ်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ် လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစန်းဝင်း၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြို့ရီနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြို့ရီက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို သက်ဆိုင်ရာဌာနများနှင့် ဖွဲ့စည်းရတဲ့အကြောင်းရင်းများ ကိုလည်းကောင်း၊ ကော်မတီများ ဖွဲ့စည်းထားမှု အခြေအနေများကိုလည်းကောင်း၊ (၁/၂၀၁၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လှိုင်ကော်ခရိုင်အတွင်း ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပြီးနောက် အဖွဲ့ဝင်များ၏ အပြန်အလှန် ဆွေးနွေးချက်များကိုလည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ကယား)**

## ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက်က ပုသိမ်ခရိုင် အထွေအထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးစိုးဦးက ဗဟိုကော်မတီ၊ ရုံးချုပ်၊ တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တို့၏ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာသော အဖွဲ့ဝင်များက မိမိတို့ ဌာနများနှင့် တွေ့ကြုံရသော သက်ဆိုင်ရာ စားသုံးသူကာကွယ်ရေး လုပ်ငန်းများအား ဆွေးနွေးတင်ပြခဲ့ကြသည်။ ဆက်လက်၍ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက် မင်္ဂလာလမ်းရှိ ရွှေနန်းမုန့်မျိုးစုံ ရောင်းချသောဆိုင်သို့ သွားရောက်၍ FDA မှ တားမြစ်ထား သော မုန့်များ၊ အချိုရည်များ ရောင်းချခြင်း ရှိ၊ မရှိ သွားရောက်စစ်ဆေးခဲ့ပြီး၊ ဆိုင်ပိုင်ရှင်အား အဆိုပါတားမြစ်ထားသော ပစ္စည်းများအား ရောင်းချခြင်းမပြုရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များကို လိုက်နာဆောင်ရွက်၍ တားမြစ်ချက်များကို မိမိတို့အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးပါရန် ဆွေးနွေးခဲ့ရာ ဆိုင်ရှင်မှလည်း ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**မောင်ပုသိမ်**

# တရားမဝင်ကုန်သွယ်မှုအခြေအနေ

| ကျော်ဆန်းထွန်း |

*ယခင်တစ်ပတ်မှအဆက်*

ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိုကဲ့သို့ တရားမဝင် ကုန်သွယ်မှုများအား တားဆီးဆောင်ရွက်သကဲ့သို့ လုပ်ထုံးလုပ်နည်း ဖြေလျှော့ပြုပြင် ပြောင်းလဲမှုများအရ နိုင်ငံတော်၏ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ၁၇ ဘီလီယံသာရှိရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိဒေါ်လာ ၂၉ ဒသမ ၁၅ ဘီလီယံအထိ ကုန်သွယ်မှု နှစ်ဆနီးပါး တိုးတက်ရရှိခဲ့ပါသည်။ နယ်စပ်စခန်းများမှတစ်ဆင့် ကုန်သွယ်မှုပမာဏကို နှိုင်းယှဉ်လျှင်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံကျော်အထိ တိုးတက်မှု ရရှိခဲ့ကြောင်း သိရှိရပါ သည်။

ယင်းသို့ဆောင်ရွက်ရာမှ နိုင်ငံတော်သမ္မတရုံး၏ ၃၀-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၅) ဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးဗဟိုကော်မတီအား ဖျက်သိမ်းခဲ့၍ Mobile Team လုပ်ငန်းများအား ရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ၂၀၁၆ခုနှစ် (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၉၈၅ သန်းကျော်ရှိပြီး ယခင်နှစ်ကာလတူ ၂၀၁၅ ခုနှစ် (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၉၄၀ သန်းကျော်ရှိတဲ့ အတွက် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၉၅၄ သန်းကျော် လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်နေခြင်းမှာ တရားဝင်တင်သွင်းခြင်း မပြုနိုင်သော (ဥပမာ - ကန့်သတ်တားမြစ်ကုန်ပစ္စည်းများ) အား တရားမဝင် တင်သွင်းနေခြင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် ကျသင့်အခွန်များ မပေးဆောင်လိုဘဲ အခွန်တိမ်းရှောင်ခြင်း၊ တရားမဝင် အခွန်ရှောင်တင်သွင်းခြင်းဖြင့် တရားဝင် အခွန်ပေးဆောင်ပြီးမှ တင်သွင်းသော ကုန်စည်များနှင့် ဈေးကွက်တွင် မမှန် မကန် ယှဉ်ပြိုင်နိုင်လိုခြင်း၊ ဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းကန့်သတ်ချက်များအား ရှောင်လွှဲလိုခြင်းနှင့် မသမာသည့် ကုန်သည်နှင့် အကျင့်ပျက် ဝန်ထမ်းများကြောင့် မှောင်ခိုဖြစ်ပေါ်ရခြင်းတို့ကြောင့် ဖြစ်ကြောင်း ဖမ်းဆီးရမိဖြစ်စဉ်များအပေါ် အခြေခံ၍ သုံးသပ်တင်ပြသွားသည်ကို တွေ့ရှိရပါသည်။

လက်ရှိအချိန်တွင် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်ပစ္စည်း ဝင်ရောက်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ဒေသတွင်း သီးခြားအဖွဲ့များ ဖွဲ့စည်း၍ တားဆီး ဆောင်ရွက်မှုများရှိပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ပသို့ထွက်ခွာမည့် လှေများ၌ မူးယစ်ဆေးဝါး သယ်ဆောင်နေမှု တားဆီးဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ အပြင် ရှမ်း ပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် (ဝမ်တာပင်း- မိုင်းယန်း) နှင့် တာချီလိတ်ခရိုင် (မိုင်းယု) တို့တွင် ကုန်စည်စီးဆင်းမှုမြှင့်တင်ရေးနှင့် တရားဝင်တင်ပို့နိုင်ရေး ကြီးကြပ်ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန် ဦးစီး ဌာနကလည်း ကုန်သွယ်မှုလမ်းကြောင်းများတစ်လျှောက် တရားမဝင်ကုန်စည် သယ်ဆောင်မှုများ တားဆီးရေးကို ရေရှည်နှင့်ကာလတိုလုပ်ငန်းစဉ် နှစ်ရပ်ချမှတ်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်-

**(က)ရေရှည်လုပ်ငန်းစဉ်**

(၁) နိုင်ငံတကာအဆင့်မီ အကောက်ခွန်ကုန်သေတ္တာထိန်းချုပ်ရေး စနစ်ကျင့်သုံး၍ တင်သွင်း/ တင်ပို့ကုန်စည်များအား အလုံပိတ်ကုန်သေတ္တာတင်ယာဉ် (Box Truck) များ အသုံးပြုသယ်ဆောင်ခြင်းစနစ်ကျင့်သုံးရေး (Containerization) အကောင် အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် တရားမဝင် တင်သွင်း/ တင်ပို့မှုများကို ထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

(၂) Single Stop Inspection (တစ်နေရာတည်း၌ တစ်ပြိုင်နက်တည်း နှစ်နိုင်ငံ အကောက်ခွန်များ ပူးပေါင်းစစ်ဆေးသည့်စနစ်) ကို (Cross Border Transport Agreement-CBTA) နှင့် (Asean Customs Transit-ACT) လုပ်ငန်းစဉ်တွင် ပါဝင်ပြီး၊ မြန်မာ-တရုတ်၊ မြန်မာ-ထိုင်းတို့တွင် အကောင်အထည်ဖော်နိုင်ရေး နှစ်နိုင်ငံအကောက်ခွန်အဖွဲ့များ ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစတင်ဆောင်ရွက်ပါက တရားမဝင် တင်သွင်း/တင်ပို့မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

နယ်စပ် အကောက်ခွန်စစ်ဆေးရေးစခန်းများကိုလည်း စနစ်တကျ တည်ဆောက်၍ ဘတ်ဂျက်တင်ပြ တောင်းခံပြီး ဝန်ထမ်းအိမ်ရာ၊ ယာဉ်စစ်စင်၊ X – Ray စက်များထားရှိ၍ စစ်ဆေးဆောင်ရွက်နိုင်ရန် စတင်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။

**(ခ) ကာလတိုလုပ်ငန်းစဉ်**

ရေရှည်လုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်စဉ်ကာလအတွင်း ကုန်သွယ်မှုလမ်းကြောင်းများ တစ်လျှောက်တွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ တိုင်း ဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံကွပ်ကဲမှုဖြင့် လမ်းကြောင်းနှင့် ဒေသများသတ်မှတ်၍ အောက်ဖော်ပြပါ စစ်ဆေးမည့် အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်သည်-

(၁) အမြဲတမ်းစစ်ဆေးရေးစခန်းများ ထားရှိ စစ်ဆေးခြင်း၊

(၂) ရှောင်တခင် စစ်ဆေးခြင်း

(၃) စောင့်ကြည့် စစ်ဆေးဖမ်းဆီးခြင်း

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်အရေးယူနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်ဇယားဖြင့် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်နိုင်ရေးအတွက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ (Mobile Team ) အား နိုင်ငံတော်သမ္မတရုံး၏ ၃၀-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော် ငြာ စာအမှတ် (၇၉/၂၀၁၅)ဖြင့် တရားဝင် ဖျက်သိမ်းပြီးနောက်ပိုင်းတွင် အကောက်ခွန်ဦးစီးဌာနမှ လက်အောက်ခံ ပြည်နယ်/ တိုင်း/ မြို့နယ် နယ်စပ်ဝင်ပေါက် အကောက်ခွန်စခန်းများအား ရှောင်ကွင်း၍ တရားမဝင်ကုန်စည် စီးဆင်းမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် တားဆီးထိန်းချုပ်နိုင်မည့် လုပ်ငန်း စီမံချက်အား ပြုစုခဲ့ပြီး တရားမဝင် ကုန်ပစ္စည်းများ တင်သွင်း/ တင်ပို့ရန် သယ်ဆောင်မှုများကိုပြည်ထဲရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက် တားဆီးထိန်းချုပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် သမ္မတရုံးသို့ လမ်းညွှန်မှုခံယူခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးက လမ်းညွှန်ထားပြီးဖြစ်ပါသည်။

တရားမဝင် ကုန်သွယ်မှု တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများ အား ကချင်ပြည်နယ်အတွင်း နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် ကုန်စည်များအား မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာန လက်အောက်ရှိ ဗလမင်းထင်တံတားစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ဆက်လက်၍ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင် ကုန်စည်စီးဆင်းမှုများကို တားဆီးထိန်းချုပ်မည့် လုပ်ငန်းစီမံချက်အား စီစဉ်ဆောင်ရွက်လျှက် ရှိကြောင်း၊ ထပ်မံပြီး စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တရားမဝင် ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ပင်မလုပ်ငန်းတာဝန်များဖြစ်သော ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ဆောင်ရွက်ရေး၊ ကုန်သွယ်မှု စနစ်စဉ် ညှိနှိုင်းရေး၊ ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းရပ်များအား ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်ရေး စခန်းနယ်မြေများတွင် တရားမဝင် ကုန်သွယ်မှုနှင့်ပတ်သက်၍ သတင်းစုံစမ်းရယူခြင်း၊ သက်ဆိုင်ရာ ဌာနများ၊ ဒေသအုပ်ချုပ်သူအဖွဲ့အစည်းများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ခြင်းများ ညှိနှိုင်း ပေါင်း စပ်ဆောင်ရွက်ပေးလျက်ရှိသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီး ဌာနအနေဖြင့် တရားမဝင် ကုန်သွယ်မှုများ ဖော်ထုတ်တားဆီးရေးနှင့် အခွန်အကောက်များ လျော့နည်း ဆုံးရှုံးမှုများ မရှိစေရေးလုပ်ငန်းရပ်များကို ရည်မှန်းချက်တာဝန်အဖြစ် သတ်မှတ်၍ ရန်ကုန်ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး ၁၅ရုံး၊ မြို့နယ်ရုံး ၂၆ ရုံးတို့တွင် စစ်ဆေးရေးဆောင်ရွက်ခြင်း၊ နယ်စပ်ဝင်ပေါက်စခန်း ၁၃ခုနှင့် ကင်းစခန်းရှစ်ခုတို့ပါ ဖြန့်ခွဲတာဝန်ယူ၍ ကုန်ပစ္စည်းတင်ပို့၊ တင်သွင်းမှုလုပ်ငန်းများကို စစ်ဆေးခြင်း၊ One Stop Services အဖွဲ့တွင် ပါဝင်သော ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ အခွန်ကောက်ခံရရှိမှု တိုးတက်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင် ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေး ဗဟိုကော်မတီ (Mobile Team) အဖွဲ့ဖျက်သိမ်းပြီး နောက်ပိုင်းတွင် တရားမဝင်ကုန်သွယ်မှုများ ကြီးထွားလာမှုကြောင့် လွှတ်တော်တွင်း၌ပင် ဆွေးနွေး မေးမြန်းလာမှုများရှိလာကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးမှုများကြောင့် Mobile Phone များ လူတိုင်းကိုင်တွယ်သုံးစွဲနိုင်သည့် အခြေအနေအထိ ရောက်ရှိနေပြီဖြစ်ပြီး ဆက်သွယ်ရေး အော်ပရေတာသုံးခုမှ ရောင်းချပေးထားသော ဆင်းမ်ကတ်များမှာ သန်း ၅၀ကျော်ပြီဖြစ်ကြောင်း သိရှိရပါသည်။ ဖုန်းတစ်လုံးတွင် ဆင်းကတ်နှစ်ခုထည့်သုံးလျှင်ပင် Handset ၂၅သန်းခန့် လက်ရှိပြည်သူလူထု သုံးစွဲလျက်ရှိကြောင်း ခန့်မှန်းရရှိပါသည်။ သို့ရာတွင် တရားဝင်အခွန်ပေးဆောင် တင်သွင်းထားသောအရေအတွက်မှာမူ များစွာ လျော့နည်းကြောင်း သိရှိရပါသည်။

➲ ဆက်လက်ဖော်ပြပါမည်

# အိန္ဒိယပဲရက်သတ္တပတ်

ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးသည့် သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ဆောင်းရာသီစိုက်ပျိုးမှု အခြေအနေ၊ ခရစ်ရှနာပက်တနမ်နှင့် ချန်နိုင်းဆိပ်ကမ်းတို့သို့ ပဲမျိုးစုံကုန်သေတ္တာများ ဝင်ရောက်မှုအခြေအနေ၊ မွမ်ဘိုင်းဈေးကွက်တို့တွင် ရောင်းချလျက်ရှိသော ပဲမျိုးစုံဈေးနှုန်း အခြေအနေတို့ကို အဂရီဝပ်ချ် ရက်သတ္တပတ်ပဲ မျိုးစုံ အစီရင်ခံစာတွင် ဇန်နဝါရီ ၃၀ ရက်က ဖော်ပြထားပါသည်။

**ဆောင်းရာသီစိုက်ပျိုးမှုအခြေအနေ**

ယခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ဆောင်းရာသီစိုက်ပျိုးမှု အခြေအနေမှာ ဟက်တာ ၁၅၉ ဒသမ ၂၇ သိန်းရှိသည်။ သို့ဖြစ်ရာ ယခင်နှစ်ကာလတူက စိုက်ပျိုးဧရိယာဖြစ်သော ဟက်တာ ၁၄၃ ဒသမ ဝ၄ သိန်းနှင့်နှိုင်းယှဉ်ပါက ၁၁ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပုံမှန် စိုက်ပျိုးဧရိယာဖြစ်သော ဟက်တာ ၁၄၀ ဒသမ ၆၇ သိန်းနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၂၂ ရာခိုင်နှုန်း ပိုမို စိုက်ပျိုးနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဆောင်းရာသီ၌ စိုက်ပျိုးခဲ့သော ပဲများအနက် အဓိကစိုက်ပဲသီးနှံဖြစ်သော ကုလားပဲစိုက်ပျိုးဧရိယာမှာ ဟက်တာ ၉၈ ဒသမ ၈၂ သိန်းအထိရောက်ရှိခဲ့ရာ ယခင်နှစ်က စိုက်ဧရိယာထက် ၁၀ ဒသမ ၇၅ ရာခိုင်နှုန်း ပိုမိုခဲ့ပြီး ပုံမှန်စိုက်ဧရိယာဖြစ်သော ဟက်တာ ၈၈ ဒသမ ၃၇ သိန်းထက်လည်း ကျော်လွန်ခဲ့သည်ကို တွေ့ရသည်။ ရာသီဥတု အခြေအနေမှာ ကောင်းမွန်နေဆဲဖြစ်ပြီး စိုက်ပျိုးရေးအခြေအနေမှာလည်း ပြီးဆုံးသလောက်ရှိနေပါသည်။ ကုလားပဲသစ်များမှာ အမ္ဗရာဝတီဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိသည်။

တစ်နိုင်ငံလုံးခြုံကြည့်ပါကကုလားပဲ စိုက်ဧကမှာ ပိုမိုခဲ့သည်ဟုဆိုသော်လည်း အန္ဒရာပရာဒေ့ရှ်နှင့် ကာနာတာကာပြည်နယ်တို့တွင် ကုလားပဲသစ်စိုက်ပျိုး မှုမှာ ၁၅ ဒသမ ၆၅ ရာခိုင်နှုန်းနှင့် ၃၀ ဒသမ ၃၀ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်။ အဓိကစိုက်ပျိုးသော ပြည်နယ်များတွင် စိုက်ပျိုးမှု မြင့်တက်ခဲ့သည့်အတွက် ပြည်နယ်ကြီးနှစ်ခုတွင် စိုက်ဧရိယာကျဆင်းမှုကြောင့် စုစုပေါင်းစိုက်ဧရိယာ ထိခိုက်မှုမရှိသည်ကို တွေ့ရသည်။

ဆောင်းရာသီတွင် စိုက်ပျိုးခဲ့သော ပဲမျိုးစုံအနက် ပဲနီလေး စိုက်ပျိုးမှု အခြေအနေမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ စိုက်ပျိုးခဲ့သော ဟက်တာ ၁၃ ဒသမ ၆၈ သိန်းနှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၆၄ ရာခိုင်နှုန်းမြင့်တက်ပြီး ဟက်တာ ၁၆ ဒသမ ၆၄ သိန်းအထိ ရောက်ရှိခဲ့သည်။ ပဲစိမ်းလုံးစိုက်ပျိုးမှုအခြေအနေမှာ ဟက်တာ ၁၁ ဒသမ ၂၅ သိန်းရှိခဲ့ရာ ယခင်နှစ်ကာလတူက စိုက်ပျိုးမှုဧရိယာ ဟက်တာ ၉ ဒသမ ၅၈ သိန်းထက် ၁၇ ဒသမ ၄၃ ရာခိုင်နှုန်းပိုမိုခဲ့သည်။

သို့သော်လည်း မြင်းစားပဲစိုက်ပျိုးမှု အခြေအနေမှာ ယခင်နှစ်ကာလတူက စိုက်ပျိုးခဲ့သော ဧရိယာအောက် ၁၁ ဒသမ ဝ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရသည်။ ပဲတီစိမ်းကိုမူ ဇန်နဝါရီလတွင် ဆက်လက်စိုက်ပျိုးနေဆဲဖြစ်သဖြင့် ပုံမှန်စိုက်ဧရိယာကို ပြည့်မီလိမ့်မည်ဟု ခန့်မှန်းရသည်။ လက်ရှိအခြေအနေအရဆိုပါက ယခင်နှစ် ဆောင်းရာသီက စိုက်ဧရိယာထက် ၅ ဒသမ ၁၂ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ မတ်ပဲစိုက်ပျိုးမှုမှာလည်း ဟက်တာ ၇ ဒသမ ၉၄ သိန်းထိ ရောက်ရှိခဲ့သည့်အတွက် ယခင်နှစ်ကာလတူထက် ၈ ဒသမ ၆၂ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

ယခင်နှစ်တွင် မိုးရာသီထုတ်လုပ်မှု အခြေအနေ မှာလည်း တိုးတက်ကောင်းမွန်ခဲ့သည့်အပြင် ဆောင်းရာသီစိုက်ပျိုးထုတ်လုပ်မှုမှာလည်း တိုးတက်ကောင်း မွန်မည့် အလားအလာများရှိနေရာ ယခုနှစ်ဈေးနှုန်း အပေါ်တွင် အကျိုးသက်ရောက်မှုများ စတင်ရှိလာပြီဖြစ်သည်။

**ပဲမျိုးစုံတင်သွင်းမှုအခြေအနေ**

ခရစ်ရှနာပက်တနမ်နှင့် ချန်နိုင်းဆိပ်ကမ်းများသို့ ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ပဲမျိုးစုံကုန်သေတ္တာ ၄၂၃ လုံးနှင့် ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ ပဲမျိုးစုံ ကုန်သေတ္တာ ၃၆၇ လုံး ရောက်ရှိခဲ့ သည်။ နောက်ဆုံးရောက်ရှိခဲ့သော ကုန်သေတ္တာ ၃၆၇ လုံးအနက် မတ်ပဲ ကုန်သေတ္တာ ၁၆၁ လုံးရှိသည်။ ဒုတိယနှင့် တတိယအများဆုံးတင်သွင်းသော ပဲမှာ ပဲနီလေးနှင့် ကုလားပဲဖြစ်ပြီး ကုန်သေတ္တာ ၁၀၁ လုံးနှင့် ၆၁ လုံးအသီးသီးရှိကြသည်။ အခြားပဲများတွင် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲဝါ လေးစသည်တို့ ပါဝင်သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ဂျဝါဟာ လာနေရူး ဆိပ်ကမ်းသို့ရောက်ရှိသော ကုန်သေတ္တာ ၁၉၀ လုံးရှိသည်။ ဂျဝါဟာလာနေရူး ဆိပ်ကမ်းသို့ရောက်ရှိသော ပဲမျိုးစုံကုန်သေတ္တာများအနက် ကုန်သေတ္တာ ၁၀၅ လုံးမှာ ကုလားပဲများဖြစ်သည်။ ထို့ပြင် ပဲစင်းငုံနှင့် ပဲတီစိမ်းကုန်သေတ္တာ အရေအတွက်မှာ ၃၅ လုံးနှင့် ၁၅ လုံးအသီးသီးရှိသည်။

**ပဲဈေးနှုန်းအခြေအနေ**

ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော အခြေ အနေများအရ ငွေလက်ငင်းဈေးကွက်တွင် ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်မည့်အခြေအနေကို မတွေ့ရပေ။ ထို့ပြင် ဆောင်းစိုက်ပဲသစ်များဖြစ်သော ပဲနီလေး၊ ကုလားပဲ၊ ပဲစိမ်းလုံး၊ မတ်ပဲနှင့် ပဲတီစိမ်းတို့မှာလည်း ဈေးကွက်အတွင်းသို့ မကြာမီဝင်ရောက်လာတော့မည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု မြင့်တက်လာခြင်းသည် လာမည့်ရက် သတ္တပတ်များအတွင်း ဈေးနှုန်းအပေါ်တွင် အကျိုးသက်ရောက်သည့်အကြောင်း တရားတစ်ခုအဖြစ် တည်ရှိနေဦးမည်ဖြစ်သည်။ ဈေးကွက်အတွင်း အနည်းငယ်ဈေးနှုန်းမြင့်တက်မှုကလည်း ရောင်းလိုအားနှင့်ဝယ်လိုအားအပေါ် အခြေ ပြု၍ ယာယီဖြစ်ပေါ်လာသော အခြေအနေမျှသာဖြစ်သည်။ လာမည့်ကာလတိုအတွင်း ဈေးတက်လာနိုင်မည့် လက္ခဏာများကိုမူ မတွေ့ရပါ။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လအတွက် ကြိုတင်စာချုပ်ချုပ်ဆိုသည့် ကုလားပဲဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ




၇၅၀ မှ ၇၇၀ အကြားတွင်ရှိသည်။ ကြိုတင်ချုပ်ဆိုထားသော ကုလားပဲ အများစုမှာ ဩစတြေးလျမှ ရောက်ရှိလာမည့် ပဲများဖြစ်သည်။ ဈေးကွက်သတင်းရပ်ကွက်မှ သိရသော သတင်းများအရ ကုလားပဲတင်သွင်းရန် ဩစတြေးလျနှင့် ချုပ်ဆိုထားသော ကုလားပဲအရေအတွက်ပမာဏမှာ တန်ချိန် ၁၂၀၀ ဝန်းကျင်ရှိသည်။ သို့ဖြစ်ရာ ဩစတြေးလျ ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၂၀၀ မှ ၅၃၀၀ အကြားတွင်ရှိမည်ဖြစ်သည်။ သို့သော်လည်း မကြာမီပဲသစ်များ ဈေးကွက်ထဲသို့ အများအပြား ဝင်ရောက်လာတော့မည်ဖြစ်သဖြင့် ကုန်သည်တို့က နောက်ထပ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုဦးမည် မဟုတ်ပေ။ ၂၀၁၇ ခုနှစ် မတ်တွင် ကုလားပဲဈေးက ရူပီး ၅၀၀၀ နှင့် ၅၄၀၀ ကြားတွင် တည်ငြိမ်နေမည်ဟု ခန့်မှန်းထားသည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

ဇန်နဝါရီ ၁၅ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ကနေဒါနိုင်ငံက ပဲစိမ်းလုံးတန်ချိန် ၁၀၈၀၀ တန် တင်ပို့ခဲ့သည်။ သို့ဖြစ်ရာ ယခုလက်ရှိပဲရာ သီကာလအတွင်း ကနေဒါနိုင်ငံ၏ ပဲစိမ်းလုံးတင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၉၄၆ သန်းရှိပြီဟု ကနေဒါသီးနှံ ကော်မရှင်က ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ လက်ရှိရက်သတ္တပတ်အတွင်း ပဲတင်ပို့မှုကျဆင်းခဲ့သော်လည်း အားလုံးခြုံကြည့်မည်ဆိုပါက ယခင်နှစ်က တင်ပို့ခဲ့သော တန်ချိန် ၁ ဒသမ ၄၉၂ သန်းထက်မူ မြင့်တက်နေသည်။

အားလုံးခြုံကြည့်မည်ဆိုပါက ပဲမျိုးစုံဈေးများသည် တည်ငြိမ်နေမည်ဟု ခန့်မှန်းရပြီး ကျဆင်းမည်ဆိုပါက အနည်းငယ်ကျဆင်းမည့် လက္ခဏာရှိသည်။

# ပဲမျိုးစုံ တင်သွင်းမှုအပြီးသတ်မည့်လက္ခဏာ မတွေ့ရသေးသည့်အတွက် အိန္ဒိယပဲ စိုက်တောင်သူတို့ စိတ်မအေးနိုင်

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲမျိုးစုံ ထုတ်လုပ်မှုမှာ စံချိန်တင် မြင့်တက်နေဆဲဖြစ်သော်လည်း ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုမှာလည်း မြင့်တက်နေဆဲဖြစ်သည်။ ထို့ကြောင့် လောလောဆယ်တွင် ပြည်တွင်းပဲစိုက်ပျိုးသူတို့မှာ ဈေးကွက်အတွင်း၌ အစိုးရက ကြေညာထားသော အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း အောက်ရောင်းချနေရကြောင်း ကွန်မိုဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြ သည်။

ပဲမျိုးစုံတင်သွင်းမှုကို အခြေခံ၍ ပဲမျိုးစုံထုတ်လုပ်မှုကို ရပ်ဆိုင်းမထားရန် နှိုးဆော်တိုက်တွန်းမှုများရှိနေသော်လည်း လက်ရှိအခြေအနေကို ကြည့်ပါက မူလတိုက်တွန်းချက်နှင့် လုံးဝ ကွဲလွဲဆန့်ကျင်မှုရှိနေကြောင်း အများက ယူဆလျက်ရှိသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ တင်သွင်းမှုသည် ၃၀ ရာခိုင်နှုန်း ကျော်မြင့်တက်လျက်ရှိသည်။ ဖော်ပြပါကာလအတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် တန်ချိန် ၂ ဒသမ ၄၅ သန်းရှိခဲ့ရာ ယခင်နှစ်ကာလတူက တင်သွင်းခဲ့သော တန်ချိန် ၁ ဒသမ ၉ သန်းနှင့် နှိုင်းယှဉ်ပါက မြင့်တက်လျက်ရှိနေကြောင်း အိန္ဒိယ ပဲမျိုးစုံနှင့် သီးနှံ အသင်း (India Pulses and Grain Association -IPGA) မှ စာရင်းများအရ သိရသည်။

ပဲမျိုးစုံ တင်သွင်းမှုမြင့်တက်လာခြင်းက ပြည်တွင်းထုတ်လုပ်မှုကို ထိခိုက်စေပြီး ပဲတောင်သူများအတွက် ကြီးမားသော ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။ စိုက်ပျိုးထုတ်လုပ်သည့် ရပ်ဝန်းများမှ ပဲအထွက်မြင့်တက်မှုကြောင့် ပဲသိုလှောင်မှုအခြေအနေမှာ လုံလောက်သည့် အနေအထားသို့ရောက်ရှိနေပြီဖြစ်သဖြင့် ဈေးနှုန်းအပေါ်တွင် အကျိုးသက်ရောက် လျက်ရှိသည်။ သို့ဖြစ်ရာ လောလောဆယ်တွင် ပဲလက်လီရောင်းဝယ်ရေးလုပ်ငန်းများမှ ဝယ်လိုအားမှာလည်း ကျဆင်းလျက်ရှိသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ရရှိသော စာရင်းများအရ အိန္ဒိယအမျိုးသားလယ်ယာစိုက်ပျိုးရေး သမဝါယမဈေးကွက်ရှာဖွေရေး ဖက်ဒရေးရှင်း (National Agriculture Cooperative Marketing Federation of India) က ဝယ်ယူထားသော မိုးရာသီပဲ မှာ မက်ထရစ်တန် ၂၄၅၈၂၇ တန်ရှိသည်။ NAFED က ပဲများကို ဆက်လက် ဝယ်ယူဖြည့်တင်းလျက်ရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ကမ္ဘာ့မမ်မိုရီကတ် ဈေးနှုန်းများ ၂၀၂၁ ခုနှစ်အထိ နှစ်စဉ် ခုနစ် ရာခိုင်နှုန်းကျော် မြင့်တက်မည်

၂၀၂၁ ခုနှစ်အထိ ကမ္ဘာ့မမ်မိုရီကတ်ဈေးကွက်သည် ဝယ်လိုအားမြင့်မား လာမှုနှင့် ဈေးနှုန်းများမြင့်တက်လာမှု ကြောင့် နှစ်စဉ် ၇ ဒသမ ၃ ရာခိုင် နှုန်း တိုးတက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက်က ထုတ်ပြန်သော ကိန်းဂဏန်း အချက် အလက် များအရ ယွန်းဟပ် သတင်း တွင် ဖော်ပြသည်။

DRAM နှင့် NANDတို့၏ ကမ္ဘာ့ဈေးကွက်ပမာဏမှာ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၉ ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားရာ ယခင်နှစ်က ခန့်မှန်းထားသော အမေရိကန် ဒေါ်လာ ၇၇ ဒသမ ၃ ဘီလီယံနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာသည်ကို တွေ့ရကြောင်း IC Insights နှင့် အခြားသတင်းအရင်းအမြစ်များ အရ သိရသည်။

၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များ အတွင်းက မမ်မိုရီကတ်ဈေးကွက်တွင် အခရာဖြစ်ခဲ့သော DRAM ဈေးကွက်သည် ၂၀၁၅ ခုနှစ်တွင် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကမ္ဘာမမ်မိုရီကတ်ဈေးကွက်ကိုပါ ကျဆင်းစေခဲ့ကြောင်း ကိန်းဂဏန်းအချက်အလက်များအရသိရသည်။

တောင်ကိုရီးယား ကုမ္ပဏီနှစ်ခုသည် လောလောဆယ်တွင် ကမ္ဘာ့ DRAM ဈေးကွက်ကို ၇၅ ရာခိုင်နှုန်းအထိ ရယူလွှမ်းမိုးထားသည်။ NAND ဈေးကွက်တွင်လည်း ကုမ္ပဏီနှစ်ခုက ကမ္ဘာ့ ဈေးကွက်၏ ၄၇ ရာခိုင်နှုန်းကို ရယူ ထားသည်။

ဝယ်လိုအားခိုင်မာမှုနှင့် ဈေးနှုန်းမြင့်တက်မှုများကြောင့် ဆမ်ဆောင်းအီလက်ထရွန်းနစ်သည် မမ်မိုရီကတ်ဈေးကွက်မှ ၂၀၁၆ ခုနှစ် စတုတ္ထလေးလပတ်အတွင်း ဝင်ငွေ ဝမ် ၄ ဒသမ ၉၅ ထရီ လီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၄ ဘီလီယံ) ကို ရရှိခဲ့ပြီး SK Hynix က အဆိုပါကာလအတွင်း အမြတ်ငွေ ဝမ် ၁ ဒသမ ၅ ထရီ လီယံ ရရှိခဲ့သည်။

ဆမ်ဆောင်း ကုမ္ပဏီသည် ကုမ္ပဏီ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဝမ် ၁၅ ဒသမ ၆ ထရီလီယံ ရင်းနှီးမြှုပ်နှံရန် အစီအစဉ်ရှိပြီး SK Hynix ကုမ္ပဏီကလည်း ဝမ် ၂ ဒသမ ၂ ထရီလီယံ ရင်းနှီး မြှုပ်နှံကာ NAND Flash Memory ထုတ်လုပ်မှုကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဗီယက်နမ်လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက အက်ဖ်ဒီအိုင်ကို ဆွဲဆောင်နိုင်ဖို့ စီမံကိန်းချမှတ်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) ကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ကုမ္ပဏီ များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟု လက်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ငုယင်ဇွမ်ကောင်းက ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တန်ဖိုးကွင်းဆက် (Value Chain) တွင် ကုမ္ပဏီများသည် စွမ်းအားအထက်မြက်ဆုံး အချိတ်အဆက်များဖြစ်သည်ဟု ဝန်ကြီးကပြောကြောင်း ဘိဇနက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။ သို့သော်လည်း ကုမ္ပဏီများတွင်လည်း ဘဏ္ဍာရေးဆိုင်ရာ ပြဿနာများနှင့် လုံးပန်းနေရကြောင်း ဖော်ပြထားသည်။

ထို့ပြင် အစိုးရပိုင်ကုမ္ပဏီများမှာလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အက်ဖ်ဒီအိုင် ရရှိအောင် ဖန်တီးရာတွင် အလွန်အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ယူရိုချမ်းကုမ္ပဏီမှ အရာရှိတစ်ဦးကပြောသည်။

ပြည်နယ်များနှင့် မြို့ကြီးများရှိကုမ္ပဏီများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် စီမံကိန်းများရေးဆွဲလျက်ရှိကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အေဂျင်စီ (Foreign Investment Agency) က ပြောသည်။ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ ရင်းနှီးမြှုပ်နှံသူ အများအပြားကလည်း ဗီယက်နမ်နိုင်ငံတွင် ဆောင်ရွက်နေသော လယ်ယာစိုက်ပျိုးရေးစီမံကိန်းများကို လေ့လာလျက်ရှိကြောင်း အေဂျင်စီက ပြောသည်။

ဗီယက်နမ်အစိုးရက အက်ဖ်ဒီအိုင်လုပ်ငန်းများ ဆောင်ရွက်ရန် ဦးစားပေးအမျိုးအစား လေးခုခွဲထားသည်။ ဦးစားပေးအမျိုးအစားများတွင် အပင်နှင့် တိရစ္ဆာန်များ ဖွံ့ဖြိုးရေး၊ တိရစ္ဆာန်စာအတွက် တန်ဖိုးမြင့်ထုတ်လုပ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနည်းပညာအတွက် ရင်းနှီးမြှုပ်နှံမှု၊ ခေတ်သစ်နည်းပညာများကို အသုံးပြုပြီး လယ်ယာ-သစ်တော-ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် တိရစ္ဆာန်နှင့် သစ်ပင်များကို အကာအကွယ်ပေးသည့် ဆေးဝါးများ ထုတ်လုပ်ရေးစသည့်လုပ်ငန်းများ ပါဝင်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ကလည်း အရေးပါကြောင်း ဝန်ကြီးကပြောသည်။ ဗီယက်နမ် နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု အကျိုးသက်ရောက် မှုများကြောင့် ၂၀၁၆ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံအတွက် အခက်အခဲများနှင့် ပြည့်နေသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

# ထရမ့်ကြောင့်ဖြစ်ပေါ်လာမည့် အကျပ်အတည်းများကို ဖိလစ်ပိုင်နိုင်ငံ ကြံ့ကြံ့ခံနိုင်ဖွယ်ရှိ

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏မူဝါဒရေးရာများနှင့် ပတ်သက်၍ မရေရာမှုများကြောင့် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ အမေရိကန်ကုမ္ပဏီများထံမှ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရေးမှာ မရေမရာရှိနေသည်။ သို့သော်လည်း ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခင်းအကျင်းအရ ထိုအလားအလာများကို ကြံ့ကြံ့ခံနိုင်မည့် အခြေအနေရှိသည်ဟု ဖိလစ်ပိုင်ကုန်သွယ်ရေးဝန်ကြီး ရေမွန်လိုပက်က ပြောကြောင်း ဖိလစ်ပင်းစတားသတင်းတွင် ဖော်ပြသည်။



"ရင်းနှီးမြှုပ်နှံသူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြင်ပမှာ လက်ခွဲအပ်နှံတဲ့ ကုမ္ပဏီတွေဖြစ်တဲ့ Business Process Outsourcing Companies တွေနဲ့ပတ်သက်လို့ပြောရရင် ဖိလစ်ပိုင်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုအားကို ကျွန်တော်ယုံကြည်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ လူသားအရင်းအမြစ်တွေ ရှိပြီး ကုန်ကျစရိတ် သက်သာတဲ့အတွက် ဆွဲဆောင်မှုက ဆက်လက်ကောင်းမွန်နေဦးမှာ ဖြစ်ပါတယ်" ဟု လိုပက်က စတားသတင်းဌာနကို ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လုပ်ငန်းများ ချဲ့ထွင်ရန် စိတ်ဝင်စားသော အမေရိကန်ကုမ္ပဏီများရှိကြောင်း၊ သို့သော်လည်း ထရမ့်၏မူဝါဒများ ရှင်းလင်းပြတ်သားစွာ ဖြစ်ပေါ်လာမည့် အချိန်ကို စောင့်ဆိုင်းနေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်စီးပွားရေးဇုန် အာဏာပိုင်အဖွဲ့ (Philippine Economic Zone Authority) နှင့် ဖိလစ်ပိုင်နိုင်ငံရှိ အမေရိကန် ကုန်သည်ကြီးများအသင်း (Am Cham) တို့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ထရမ့်၏ မူဝါဒများကို မထုတ်ပြန်သေးသည့်အတွက် ရေတိုတွင် အမေရိကန် ကုမ္ပဏီများထံမှ ဖိလစ်ပိုင်နိုင်ငံသို့ အရင်းအနှီး ဝင်ရောက်မှုမှာ နှေးကွေးနေဦးမည်ဖြစ်ကြောင်း Am Cham မှ အကြီးတန်းအကြံပေး ဂျွန်ဖို့ဘ်ကပြောသည်။ အမေရိကန်ပြည်ထောင်စုမှ လုပ်ငန်းထူထောင်သူများ အထူးသဖြင့် BPO များမှာ လောလောဆယ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ လုပ်ငန်းချဲ့ထွင်မှုကို ဆိုင်းငံ့ထားဦးမည်ဖြစ်ကြောင်း PEZA ညွှန်ကြားရေးမှူး ချာရီတိုပလာဇာက ပြောသည်။

သို့သော်လည်း ဖိလစ်ပိုင်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်း လက်ခွဲအပ်နှံမှု လုပ်ငန်း (BPO) ၏ ဖိလစ်ပိုင်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမှာ ကျဆင်းနိုင်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဆန်းကင်မက်ကပြောသည်။ ဖိလစ်ပိုင်နိုင်ငံတွင် BPO စီးပွားရေးလုပ်ငန်းများ အောင်မြင်နေသည့်အတွက် အမေရိကန် BPO များအတွက် ဖိလစ်ပိုင်နိုင်ငံသည် ဆွဲဆောင်မှုရှိသော ဒေသအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်ကြောင်း သူက ပြောသည်။

# ရိတ်သိမ်းချိန်လွန် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် အင်ဒိုနီးရှားနိုင်ငံအသင့်ပြင်

အင်ဒိုနီးရှားနိုင်ငံသည် ဆန်၊ ပြောင်းနှင့် ပဲပုပ်တို့ကို တောင်သူလယ်သမားက ထုတ်လုပ်ရာတွင် အရည်အသွေးတိုးတက်ကောင်းမွန်အောင် ဆောင် ရွက်လျက်ရှိရာ နိုင်ငံပိုင် ထောက်ပံ့ပို့ဆောင်ရေးဘုတ်အဖွဲ့ (Bulog) က ရိတ်သိမ်းချိန်လွန် အခြေခံအဆောက်အအုံ ကောင်းမွန်ရေးကို ဆောင်ရွက်ရန် အသင့်ရှိနေကြောင်း အင်တာရာနယူးစ်သတင်းတွင် ဖော်ပြသည်။

ကျေးရွာများတွင် ရိတ်သိမ်းချိန်လွန် အခြေခံအဆောက်အအုံ အထောက်အကူများမရှိသည့်အတွက် ရိတ်သိမ်းထားသည့် သီးနှံများ၏ အရည်အသွေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် တောင်သူများမှာ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း Bulog အဖွဲ့၏ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒီဂျာရော့ကူဆူမာယက်တီကပြောသည်။ တောင်သူများအတွက် လိုအပ်နေသော အခြေခံ အဆောက်အအုံပစ္စည်းများမှာ ရိတ်သိမ်းသည့် လုပ်ငန်းသုံးပစ္စည်းများ၊ စပါးခွဲကြိတ်စက်၊ အခြောက်ခံစက်၊ ဆန်သိုလှောင်မည့် ဆိုင်ဂိုထောင်နှင့် ထုပ်ပိုးပစ္စည်း စသည်တို့ဖြစ်သည်။

"ယခုနှစ်မှာ နိုင်ငံကပါဝင်တဲ့ ငွေအရင်းအနှီး (PMN) အဖြစ် အစိုးရံမှ Bulog က အင်ဒိုနီးရှား ရူပြားနှစ်ထရီလီယံ ရရှိပါမယ်။ ဒီရရှိ ငွေကို အသုံးပြုပြီး ဆန်စပါး၊ ပြောင်းနဲ့ ပဲပုပ်တွေအတွက် ရိတ်သိမ်းချိန်လွန် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပါတယ်"ဟု ဒီဂျာရော့ကပြောသည်။ PMN ရန်ပုံငွေများအား ခေတ်မီပေါင်းစည်း ဆန်ကြိတ်ခွဲစက်များ ဆောက်လုပ်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။

ဆန်ကြိတ်ခွဲရေး အထောက်အကူပြုလုပ်ငန်းများက အခြောက်ခံနည်းပညာကို အသုံးပြုပြီး အခြောက်ခံစင်တာ ၂၂ ခု၊ ကြိတ်ခွဲစက် ၁၇ ရုံနှင့် ဆိုင်လိုသိုလှောင်ရုံ ၈၀ ကို အထောက်အကူပေးသွားမည်ဖြစ်သည်။

"ဒီအထောက်အကူ ပစ္စည်းတွေ အသုံးပြုတဲ့အတွက် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုကို လျော့နည်းစေပါတယ်။ စပါးအရည်အသွေးကို မြင့်တက်စေပါ တယ်။ ဆန်အထွက်နှုန်းကိုလည်း တိုးတက်ကောင်းမွန်စေပါတယ်" ဟု သူကပြောသည်။

ဆန်ပြုပြင်ရေး အထောက်အကူပြုစက်ရုံများကိုလည်း Bulog က တည်ဆောက်သွားမည်ဖြစ်ပြီး လိုချင်သော အရည်အသွေးကို ရရှိအောင် ထုတ်လုပ်ပေးမည်ဖြစ်ပါသည်။ စက်ရုံ၏ ထုတ်လုပ်မှု စွမ်းအားများမှာ တစ်နှစ်ကို ဆန်တန်ချိန် ၂ ဒသမ ၅ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

Bulog က အခြောက်ခံဌာန ၁၁ ခု၊ ပြောင်းဆိုင်လို သိုလှောင်ရုံ ၆၄ ရုံ ဆောက်လုပ်မည်ဖြစ်ရာ စုစုပေါင်းပမာဏမှာ ၁ ဒသမ ၉၂ သိန်းဖြစ်သည်။ ထို့ပြင် ပဲပုပ်သိုလှောင်ရုံ ၁၃ ရုံတည်ဆောက်မည်ဖြစ်ရာ သိုလှောင်နိုင်မှုစွမ်းအားမှာ တန်ချိန် လေးသောင်းခွဲရှိမည်ဖြစ်သည်။ လယ်သမားများထံမှ ဆန်စပါးနှင့် ပြောင်းများမှာ အရည်အသွေးညံ့သည့်အတွက် Bulog က ဝယ်ယူရန် လက်တွန့်နေသည်ဟူသောသတင်းများကို ဒီဂျာရော့က ငြင်းဆိုသည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ထွန်းသစ်စ အာရှငွေကြေး အများစု၏တန်ဖိုးများကို ရက်သတ္တပတ်အလိုက်နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဖေဖော်ဝါရီ ၃ ရက်နေ့တွင် မြင့်တက်လာသည်ကို တွေ့ရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ငွေကြေးဆိုင်ရာမူဝါဒများထက် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒများကို ပိုမို အလေးထား ဆောင်ရွက်မည်ကို စိုးရိမ်မှုများကြောင့် အမေရိကန်ဒေါ်လာ တန်ဖိုး ကျဆင်းခဲ့ရသည်။

အမေရိကန် ပြည်ထောင်စု၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်သော ဂျာမနီ၊ ဂျပန်နှင့်တရုတ်နိုင်ငံတို့သည် အမေရိကန်ပြည်ထောင်စုကို အသာစီးရယူနိုင်ရန်အတွက် ငွေကြေးတန်ဖိုးကို ချထားကြောင်း ထရမ့်နှင့် ကုန်သွယ်ရေး အကြံပေးပီတာနာဗာရိုတို့က ဝေဖန်ပြောကြားပြီးနောက် ဒေါ်လာတန်ဖိုးအပေါ်တွင် ဖိအားပေးမှုများရှိခဲ့သည်။

အမေရိကန် ပြည်ထောင်စုက နောက်တစ်ကြိမ် အတိုးနှုန်းမြှင့်တင်ရာတွင် ထည့်သွင်းစဉ်းစားသည့် အချက်တစ်ချက်ဖြစ်သော အမေရိကန်အလုပ်အကိုင်ရရှိမှု ကိန်းဂဏန်းများထုတ်ပြန်မည်ကို ရင်းနှီးမြှုပ်နှံသူတို့က လေ့လာစောင့်ကြည့်နေဆဲဖြစ်သည်။ ထို့ကြောင့် အခြားငွေကြေးများနှင့်ဖလှယ်ရာတွင် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ပါက ဒေါ်လာတန်ဖိုးကျဆင်းလျက်ရှိသည်။

**တရုတ်ယွမ်**

တရုတ်နှစ်သစ်ကူးပွဲတော်အဖြစ် ငါးရက်ကြာဈေးပိတ်ထားပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၃ရက်က ဈေးပြန်လည်ဖွင့်ချိန်တွင် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၃ ရက်နံနက်ပိုင်းက ရှန်ဟဲဈေးကွက်တွင် Onshore ယွမ်ငွေတန်ဖိုးသည် သုည ဒသမ ၁၇ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၆၅၃ ယွမ်နှုန်းရှိခဲ့သည်။

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို အားလပ်ရက်မတိုင်မီက သတ်မှတ်ခဲ့သောနှုန်းထက် သုည ဒသမ ၃၂ ရာခိုင်နှုန်း မြှင့်တင်ပြီး ဖေဖော်ဝါရီ ၃ ရက်မှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၈၈၆ ယွမ်နှုန်းသတ်မှတ်ခဲ့သည်။

ဟောင်ကောင်တွင် ရောင်းဝယ်လျက်ရှိသော Offshore ယွမ်၏တန်ဖိုးမှာ ဖေဖော်ဝါရီ ၃ ရက်က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၁၈၉ ယွမ်နှုန်းရှိခဲ့ရာ သုည ဒသမ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ငါးရက်အတွင်း ဒုတိယအကြိမ်မြောက် ကျဆင်းခြင်းဖြစ်သည်။

**အိန္ဒိယရူပီး**

အိန္ဒိယနိုင်ငံအတွင်းရှိ နိုင်ငံခြားငွေကြေးများစီးဝင်မှု မြင့်တက်ခြင်းနှင့် ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာကို ပြန်လည်ရောင်းချမှုမြင့်မားလာသည့်အတွက် ဖေဖော်ဝါရီ ၃ ရက်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးငွေကြေးတန်ဖိုးက သုည ဒသမ ၀၄ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ၃၃ ရူပီးနှုန်းရှိခဲ့သည်။ ရူပီးတန်ဖိုးက ရှစ်ရက်မြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်လာခြင်းဖြစ်သည်။

ပြည်ပတွင် အခြားငွေကြေးများနှင့်ဖလှယ်ရာ၌ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းမှုနှင့် ပြည်တွင်းဈေးကွက်တွင် အိန္ဒိယရှယ်ယာဈေးများ မြင့်တက်မှုက ရူပီးငွေကြေးတန်ဖိုးမြင့်တက်ဖို့ အထောက်အကူ ဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတို့ကပြောသည်။

**ဂျပန်ယန်း**

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် အမေရိကန်ဒေါ်လာတန်ဖိုးက တိုကျိုဈေးကွက်တွင် တစ်ဒေါ်လာကို ၁၁၂ ဒသမ ၅ယန်းအထက်တွင်ရှိခဲ့သည်။

ဒေါ်လာနှင့် ယန်းငွေ ဖလှယ်နှုန်းမှာ နယူးယောက်ဈေးကွက်တွင် ဖေဖော်ဝါရီ ၂ ရက် ညနေ ၅ နာရီက အမေရိကန် တစ်ဒေါ်လာကို ၁၁၂ ဒသမ ၇၆ ယန်းနှင့် တိုကျိုဈေးကွက်တွင် ၁၁၂ ဒသမ ၈၄ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉နာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၂ ဒသမ ၇၈ ယန်းနှုန်းရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ ဖေဖော်ဝါရီ ၂ ရက်ညနေပိုင်းက နယူးယောက်ဈေးကွက်တွင် တစ်ယူရိုကို ၁ ဒသမ ၀၇၅၄ ဒေါ်လာနှင့် ၁၂၁ ဒသမ ၃၆ ယန်းနှုန်းဖြင့် လည်းကောင်း၊ တိုကျိုဈေးကွက်တွင် တစ်ယူရိုကို ၁ ဒသမ ၀၇၉၂ ဒေါ်လာနှင့် ၁၂၁ ဒသမ ၇၈ ယန်းနှုန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက်တွင် တစ်ယူရိုကို ၁ ဒသမ ၀၇၆၂ ဒေါ်လာနှင့် ၁၂၁ ဒသမ ၃၆ ယန်းနှုန်းရှိခဲ့သည်။

**ကိုရီးယားဝမ်**

အမေရိကန်သမ္မတထရမ့်၏မူဝါဒများကြောင့် ဖြစ်ရသော ဈေးကွက်မရေရာမှုများကို အကြောင်းပြုပြီး ရင်းနှီးမြှုပ်နှံသူတို့က လေ့လာအကဲခတ်နေကြသည့်အတွက် ဖေဖော်ဝါရီ ၃ ရက်တွင် တောင်ကိုရီးယားစတော့ရှယ်ယာများ မြင့်တက်ခဲ့သည်။ အလားတူ တောင်ကိုရီးယားဝမ် တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် မြင့်တက်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင်မူ ယခင်နေ့က ဖလှယ်နှုန်းအောက် သုည ဒသမ ၈ ဝမ်နှုန်းကျဆင်းပြီး အမေရိကန်တစ် ဒေါ်လာကို ၁၁၄၇ ဒသမ ၆၀ ဝမ်နှုန်း ရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

မလေးရှားရင်းဂစ်ကို ထပ်မံဝယ်ယူရန် စိတ်ဝင်စားသူ မရှိတော့သည့်အတွက် ဖေဖော်ဝါရီ ၃ ရက် ဈေးဖွင့်ချိန်တွင် ရင်းဂစ်တန်ဖိုးက အတက်အကျမရှိ တန့်နေကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောသည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းသည် ဖေဖော်ဝါရီ ၂ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၂၂၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၁၂ မိနစ်တွင်လည်း ထိုနှုန်းအတိုင်း အတက်အကျမရှိတန့်နေသည်။ သို့သော်လည်း အခြားအဓိကငွေကြေးများနှင့် ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

**ထိုင်းဘတ်**

အမေရိကန်သမ္မတ ထရမ့်၏ စီးပွားရေး မူဝါဒများအပေါ် စိုးရိမ်မှုကြောင့် ဖေဖော်ဝါရီ ၃ ရက်တွင် အာရှ ငွေကြေးများ မြင့်တက်ခဲ့သော်လည်း ထိုင်းဘတ်ငွေကြေးမှာမူ ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယခင်နေ့ကနှုန်းနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၀၇ ရာခိုင် နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၀၉ ဘတ်နှုန်းရှိခဲ့သည်။

## လှည့်လည်ငွေကြေး မြှင့်တင်ရေး မူဝါဒကို ဆက်လက် ထိန်းသိမ်းထားရန် တောင်ကိုရီးယား ဗဟိုဘဏ်ကတိပြု

ပြည်တွင်းပြည်ပတွင် ဖြစ်ပေါ်နေသော မရေရာမှုများကြောင့် လက်ရှိကျင့်သုံးနေသော လှည့်လည်ငွေကြေး မြှင့်တင်ရေးမူဝါဒကို ဆက်လက်ထိန်းထားမည်ဟု တောင်ကိုရီးယား ဗဟိုဘဏ်က ဇန်နဝါရီ ၃၁ ရက်တွင် ကတိပြုထားကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကို တိုးမြှင့်ပေးရန် ရည်ရွယ်လျက်တောင်ကိုရီးယား ဗဟိုဘဏ်သည် ၂၀၁၆ ခုနှစ် ဇွန်မှစ၍ ဗဟိုဘဏ်အတိုးနှုန်းကို ရုတ်တရက် တိုးမြှင့်ပေးခဲ့သည်။ ထိုအချိန်က ပြောင်းလဲသတ်မှတ်ခဲ့သော စံချိန်တင်နိမ့်ကျသည့် အတိုးနှုန်းကို တောင်ကိုရီးယားဗဟိုဘဏ်က အပြောင်းအလဲမရှိ ဆက်လက်ထိန်းသိမ်းလာခဲ့သည်။ ဗဟိုဘဏ် ငွေကြေးမူဝါဒကို ချမှတ်ရာတွင် ဘဏ္ဍာရေးတည်ငြိမ်မှုကို အလေးပေး၍ ချမှတ်ကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်က ပြောသည်။

ဘဏ္ဍာရေးကဏ္ဍတွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုများ၊ ကမ္ဘာ့တစ်ဝန်းတွင် ကိုယ်ကျိုးစီးပွား ကာကွယ်မှု ပြန့်ပွားလာခြင်းနှင့် အမေရိကန် အတိုးနှုန်းမြှင့်တင်ရာမှ ဖြစ်ပေါ်လာသည့် စီးပွားရေးအခြေအနေများကို အနီးကပ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ပြောသည်။

အမေရိကန် ဗဟိုဘဏ်သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာက ဗဟိုဘဏ် အတိုးနှုန်းကို သုညဒသမ ၂၅ ရာခိုင်နှုန်း မြှင့်တင်ပြီး သုညဒသမ ၅ ရာခိုင်နှုန်း နှင့် သုညဒသမ ၇၅ ရာခိုင်နှုန်းအကြား သတ်မှတ်ပေးခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်လည်း သုံးကြိမ်တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။

## ဂျပန်ယန်းငွေ တန်ဖိုးချထားသည်ဟု ထရမ့်၏ စွပ်စွဲချက်ကို အာဘေးတုံ့ပြန်

ဂျပန်နိုင်ငံ၏ ပို့ကုန်များကို ယှဉ်ပြိုင်နိုင်မှု မြင့်တက်စေရန်အတွက် လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း ဂျပန်နိုင်ငံက ယန်းငွေတန်ဖိုးကို လျှော့ချထားခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စွပ်စွဲပြောကြားထားသည်။ ကြောင်းကျိုးညီညွတ်မှု မရှိသော ထရမ့်၏ စွပ်စွဲချက်ကို လာမည့်ထိပ်သီးဆွေးနွေးပွဲများတွင် ပြန်လည်ချေပရန် အသင့်ရှိသည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားကြောင်း မိုင်နိချိသတင်းတွင် ဖော်ပြသည်။

"ကျွန်တော်တို့က လိုအပ်သလို ပြန်လည်ချေပသွားမှာဖြစ်ပါတယ်" ဟု ဖေဖော်ဝါရီ ၁ ရက်ကကျင်းပသည့် အောက်လွှတ်တော်ဘတ်ဂျက်ကော်မတီ အစည်းအဝေးတွင် အာဘေးက ပြောသည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲတွင် ငွေကြေးဖလှယ်နှုန်း ကိစ္စက အဓိကအကြောင်းအရာတစ်ခုဖြစ်လာနိုင်သည်။

"လွန်ခဲ့တဲ့နှစ်တွေမှာ ဂျပန်နိုင်ငံက ဘာတွေလုပ်ခဲ့သလဲဆိုတာ ပြန်ကြည့်ပါ။ သူတို့က ငွေကြေးဈေးကွက်ကို ကစားခဲ့တယ်။ ငွေကြေးတန်ဖိုးကို ဈေးကစားခဲ့တယ်"ဟု ထရမ့်က ဇန်နဝါရီ ၃၁ ရက်က ပြောကြားခဲ့သည်။

ဂျပန်-အမေရိကန် မော်တော်ကား ရောင်းချမှုကို တရားမျှတမှုမရှိကြောင်း ထရမ့်က ပြောကြားခဲ့ပြီး နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုရန် ဂျပန်အစိုးရက ထရမ့်ကို တောင်းဆိုခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းလာသော မော်တော်ကားများအတွက် ဂျပန်နိုင်ငံ၏ သွင်းကုန်ခွန်မှာ သုညရာခိုင်နှုန်း ဖြစ်သည်။ ထို့ကြောင့် မော်တော်ကား ရောင်းဝယ်ရေးတွင် ဂျပန်နိုင်ငံအား တိုက်ခိုက်ရန် အမေရိကန်နိုင်ငံက အကြောင်းရှာမရဖြစ်သည့်အတွက် အမေရိကန်မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းက ဂျပန်နိုင်ငံ၏ ငွေကြေးဖလှယ်မှု နှုန်းထားကို ကုန်သွယ်မှု အတားအဆီးအဖြစ် ဆောင်ရွက်ထားကြောင်း စွပ်စွဲခဲ့သည်။

အမေရိကန်နိုင်ငံသို့ ဂျပန်ကားများ ပိုမိုတင်ပို့နိုင်ရန်အတွက် ဂျပန်နိုင်ငံက ယန်းငွေတန်ဖိုးကို တမင်နှိမ့်ချထားကြောင်း အမေရိကန်မော်တော်ကား ထုတ်လုပ်ရေး လုပ်ငန်းက အကြိမ်ကြိမ် ပြစ်တင်ပြောကြားခဲ့သည်။

ဥာဏ်တင်-စုစည်းတင်ပြသည်

# မြတ်မိဘ

## Myat Mi Ba (Steel) Construction Group Co., Ltd.



- High / Low rise Buildings
- High Tech Factory / Buildings
- Industrial Factory
- Steel Structure Bridges
- Production & Installation of Roofing Materials
- Wind Towers
- Pipe Engineering Works
- Turn Key projects
- General Trading
- Tank & Pressure Vessels



**Head Office** No.(111), Yangon-Insein Main Road, Ward (9), Hlaing Township, Yangon, Myanmar.
Tel: +95-1-2305385, +95-1-516212, +95-1-682710, +95-1-706883, +95-1-592299 Fax: + 95-1-2605386

**Factory** No.(198), Thamardi Street, 1st Lane, Industrial Zone (1), Dagon Seikkan Township, Yangon.
HP: +95-9-2005324, +95-9-5184769, +95-9-5002080, +95-9-5120687 Tel: +95-1-592301, +95-1-592302

Email : steelstructure.dsk@myatmiba.com Website www.myatmiba.com

# A & Z GROUP

- Machinery & Earth Moving Equipment Rental
- Earth Excavation
- Land Preparation
- စက်ယန္တရားငှားရမ်းခြင်းနှင့် သယ်ယူခြင်း
- မြေကြီးတူးဖော်သယ်ယူပို့ဆောင်ရေးလုပ်ငန်း







အမှတ်(၁၆/၄)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၅၆/A)၊ (၅၆/B)၊ မြစေတ္တာလမ်းနှင့်မြဇွာညိုလမ်းထောင့်၊ မြစိမ်းရောင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၅၀၀၀၇၂၃၊ ၀၉ - ၅၀၇၇၇၂၃၊ ၀၉ - ၅၁၈၁၁၁၅၊ ၀၉ - ၈၆၂၇၇၂၃

## မြဝတီဘဏ်လီမိတက်
## MYAWADDY BANK LIMITED



စိတ်ချရတာ
မြဝတီဘဏ်

### လက်ဆောင်ပေးချက်လက်မှတ် (Gift Cheque)

- လူမှုရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဂုဏ်ပြုလက်ဆောင်များနှင့်ချစ်ခင်ရင်းနှီးမှုဖြင့်ချီးမြှောက်သည့် အမှတ်တရလက်ဆောင်များအတွက် ဂုဏ်ယူတန်ဖိုးထားမှုကို ဖော်ထုတ်ပြသနိုင်ရန် မြဝတီဘဏ်၏ Birthday Gift Cheque, Wedding Gift Cheque,Honour Gift Cheque တို့ကို ဝယ်ယူအသုံးပြုနိုင်ပါကြောင်း. . .
- Gift Cheque တစ်စောင်လျှင် ဝန်ဆောင်ခကျပ် ၅၀၀/- ဖြင့် အနည်းဆုံး ငွေပမာဏကျပ် ၅၀၀၀ မှ ကျပ် သိန်း ၅၀ အထိ ဝယ်ယူ အသုံးပြုနိုင်ပါကြောင်း. . .
- မြဝတီဘဏ် Gift Cheque ဖြင့် မည်သည့် မြဝတီဘဏ်ခွဲများတွင်မဆို ဝန်ဆောင်ခပေးရန်မလိုဘဲ လွယ်ကူလျင်မြန်စွာ ငွေထုတ်ယူနိုင်ပါကြောင်း. . .
- မြဝတီဘဏ်၏ Gift Cheque ဖြင့် Savings Account၊ Current Account နှင့် Card Account ဖွင့်လှစ်ဆောင်ရွက်နိုင်ပြီး Gift Cheque အား ငွေသား ထုတ်ယူခြင်းမပြုလိုပါက Transfer ဖြင့် မိမိတို့၏မြဝတီဘဏ် စာရင်းထဲသို့ ထည့်နိုင်ပါကြောင်း မိဘပြည်သူများကို သတင်းကောင်းပါးအပ်ပါသည်။

### ငွေပေးအမိန့်လွှာ (Payment Order)

အကောက်ခွန်ဦးစီးဌာနနှင့် အခြားအစိုးရအဖွဲ့အစည်းများသို့ အကောက်ခွန်များ၊ တင်ဒါများအာမခံနှင့်ပစ္စည်းဖိုးများ ပေးသွင်းရန်အတွက်ဘဏ်မှ ငွေပေးအမိန့်လွှာဖြင့် ငွေပေးချေနိုင်ပါသည်။

ကော်မရှင်ခ ကျပ် ၁၀၀ိ/-လျှင် ၁၀ပြားနှုန်း
အနည်းဆုံး ကျပ် ၁၀ိ/- အများဆုံးကျပ် ၃၀၀၀ိ/-

### ဘဏ်အာမခံချက်လက်မှတ် (Certified Cheque)

Cheque လက်မှတ်များဖြင့် ငွေပေးချေရာတွင် ယုံကြည်စိတ်ချစွာပေးချေနိုင်ရန် ဘဏ်အာမခံချက်လက်မှတ်ဖြင့် ငွေပေးချေနိုင်ပါသည်။

ကော်မရှင်ခ ကျပ် ၁၀ိ/- လျှင်၅ ပြားနှုန်း
အနည်းဆုံး ကျပ် ၁၀၀ိ/- အများဆုံး ကျပ် ၅၀၀ိ/-

မြဝတီဘဏ်(ရုံးချုပ်) - အမှတ်-၁၅၁၊
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်
ဝါးတန်းလမ်းထောင့်၊လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။
Phone No: (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email :mwdbankygn@mptmail.net.mm

မြဝတီဘဏ်(နေပြည်တော်) - အကွက်(ဘီ/၁)
မြတ်ဝန်းသဇင်လမ်း၊ သီရိရတနာ
အဆင့်မြင့်ဈေးအနီး၊တိုက်တယ်ဇုန်၊
နေပြည်တော်။
Phone No: (067) 421441, 421581, 421582,
Fax : (067) 421442, 421443
Email : mwdbanknpt@gmail.com



Perfect Way

# Perfect Way
## Trading Co.,Ltd



- IMPORT
- EXPORT
- FORWARDING
- CONSULTING
- CUSTOMS CLEARANCE

Adress : No.(50),First Floor,39th Street,Kyauktada Township,Yangon,Myanmar.
Phone : +95 9 421025126,01 245445.
E-mail : perfectwayny@gmail.com.



# မောင်းသူမဲ့ကား ရှေ့ပြေးပုံစံများတွင် လူသားအကူအညီ အနည်းငယ်သာလိုအပ်

မောင်းသူမဲ့မော်တော်ကား ရှေ့ပြေးပုံစံများကို ကယ်လီဖိုးနီးယားလမ်းများနှင့် အဝေးပြေးလမ်းမများပေါ်တွင် လူ့ အကူအညီမပါဘဲ စမ်းသပ်မောင်းနှင်ရာတွင် အခြေအနေ တိုးတက်ကောင်းမွန်သည်ဟု ကယ်လီဖိုးနီးယားသယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် အများပြည်သူသို့ ထုတ်ပြန်ချက်အရ သိရကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ယခုထုတ်ပြန်ချက်သည် အများပြည်သူလမ်းမများပေါ်တွင် မော်တော်ကား ၁၀၀ ကျော်ကို စမ်းသပ်မောင်းနှင်ပြီး ကုမ္ပဏီ ၁၁ ခုကထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများနှင့်လည်း ကိုက်ညီမှုရှိသည်ကိုတွေ့ရသည်။ ကုမ္ပဏီ ၁၁ ခု၏ စမ်းသပ်မောင်းနှင်မှုမှာ နည်းပညာဖွံ့ဖြိုးတိုးတက်ရာနေရာဖြစ်သော စီလီကွန်ဗဲလီးဝန်းကျင်ဒေသများတွင် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ စမ်းသပ်မှုရလဒ် အစီရင်ခံစာများကို ကယ်လီဖိုးနီးယားပြည်နယ် မော်တော်ယာဉ်ဌာနသို့ ပေးပို့ခဲ့ပြီး အဆိုပါဌာနက အွန်လိုင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီများ၏ စမ်းသပ်မှုများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာအထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကမူ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် လူများက ကားပေါ်တွင် ပါရှိသော ကွန်ပျူတာဆော့ဖ်ဝဲများဖြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဂူးဂဲလ်၏ မောင်းသူမဲ့မော်တော်ကား စီမံကိန်းအဖြစ် မကြာမီဆောင်ရွက်ခဲ့သော Waymo အစီအစဉ်က အခြားသော ကုမ္ပဏီ ၁၀ ခုထက် စမ်းသပ်မှုများကို ပိုမိုဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိ ထားသည်။

ဂူးဂဲလ်စမ်းသပ်မှုက မိုင်ပေါင်း ၆၃၅၀၀၀ ရှိပြီး ထိုခရီးစဉ်တွင် နည်းပညာအရ အခက်အခဲ တစ်စုံတစ်ရာ ချွတ်ယွင်းမှု သို့မဟုတ် ကားလည်ပတ်မှုစနစ် ရပ်ဆိုင်းသဖြင့် လိုက်ပါလာသော ယာဉ်မောင်းက ဝင်ရောက်ထိန်းသိမ်းရသော အကြိမ် ၁၂၄ ကြိမ်ရှိခဲ့သည်။ ဂူးဂဲလ်စမ်းသပ်ချက်တွင် တွေ့ရသော ချို့ယွင်းမှုမှာ မိုင်ပေါင်းတစ်သောင်းတွင်နှစ်ကြိမ်နှုန်းလောက်သာ ရှိသဖြင့် ယခင်နှစ်က စမ်းသပ်ချက်ရလဒ်ဖြစ်သော မိုင်တစ်သောင်းတွင် ရှစ်ကြိမ်နှုန်းအောက်များစွာ ကျဆင်းခဲ့သည်ကို တွေ့ရသည်။

Waymo မှ လေ့လာဆန်းစစ်ရေးမှူးက ဤအခြေအနေကို တိုးတက်မှုအဖြစ်အသိအမှတ်ပြုခဲ့သည်။ သို့သော်လည်း အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Consumer Watchdog အဖွဲ့မှ ဂျွန်ဆင်ပဆင်ကမူ ဤနှုန်းမှာ လမ်းမများပေါ်တွင် လက်တွေ့သွားလာနိုင်ရန် အသင့်မဖြစ်သေးကြောင်း ဝေဖန်ပြောကြားခဲ့သည်။

ဘဏ်တင်-စုစည်းတင်ပြသည်

# မလေးရှားနိုင်ငံတွင် ရော်ဘာခင်း မော်တော်ကားလမ်းများ ဖောက်လုပ်မည်

မလေးရှားနိုင်ငံ၏ ရော်ဘာဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပြီး တိုင်းပြည်စီးပွားရေးတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။ တွေ့ကြုံနေရသော အခက်အခဲများ လျော့ပါးသက်သာစေရန်အတွက် အစိုးရက မလေးရှားနိုင်ငံအတွင်းတွင် ရော်ဘာကို ခင်းထားသော မော်တော်ကားလမ်းများ ဖောက်လုပ်ရေးစီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း Speedlux သတင်းတွင် ဖော်ပြသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းရော်ဘာထုတ်လုပ်သူများကို ကယ်တင်နိုင်ရုံသာမက နိုင်ငံအတွင်းရှိ မော်တော်ကားမောင်းနှင်သူများအတွက် ပိုမိုကောင်းမွန်သော အဝေးပြေးလမ်းမကြီးများကို အသုံးပြုခွင့်ရရှိမည် ဖြစ်သည်။

ရော်ဘာရောင်းချရာတွင် ဈေးကောင်းရစေရန်နှင့် ရော်ဘာနှင့် စားအုန်းဆီဝယ်လိုအားကို ထိန်းထားနိုင်အောင်ဆောင်ရွက်ကြရန် ဝန်ကြီးချုပ်ဒါတိုဆယ်ရီမာဆူးကောင်းက အမိန့်များ ထုတ်ပြန်ထားကြောင်း နယူးစထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြသည်။ ခြံစိုက်ပျိုးရေးနှင့် ကုန်စည်ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဤလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်ဟု ဝန်ကြီးချုပ်က ခန့်မှန်းထားသည်။

နိုင်ငံအတွင်း၌ရှိသော အသေးစား ရော်ဘာထုတ်လုပ်သူများထံမှ ရော်ဘာကုန်ကြမ်းများကို တိုက်ရိုက်ဝယ်ယူနိုင်ရန်အတွက် အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ စုဆောင်းရရှိထားသော ကိန်းဂဏန်း အချက်အလက်များအရ မလေးရှားနိုင်ငံတွင် အသေးစား ရော်ဘာထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၄၁၀၀၀၀ နီးပါးရှိသည်။ ဤနည်းအတိုင်း ဆောင်ရွက်မည်ဆိုပါက ရော်ဘာဝယ်လိုအားသည် ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

သို့သော်လည်း ရော်ဘာကို လမ်းခင်းရာ၌ အသုံးပြုနိုင်ရန် အတွက် ရှေးဦးစွာ နိုင်လွန်ကတ္တရာနှင့် ရောစပ်ရန်လိုအပ်သည်။ ထို့ကြောင့် လက်တွေ့အကောင်အထည် ဖော်နိုင်ရန်အတွက် အချိန်ယူရဦးမည်ဖြစ်သည်။ ထို့အပြင် မည်သည့်လမ်းကို ရော်ဘာခင်းသင့်သည်ကို အစိုးရက အတိအကျစဉ်းစားဆုံးဖြတ်ရန်လည်း လိုအပ်သည်။ ပထမဆုံး ရည်မှန်းချက်အဖြစ် အဓိက အဝေးပြေးလမ်းမကြီးများနှင့် မြို့ငယ်ကလေးများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းရော်ဘာစိုက်ပျိုးထုတ်လုပ်သူများကို အကျိုးဖြစ်ထွန်းမှု ရှိစေနိုင်သော်လည်း အားနည်းချက်များလည်း ရှိနေသည်။ ရော်ဘာသုံး နိုင်လွန်ကတ္တရာသည် သမားရိုးကျ နိုင်လွန်ကတ္တရာထက် ကုန်ကျစရိတ် ၁၆ ရာခိုင်နှုန်း ပိုမိုသည်။ မည်သို့ပင်ဖြစ်စေ ရော်ဘာသုံး နိုင်လွန်ကတ္တရာက ပိုမိုတာရှည်ခံပြီး ပြုပြင်ထိန်းသိမ်းခလည်း သက်သာနိုင်သည်။

